မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၁၀၀)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီ ၈ ရက်၊ ဗုဒ္ဓဟူးနေ့။

**ပြည်သူ့စွမ်းအားဖြင့်
နိုင်ငံတော်ကို
တည်ဆောက်အံ့**

ပညာရေးအသုံးစရိတ် တိုးမြှင့်သုံးစွဲ၊ အလယ်တန်းကိုလည်း လာမည့်ပညာသင်နှစ် အခမဲ့ပညာသင်ကြားခွင့် ပေးသွားနိုင်ရေးဆောင်ရွက်သွားမည်

နေပြည်တော် ဇန်နဝါရီ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင်(၁/၂၀၁၄) အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယင်းအစည်းအဝေးသို့ ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဒုတိယသမ္မတ ဦးညဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်**(အပေါ်ပုံ)**က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင်(၁/၂၀၁၄) ကြိမ်မြောက်အစည်းအဝေးတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏

စာမျက်နှာ ၈ ကော်လံ ၁ ❖

ပြည်ထောင်စုအဆင့် ဌာနအဖွဲ့အစည်းအားလုံး၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းအားလုံး ခွဲဝေရရှိမည့် ပြည်သူ့ဘဏ္ဍာငွေများကို နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အကျိုးအရှိဆုံးနှင့် အထိရောက်ဆုံး သုံးစွဲမှုဖြစ်စေရန် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ စီမံဆောင်ရွက်။

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၌ တိုင်းရင်းသားလုပ်ငန်းရှင်များ ပိုမိုရင်းနှီးမြှုပ်နှံ

သတင်း-ဝေယံဦး
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၇

နိုင်ငံတကာမှ ကမ္ဘာလှည့်ခရီးသွားများက မြန်မာနိုင်ငံသို့ အလည်အပတ်ခရီး လာရောက်မှု များပြားလာသဖြင့် ပြည်တွင်းမှ တိုင်းရင်းသားလုပ်ငန်းရှင်များက ဟိုတယ်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ပြုလုပ်လာလျက်ရှိသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ကာလအတွင်း လက်ရှိအချိန်၌ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းအတွက် ငွေကျပ် ၂၅၇ ဘီလီယံ ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိရာ တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် ခရီးသွားလုပ်ငန်း၌ အရှိန်အဟုန်ဖြင့် တိုးမြှင့်လုပ်ကိုင်လာခြင်းပင်ဖြစ်သည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနကလည်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဟိုတယ် စီမံကိန်းအသစ်များ တိုးချဲ့ခွင့်ပြုလုပ်ကိုင်စေလျက်ရှိသည်။ ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီများနှင့်အပြိုင် ပြည်တွင်းခရီးသွားလုပ်ငန်း တိုးတက်ဖွံ့ဖြိုးလာစေရန်အတွက် ခရီးစဉ်အသစ်များဖော်ဆောင်ရန်လည်း တိုက်တွန်းအားပေးလျက်ရှိသည်။

ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် မြန်မာနိုင်ငံအတွင်း ခရီးသွားဧည့်သည်များ ဝင်ထွက်သွားလာတည်းခိုမှုများပြားသည့် နေရာဒေသများ၌ ဟိုတယ်ဇုန် ၁၁ ခုကို အကောင်အထည်ဖော်ဆောင်ရွက်ရန်လည်း *စာမျက်နှာ ၃ ကော်လံ ၁* ●

မြန်မာ့ရာဇာနှာ ဆေးဖက်ဝင်သနပ်ခါးကို ရရန် အနည်းဆုံး(၃)နှစ်ကြာပါသည်၊

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ဗီဇပြုပြင်သီးနှံများနှင့် အော်ဂဲနစ်သီးနှံများ

လွန်ခဲ့သောဆယ်စုနှစ်အတွင်းက ဈေးကွက်တောင်းဆိုချက်အရ ကမ္ဘာနှင့်အဝန်း ဗီဇပြုပြင်သီးနှံ **(Genetically Modified Food)** များထုတ်လုပ်လာကြသည်။ ဗီဇပြုပြင်သီးနှံဆိုရာတွင် သစ်သီးဝလံများကို မူလဗီဇအခြေခံလျက် အင်ဂျင်နီယာနည်းပညာအရ ထုတ်လုပ်ခြင်းဖြစ်သည်။ သစ်သီးဝလံများကို သေးရာမှကြီးအောင် ထုတ်လုပ်နိုင်သည်။ တစ်ဖန် ကြီးသောသီးနှံများကို အရသာရှိရှိ အလုံးသေးသေးသီးနှံများအဖြစ် ထုတ်လုပ်နိုင်သည်။ စပါးသီးနှံကဲ့သို့ သီးနှံများကို အထွက်နှုန်းနည်းရာမှ အထွက်နှုန်းကောင်းဖြစ်အောင် ထုတ်လုပ်နိုင်သည်။

အမှန်စင်စစ် ဤနည်းပညာသည် ကမ္ဘာ့ပြည်သူများ၏ စားနပ်ရိက္ခာလိုအပ်ချက်ကို အထောက်အပံ့ဖြစ်စေခဲ့ပါသည်။ ထို့အပြင် လူသားတို့၏စားသုံးမှုပုံစံ ပြောင်းလဲလာသည့်အလျောက် ဈေးကွက်လိုအပ်ချက်အဖြစ် အကောင်းဆုံး သစ်သီးဝလံများထုတ်လုပ်ရာတွင် များစွာအရေးပါခဲ့ပါသည်။

ယနေ့ ဈေးကွက်များ၌တွေ့ရသော သစ်သီးဝလံများကို လေ့လာကြည့်ပါ။ အချို့မှာဗီဇပြုပြင်သီးနှံများဖြစ်ပါသည်။ ဆီးသီး၏ မူလဗီဇမှာ အလုံးသေးသေးမျှသာဖြစ်ပါသည်။ သို့သော် ဗီဇပြုပြင်နည်းပညာကြောင့် ဆီးသီးမှာ သံပရာသီးလုံးအရွယ်အထိ ရှိလာပါသည်။ ထို့အတူ လိမ္မော်သီးမှာလည်း မူလအရွယ်ထက် သေးငယ်သော လောက်စာလုံးအရွယ် လိမ္မော်သီးသေးသေးလေးများ ဈေးကွက်များတွင် အမြောက်အမြားတွေ့နေရပြီ။

ကမ္ဘာ့ဈေးကွက်တွင်မူ အထက်ပါ **GM food** ခေါ် မျိုးဗီဇပြုပြင်သီးနှံများနှင့်ပတ်သက်၍ အမြင်တစ်မျိုး ပြောင်းလဲခဲ့ပြီဖြစ်သည်။ မျိုးဗီဇပြုပြင်အစားအစာများ၏ အကျိုးသက်ရောက်မှုအပေါ်တွင် မေးခွန်းထုတ်လာကြပြီး သဘာဝအတိုင်း စိုက်ပျိုးထုတ်လုပ်သည့် ဓာတုကင်းလွတ်အစားအစာများဘက်သို့ ပြန်လှည့်လာကြပြီဖြစ်သည်။ မျိုးဗီဇပြုပြင်မှုနှင့်တကွ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးတို့ကင်းလွတ်သော သီးနှံများအတွက် ဈေးကွက်များ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ထွန်းလာနေပြီဖြစ်သည်။

ဤကဲ့သို့သော ဗီဇပြုပြင်သီးနှံများကို ကျွန်ုပ်တို့နိုင်ငံတွင် အမြောက်အမြားတွေ့နေရသည်။ ထိုသီးနှံများကို အိမ်နီးချင်းနိုင်ငံမှ တင်သွင်းလာခြင်းဖြစ်သည်။ လိမ္မော်သီး၊ ပန်းသီး၊ ဆီးသီး အစရှိသဖြင့် ဗီဇပြုပြင်သီးနှံများ ဈေးကွက်လိုအပ်ချက်အရ အလုံးအရင်းဖြင့် မြန်မာနိုင်ငံဈေးကွက်များသို့ ဝင်ရောက်နေသည်။

စိုက်ပျိုးရေးကို အခြေခံထားရဆဲဖြစ်သော မိမိတို့နိုင်ငံအနေဖြင့် ဗီဇပြုပြင်သီးနှံမျိုးကောင်းများကို တီထွင်စိုက်ပျိုးသင့်သကဲ့သို့ ဓာတ်မြေဩဇာနှင့် ဓာတုကင်းလွတ်သည့် အော်ဂဲနစ်သီးနှံများကိုလည်း ဈေးကွက်ဝင်အောင် ထုတ်လုပ်ရောင်းချနိုင်ရေးအတွက် ကြိုးပမ်းကြဖို့လိုပေပြီ။ ချင်းတောင်ဒေသထွက် ပန်းသီးကို အကောင်းဆုံးသောပန်းသီးဖြစ်အောင် ထုတ်လုပ်သင့်သကဲ့သို့ လူကြိုက်များသော နဂါးမောက်သီးကို ပြည်တွင်းစားသုံးနိုင်ရုံမက ပြည်ပသို့ အမြောက်အမြားတင်ပို့နိုင်ရန် စိုက်ပျိုးသင့်သည်။ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ရင်ပေါင်တန်းလျက် ဗီဇပြုပြင်သီးနှံများကိုသာမက အော်ဂဲနစ်သီးနှံများကိုလည်း ရောင်းတန်းဝင်ထုတ်လုပ်နိုင်အောင် ကြိုးပမ်းသင့်သည်။ အရည်အသွေးကောင်းသစ်သီးဝလံများ ထုတ်လုပ်လာနိုင်သည်နှင့်အမျှ ပြည်ပမှ တင်သွင်းမှုကို လျှော့ချနိုင်မည်ဖြစ်သည့်အပြင် ပြည်တွင်း၌ ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးလာနိုင်မည် ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ကူးသန်းရောင်းဝယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲဖွင့်

နေပြည်တော် ဇန်နဝါရီ ၇

ပြည်ထောင်စု ရှေ့နေချုပ်ရုံးနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်အဖွဲ့အစည်း (ALLEN & OVER) တို့ပူးပေါင်းစီစဉ်မှုဖြင့် ကူးသန်းရောင်းဝယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဘာသာရပ်ဆိုင်ရာဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၆ ရက် နံနက် ၈ နာရီက ပြည်ထောင်စုရှေ့နေချုပ်ရုံး မြေညီထပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်က မြန်မာနိုင်ငံသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ-၃၅ အရ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလျက်ရှိကြောင်း၊ Rule of Law နှင့်အညီ ဥပဒေအဆင့်အတန်း Standard ရှိကြောင်း၊ ယခုအခါ မြန်မာနိုင်ငံ၏ စီးပွားရေးဥပဒေအသစ်များအဖြစ် အထူးစီးပွားရေးဇုန်ဥပဒေများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေများကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါ ဥပဒေများသည် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုများကို အခွန်လျှော့ပေါ့ခြင်း၊ မြေအသုံးပြုခွင့်ပြုခြင်း စသည့် ဆွဲဆောင်မှုများကို ပေးထားကြောင်း၊ ၎င်းအပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ကာကွယ်ရန်နှင့် တိုးမြှင့်စေရန်အတွက် New York Convention on the Recognition and Enforcement of Foreign Arbitral Awards ကို ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် မြန်မာနိုင်ငံမှ အဖွဲ့ဝင်အဖြစ် လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ကြောင်း၊ ၎င်းအပြင် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှု စာချုပ်များအနေဖြင့် ထိုင်း၊ အိန္ဒိယ၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ တရုတ်နှင့် လာအိုစသည့်နိုင်ငံများနှင့် စာချုပ်များချုပ်ဆိုထားကြောင်း၊အမေရိကန်နိုင်ငံနှင့်လည်း Framework Agreement ကို ချုပ်ဆိုထားကြောင်း၊ ဥပဒေအရာရှိများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ဥပဒေပညာရှင်များသည် ယခုဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲမှ အတွေ့အကြုံများအပေါ် အခြေခံပြီး သက်ဆိုင်ရာဌာနများတွင် အကျိုးရှိစွာ ပြန်လည်အသုံးချနိုင်ရန် မျှော်လင့်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ALLEN & OVERY မှ Dierctor Mr. Simon Makinson က မိမိတို့ ALLEN & OVERY သည် မြန်မာနိုင်ငံတွင် ၂၀၁၀ ခုနှစ်ကတည်းက ဆောင်ရွက်လျက်ရှိနေကြောင်း၊ မိမိတို့အဖွဲ့အနေဖြင့် မြန်မာနိုင်ငံ၏ဥပဒေမူဘောင် အထူးသဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရန် တစ်ဖက်တစ်လမ်းမှ အကူအညီများပေးလျက်ရှိရာ လွန်ခဲ့သောနှစ်နှစ်မှစ၍ နည်းပညာသင်တန်းများ အခါအားလျော်စွာ ပေးခဲ့ကြောင်း၊ ခိုင်မာသောဥပဒေစနစ်၊ Rule of Law နှင့် Arbitration environment အငြင်းပွားမှုဖြေရှင်းခြင်း၊ တရားစီရင်ရေးစနစ်များ ဖြစ်ပေါ်လာရေးအတွက် ရည်ရွယ်ပါကြောင်း၊ ထိုဆွေးနွေးပွဲချမှမှ နိုင်ငံတကာနှင့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ အငြင်းပွားမှုဖြေရှင်းခြင်းဆိုင်ရာ နည်းလမ်းများကို ပိုမိုသိရှိနားလည်လာပြီး အရည်အချင်းပြည့်ဝစွာ ပိုမိုအသုံးချလာနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနား အပြီးတွင် ဆွေးနွေးပွဲကို အစီအစဉ်အတိုင်း ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးငြိမ်းသတ်ယာဉ်များ လမ်းကြောင်းရှင်းလင်းစွာ မောင်းနှင်နိုင်ရန် ဝိုင်းဝန်းကူညီရန်လို

ထင်သာမြင်သာ ပြုပြင်စရာ

မီးလောင်မှု ဖြစ်စဉ်များတွင် မီးသတ်စခန်းများရှိ မီးငြိမ်းသတ်ယာဉ်များက အလျင်အမြန်မီးငြိမ်းသတ်နိုင်ရန်အတွက် မီးလောင်မှုဖြစ်ပေါ်နေသည့်နေရာသို့ ရရှိသည့် သတင်းအချက်အလက်ပေါ် မူတည်၍ အချိန်တိုအတွင်း ရောက်ရှိအောင် မောင်းနှင်နေကြရပေသည်။ ထိုကဲ့သို့ မောင်းနှင်ရာတွင် လမ်းကြောင်းတစ်လျှောက်တွင် ဆိုင်ကယ်၊ ကား၊ စက်ဘီးများ၊ ခြေကျင်လမ်းလျှောက်သူများကို ရှောင်တိမ်းမောင်းနှင်နေကြရသည့်အပြင် မီးလောင်မှုဖြစ်ပေါ်နေစဉ် လာရောက်ကြည့်ရှုကြသော ဆိုင်ကယ်များ၊ ကားများ၊ စက်ဘီးများကြောင့် အချိန်တိုအတွင်း ရောက်ရှိအောင် မောင်းနှင်နိုင်ခြင်းမရှိသည်ကို တွေ့ရှိနေရသည်မှာလည်း မီးသတ်တပ်ဖွဲ့ဝင်များ၏ အခက်အခဲတစ်ခုပင်ဖြစ်သည်။

ဖျာပုံမြို့တွင် ဒီဇင်ဘာ ၂၉ ရက် ည ၁၁ နာရီ ၁၀ မိနစ်ခန့်က မီးလောင်မှုဖြစ်စဉ်တစ်ခုတွင် မီးလောင်နေရာကို သတင်းရလျှင်ရချင်း ဖျာပုံမြို့ မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် နှစ်စီးနှင့် မီးသတ်စက်ယာဉ်တစ်စီးတို့က အလျင်အမြန်သွားရောက်၍ မီးငြိမ်းသတ်ရာ (၁၂)ရပ်ကွက် အကျဉ်းထောင်ဆည့်ရိပ်သာရှေ့လမ်းကွေ့တွင် မီးငြိမ်းသတ်ယာဉ်ကားရှေ့မှ ဖြတ်ကျော်မောင်းနှင်သော ဆိုင်ကယ်ကို ရုတ်တရက်ဘရိတ်အုပ်၍ ရှောင်လိုက်ရာတွင် ကားတွင်ပါလာသော ရေအလေးချိန်များကြောင့် လက်ဝဲဘက်သို့ တိမ်းမှောက်သွားပြီး သန္ဓေမီးသတ်တပ်ဖွဲ့ဝင်တစ်ဦး အသက်ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ရသည့်အပြင် မီးသတ်တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိခဲ့သည်။ သို့ရာတွင်မီးလောင်မှုဖြစ်ပေါ်နေသည့်နေရာသို့ ရှေးဦးစွာ ရောက်ရှိနေသော တိုယိုတာ မီးငြိမ်းသတ်ယာဉ်က မီးသတ်စက်ယာဉ်ဦးဆောင်မှုဖြင့် မီးလောင်မှုဖြစ်ပေါ်နေသည့်နေရာကို အောင်မြင်စွာ မီးငြိမ်းသတ်နိုင်ခဲ့ပြီ ဖြစ်သည်။

အဆိုပါ ဖြစ်စဉ်များကိုကြည့်လျှင် ဖျာပုံမြို့အပါအဝင် မြန်မာနိုင်ငံတစ်ဝန်းရှိ မီးငြိမ်းသတ်ယာဉ်များ၊ မီးသတ်စက်ယာဉ်များ မီးငြိမ်းသတ်မှုအတွက် အလျင်အမြန်သွားကြရာတွင် ယာဉ်မတော်တဆတိမ်းမှောက်မှု၊ ယာဉ်တိုက်မှုများသည် လမ်းအသုံးပြုသူများ၏ အသိစိတ်ဓာတ်ရှိစွာ ပူးပေါင်းကူညီမှုအားနည်းချက်ကြောင့် ဖြစ်ပေါ်ရခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ ပြည်သူများ၏ အသက်အိုးအိမ်၊ စည်းစိမ်များကိုစွမ်းစွမ်းတမံ ကာကွယ်နိုင်ရန်အတွက် မီးငြိမ်းသတ်ပညာများဖြင့် သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် မိမိ၏အသက်ကို ပဓာနမထားဘဲ စွန့်လွှတ်စွန့်စား မီးငြိမ်းသတ်နေရခြင်းဖြစ်သည့်အတွက် မီးငြိမ်းသတ်ယာဉ်များ မောင်းနှင်ရာကားလမ်းတစ်လျှောက်တွင် အန္တရာယ်ကင်းစွာ လမ်းကြောင်းရှင်းလင်းစွာ မောင်းနှင်နိုင်ရန် ပြည်သူများက ဝိုင်းဝန်းကူညီ ပူးပေါင်းဆောင်ရွက်ပေးဖို့ လိုအပ်နေပြီဖြစ်ကြောင်း အသိပေးရေးသားလိုက်ရပါသည်။ **(ဝ၇၁)**

ပြည်တွင်းသတင်း

ဂျပန်-မြန်မာ နှစ်နိုင်ငံလွှတ်တော်၊ အစိုးရနှင့် ပြည်သူအချင်းချင်းတို့ ကဏ္ဍစုံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၇

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဂျပန်နိုင်ငံ လွှတ်တော် ဥပဒေရေးရာနှင့် အုပ်ချုပ်ရေးဆိုင်ရာ အမြဲတမ်းကော်မတီဥက္ကဋ္ဌ H.E. Mr. Ichiro AISAWA နှင့် Liberal Democratic Party (LDP),De mocratic Party, Japan Restoration Party တို့မှ လွှတ်တော်ကိုယ်စားလှယ်များအား ယနေ့ နံနက် ၉ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးဌေးဦး၊ ဒေါက်တာခင်ရွှေ၊ ဦးဌေးမြင့်၊ ကော်မတီအတွင်းရေးမှူးများဖြစ်ကြသော ဦးစောလှထွန်း၊ ဦးကြည်သာ၊ ကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် ဂျပန်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မြဲရေး၊ ဂျပန်-မြန်မာ နှစ်နိုင်ငံ လွှတ်တော်များအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် နှစ်နိုင်ငံ လွှတ်တော်ချစ်ကြည်ရေးအသင်းဖွဲ့စည်းရေးဆိုင်ရာ ကိစ္စရပ်များ၊ ဂျပန်-မြန်မာ နှစ်နိုင်ငံလွှတ်တော်အချင်းချင်း၊ အစိုးရအချင်းချင်း၊ ပြည်သူအချင်းချင်းကဏ္ဍစုံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီ အစည်းအဝေး (၁/၂၀၁၄) ကို ပြည်ထောင်စုလွှတ်တော် (D) ဆောင်၊ ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပရာ ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးနန္ဒကျော်စွာ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၇

ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီ အစည်းအဝေး (၁/ ၂၀၁၄) ကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော် (D) ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးနန္ဒကျော်စွာ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ အတွင်းရေးမှူး ဦးအေးမောက်နှင့်ကော်မတီဝင်ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပူးပေါင်းကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌက အမှာစကား ပြောကြားကြသည်။

ထို့နောက် ပူးပေါင်းကော်မတီ အတွင်းရေးမှူးက ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီအစည်းအဝေး (၄/ ၂၀၁၃) ၏ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ အစည်းအဝေးကျင်းပခဲ့ခြင်း၊ သတင်းထုတ်ပြန်ခြင်းကိစ္စရပ်များ၊ အကြံပြုချက်များ လက်ခံရရှိမှု၊ ရှင်းလင်းတင်ပြခြင်းနှင့် လေ့လာသုံးသပ်ရေးကော်မတီအဖွဲ့ငါးဖွဲ့အား ပါတီစုံကိုယ်စားလှယ်များနှင့် တပ်မတော်သား ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းရန် လျာထားချက်အခြေအနေများအား ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကော်မတီဝင်များက ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေးနှင့် ပတ်သက်၍ အထွေထွေဆွေးနွေးကြပြီး ပူးပေါင်းကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ဖြည့်စွက်ဆွေးနွေးကြသည်။

ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီအဖွဲ့များ၏ အဆုံးအဖြတ်များရယူပြီး ပူးပေါင်းကော်မတီဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားသည်။ **(သတင်းစဉ်)**

● ရှေ့ဖုံးမှ

စီစဉ်လျက်ရှိသည်။ နှစ်စဉ်ခရီးသွားဧည့်သည် တိုးတက်များပြားလာမှုအရ ဟိုတယ်နှင့်တည်းခိုခန်းများ အရေအတွက် ပိုမိုများပြားရန် လိုအပ်လျက်ရှိရာ ပြည်တွင်းမှ တိုင်းရင်းသား လုပ်ငန်းရှင်များအနေဖြင့် ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးမြှင့်လုပ်ကိုင်ရန် လိုအပ်နေဆဲပင်ဖြစ်သည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ရန်ကုန်၊ မန္တလေးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဟိုတယ်စီမံကိန်းအသစ်များ တည်ဆောက်ရန်ခွင့်ပြုခဲ့ရာ ပြည်တွင်းမှ တိုင်းရင်းသား လုပ်ငန်းရှင်များ၏ ဟိုတယ်များ ပိုမိုထွက်ပေါ်လာမည်ဖြစ်သည်။

(မြန်မာ့အလင်း)

ဟိုပုံးမြို့၌ သံကူကွန်ကရစ်တံတား တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်

ဟိုပုံး ဇန်နဝါရီ ၇

ကျေးလက်နေပြည်သူများ သွားလာရေးလွယ်ကူစေရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကဏ္ဍတစ်ရပ်ဖြစ်သည့် ရှမ်းပြည်နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဟိုပုံး-ရန်ကင်း လမ်းအပိုင်းရှိ ပေ ၄၀ သံကူကွန်ကရစ်တံတား နှစ်စင်းကို ကျပ်သန်း ၄၀ စီဖြင့် စုစုပေါင်း ငွေကျပ်သန်း ၈၀ ခွင့်ပြုခဲ့ရာ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့သို့ ထုတ်ပေးသည့် မြေကော်စက်ဖြင့် တံတားတည်ဆောက်ရေးလုပ်ငန်းခွင်တွင် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

နန်းဦးခမ်း



နိုင်ငံတကာသတင်း

ဆီးရီးယားတွင်ရုရှားဘာသာကို ဒုတိယဘာသာစကားအဖြစ် သင်ကြားမည်

ဒမတ်စကတ် ဇန်နဝါရီ ၇

ဆီးရီးယားပညာရေးဝန်ကြီးဌာနက ရုရှားဘာသာစကားကို ဒုတိယဘာသာစကားအဖြစ် တိုင်းပြည်၏ ပညာရေးစနစ်တွင် လာမည့်ပညာသင်နှစ်မှစ၍ ထည့်သွင်းသင်ကြားသွားမည်ဖြစ်ကြောင်း ဇန်နဝါရီ ၆ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။

ပညာရေးဝန်ကြီး ဟဇ်ဝမ်အောဝဇ်ထုတ်ပြန်ကြေညာထားသည့် ရုရှားဘာသာစကားကို ဒုတိယဘာသာစကားအဖြစ် ဆီးရီးယားပညာရေးတွင် ထည့်သွင်းသွားမည်ဆိုသော လုပ်ဆောင်ချက်သည် ဒမတ်စကတ်နှင့် မော်စကိုကြားက ခိုင်မာသည့်ဆက်ဆံရေးကို အလေးထားဖော်ပြခြင်းဖြစ်သည်။ ဟဇ်ဝမ်အောဝဇ် ထုတ်ပြန် ကြေညာချက်အရ အလယ်တန်းကျောင်းများမှ ကျောင်းသားများသည် အင်္ဂလိပ်စာအပြင် ပြင်သစ်ဘာသာနှင့် ရုရှားဘာသာကိုလည်း ရွေးချယ်သင်ယူနိုင်မည်ဖြစ်သည်။ **(ဆင်ဟွာ)**

ဆူဒန်နှင့် တောင်ဆူဒန်နှစ်နိုင်ငံသမ္မတတို့ တွေ့ဆုံဆွေးနွေး ရေနံနယ်မြေကို နှစ်နိုင်ငံပူးပေါင်းတပ်ဖွဲ့ ချထားမည်

ဂျူဘာ ဇန်နဝါရီ ၇

သူပုန်များအန္တရာယ်ကို ကြောက်ရွံ့နေကြရသည့် ဆူဒန်ရှိ ရေနံနယ်မြေများကို ဆူဒန်နှင့် တောင်ဆူဒန်တို့ နှစ်နိုင်ငံပူးပေါင်းကာ တပ်ဖွဲ့ဝင်များချထားမည်ဖြစ်ကြောင်း ဆူဒန်သမ္မတနှင့်တောင်ဆူဒန်သမ္မတတို့ တွေ့ဆုံအပြီး ဆူဒန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။ အဆိုပါသတင်းသည် တောင်ဆူဒန်နိုင်ငံသို့ ဆူဒန်သမ္မတအိုမာ အယ်လ်ဘာရှားလ်သွားရောက်အပြီး တောင်ဆူဒန်သမ္မတဆဲလ်ဗာကီးလ်ယားနှင့် တွေ့ဆုံဆွေးနွေးခဲ့ရာမှ ပေါ်ထွက်လာခြင်းဖြစ်သည်။ တောင်ဆူဒန်အရေးအခင်းသည် ဒီဇင်ဘာ ၁၅ ရက်ကစကာ လက်ရှိသမ္မတအားထောက်ခံသူများနှင့် ယခင်ဒုသမ္မတဟောင်းအား ထောက်ခံသူများအကြား ပြင်းထန်သောပဋိပက္ခများကြောင့် လူဦးရေအနည်းဆုံး ၁၀၀၀ ကျော်တို့အား သေဆုံးစေခဲ့ပြီးဖြစ်သည်။ ထို့ပြင်ယင်းပဋိပက္ခဖြစ်စဉ်တွင် လူနှစ်သိန်းနီးပါး နေရာပြောင်းရွှေ့နေထိုင်ကြရသည်။ **(ဘီဘီစီ)**

စပိန်ကမ်းရိုးတန်း၌ လှိုင်းရိုက်မိရာမှ မိသားစုဝင်သုံးဦးသေဆုံး

မက်ဒရစ် ဇန်နဝါရီ ၇

စပိန်နိုင်ငံ၏ အနောက်မြောက်ကမ်းရိုးတန်းဘက် ပင်လယ်ပြင်မှ ကြီးမားသော လှိုင်းတစ်လုံးဝင်ရောက်မွှေ့ယမ်းသွားသဖြင့် မိသားစုတစ်စုမှ လူသုံးဦး ပျောက်ပါသွားကာ ယခုအခါ ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

အမျိုးသားတစ်ဦး၊ ၎င်း၏သမီးနှစ်ဦးနှင့် ၎င်း၏ညီအစ်ကိုဖြစ်သူတို့သည် ဗောဒိုဗီနိုကမ်းရိုးတန်း ကျောက်ဆောင်များအနီးလမ်းလျှောက်နေစဉ် လှိုင်းလုံးဝင်ရောက် ဝါးမျိုခြင်းခံခဲ့ရခြင်းဖြစ်သည်။

ပြောကြား

သမီးတစ်ဦးမှာလွတ်မြောက်ခဲ့ပြီး ယခုအခါ ဆေးရုံသို့ခေါ်ဆောင်သွားပြီဖြစ်သည်။ ပျောက်ဆုံးသူသုံးဦးကိုမူ သင်္ဘောတစ်စင်းနှင့် ရဟတ်ယာဉ်တစ်စင်း အကူအညီဖြင့် ရှာဖွေနေဆဲဟု အဆိုပါဒေသရှိ မြို့တော်ဝန်ဂျိုဆေးအန်တိုနီယိုက ပြောကြားခဲ့သည်။

ပျောက်ဆုံးသူများမှာ ယင်းဒေသနေထိုင်သူများဖြစ်ကြပြီး အဆိုပါဒေသခံတို့သည် လှိုင်းလုံးကြီးများကြည့်ရန် ကမ်းခြေသို့သွားလေ့ရှိကြကြောင်း ၎င်းကထပ်မံဆိုသည်။

ရှာဖွေရေးကိုအင်တိုက်အားတိုက် လုပ်ဆောင်နေသော်လည်း လေတိုက်နှုန်းတစ်နာရီ ၈၀ ကီလိုမီတာနှင့် ၃၂ ပေမြင့် လှိုင်းလုံးများဖြင့် ရာသီဥတုကြမ်းတမ်းနေခြင်းက အနှောင့်အယှက် ဖြစ်နေသည်ဟု သိရသည်။ **(ဘီဘီစီ)**

ဟောင်ကောင်ရုပ်ရှင်ဖခင်ကြီးရန်ရန်ရှော အသက် ၁၀၇ နှစ်တွင် ကွယ်လွန်

ဟောင်ကောင် ဇန်နဝါရီ ၇

အာရှရုပ်ရှင် ထုတ်လုပ်ရေး၏ အထင်ကရပုဂ္ဂိုလ်၊ ဖျော်ဖြေမှု အနုပညာထိပ်သီးဆရာတစ်ဆူဖြစ်သူ ရန်ရန်ရှောသည် အသက် ၁၀၇ နှစ် အရွယ်၌ ကွယ်လွန်သွားပြီဖြစ်သည်။ **(အောက်ပုံ)** ဟောင်ကောင်ဒေသသားဖြစ်သူ ရန်ရန်ရှောသည် ရှောညီနောင်များ ရုပ်ရှင်စတူဒီယိုကို

တည်ထောင်ကာ ရုပ်ရှင်ဇာတ်ကားပေါင်း ၁၀၀၀ ကျော် ထုတ်လုပ်ခဲ့ပြီး ကွန်ဖူးပညာ အသားပေး ဇာတ်ကားပင်မရေစီးကြောင်းကြီးကို ဖြစ်ထွန်းစေခဲ့သည်။

ဟောင်ကောင်တွင် အကြီးဆုံးရုပ်မြင်သံကြားဌာန တီဗွီဘီကို ၁၉၆၇ခုနှစ်တွင် စတင်တည်ထောင် ထုတ်လွှင့်ခဲ့ပြီး ၂၀၁၁ ခုနှစ်အထိ သဘာပတိအဖြစ် တာဝန်ယူခဲ့သည်။ ရှောသည် ဟောင်ကောင်ရှိ ၎င်း၏ နေအိမ်တွင် ငြိမ်းချမ်းစွာ ကွယ်လွန်ခဲ့ရာပြီဖြစ်ကြောင်း တီဗွီဘီ (ရုပ်မြင်သံကြားနှင့်အသံလွှင့်လီမိတက်)ကသတင်းထုတ်ပြန်သည်။

ဟောင်ကောင် အုပ်ချုပ်ရေးမှူး စီဝိုင်လျောင်က ရှောအား "မိမိတို့ လွန်စွာရိုသေလေးစားရပါသော ပုဂ္ဂိုလ်ကြီး"ဟု ဆိုခဲ့သည်။

မစ္စတာရှောသည် ကမ္ဘာကျော် ချောင်ယွမ်ဖက်၊ မဂ္ဂီချွမ်းတို့ကဲ့သို့သော ဟောင်ကောင် သရုပ်ဆောင်များကို စင်တင်ပေးခဲ့သူအဖြစ် ဟောင်ကောင်တွင် အမှတ်တရရှိနေကြမည်ဖြစ်သည်ဟု ဘီဘီစီသတင်းဌာနမှ ဂျူလီယာနာလျူက ပြောသည်။ **(ဘီဘီစီ)**

အီရတ်အား စစ်ရေးအကူအညီ အမေရိကန်အရှိန်မြှင့်တင်

ဘဂ္ဂဒက် ဇန်နဝါရီ ၇

အီရတ်နိုင်ငံအနောက်ပိုင်း အန်ဘာပြည်နယ်ဒေသရှိ စစ်သွေးကြွအုပ်စုများကို တိုက်ခိုက်လျက်ရှိသည့် အီရတ်အစိုးရတပ်ဖွဲ့အား ထောက်ပံ့နေသည့် စစ်ရေးကူညီမှုများကို အရှိန်အဟုန် တိုးမြှင့်မည်ဖြစ်ကြောင်း အမေရိကန်က ပြောကြားလိုက်သည်။ အိမ်ဖြူတော်မှပြောကြားသော သတင်းစကားအရ အမေရိကန်ဘက်မှ စောင့်ကြည့်ရေးဒရုန်း လေယာဉ်များကို ရက်သတ္တပတ်များမှာပင် ထပ်မံတိုးချဲ့ထားမည်ဖြစ်ပြီး ဝေဟင်ပစ်ဒုံးကျည်များကို လာမည့်လ အနည်းငယ်အတွင်း ပေးပို့မည်ဖြစ်ကြောင်း သိရသည်။ အန်ဘာဒေသတိုက်ပွဲများသည် အီရတ်နိုင်ငံ၌ နှစ်များစွာ ကြာအောင်ပြင်းထန်စွာဖြစ်ပွားနေသော တိုက်ပွဲများဖြစ်သည်။ အီရတ်တပ်ဖွဲ့ဝင်များက စစ်သွေးကြွများထိန်းချုပ်ထားသော ဖော်လူဂျာမြို့တော်အား စစ်ဆင်ရေးဆင်နွှဲရန် ပြင်ဆင်လျက်ရှိသည်။ **(ဘီဘီစီ)**

ရီးရဲမက်ဒရစ်အတွက် နိုင်ပွဲရဦးမယ့် စပိန်ဘုရင့်ဖလားပွဲစဉ်

စပိန်ဘုရင့်ဖလားပွဲစဉ်ရဲ့ ၁၆ သင်းအဆင့် ပထမအကျော့ပြိုင်ပွဲတွေကို ဇန်နဝါရီ ၉ ရက်မှာ ဆက်လက်ကစားမှာဖြစ်လို့ နာမည်ကြီး ရီးရဲမက်ဒရစ်နဲ့ အိုဆာဆူနာတို့ ဘာနေဗျူးကွင်းမှာ ဆုံတွေ့ကြပြီဖြစ်ပါတယ်။ ရီးရဲမက်ဒရစ်တို့က စပိန်ဘုရင့်ဖလားကို ပစ်မှတ်ထားနေတာမို့ လူစုံတက်စုံနဲ့ အိမ်ကွင်းမှာ ကောင်းကောင်းဧည့်ခံမှာဖြစ်ပါတယ်။

ရီးရဲမက်ဒရစ်နှင့် အိုဆာဆူနာ

ရီးရဲမက်ဒရစ်ကို သရေပွဲဖြစ်အောင်ကစားနိုင်တဲ့ အိုဆာဆူနာဟာ ဒီပွဲမှာ အဝေးကွင်းဖြစ်ပေမယ့်ခြေကုန်ထုတ်ပြီးအမှတ်ရအောင် စွမ်းဆောင်ပါလိမ့်မယ်။ အခုလောလောဆယ်မှာ ခြေစွမ်းပြနေပြီး ရလဒ်ကောင်းအောင်ကြိုးစားနိုင်တဲ့ အိုဆာဆူနာကို ရီးရဲမက်ဒရစ်တို့ အလေးထားကစားမှ ရပါလိမ့်မယ်။ ရီးရဲမက်ဒရစ်ဟာ နိုင်ပွဲရအောင် ကြိုးစားနိုင်တဲ့စွမ်းအားစုရှိနေပြီး အိမ်ကွင်းလည်းဖြစ်နေတာမို့ ပရိသတ်တွေရှေ့မှာ အနိုင်ရလဒ်ကိုရအောင် ပုံဖော်နိုင်ရေး အကြိတ်အနယ်ကြိုးစားရပါလိမ့်မယ်။

ဆိုစီဒက်နှင့် ဗီလာရီးရဲ

ဗီလာရီးရဲဟာ ခြေစွမ်းပြနိုင်နေပြီး ရလဒ်ကောင်းအောင်လည်း ကြိုးစားကစားနိုင်နေပါတယ်။ ဒါပေမယ့် အဝေးကွင်းခြေစွမ်းကျဆင်းနေတာမို့ ဆိုစီဒက်ကို ပုံမှန်အားထုတ်မှုနဲ့ မရနိုင်ပါဘူး။ ဆိုစီဒက်တို့ကတော့ နောက်ဆုံးသုံးပွဲကစားခဲ့တဲ့ပွဲမှာ သုံးပွဲစလုံးအနိုင်ယူထားတာမို့ အကောင်းဆုံးခြေစွမ်းရရှိနေပါတယ်။ ဘက်တစ်ကို အိမ်ကွင်းမှာ ငါးဂိုးသွင်းပြီး အနိုင်ယူခဲ့တဲ့ခြေစွမ်းမျိုးသာ ရရှိခဲ့ရင်တော့ ဗီလာရီးရဲတို့ဒီပွဲမှာ အသက်ရှူမှားအောင်ကစားရနိုင်ပါတယ်။ အကြိုက်ကဘက်တစ်ဖြစ်ပြီး အနိုင်လည်းဘက်တစ်တို့ပဲဖြစ်မယ်လို့ ယူဆပါတယ်။

ဗယ်လီကာနိုနဲ့လီဗန်တေး

ဗယ်လီကာနိုဟာ အဝေးကွင်း၊ အိမ်ကွင်းမှာ ကျေနပ်စရာကောင်းတဲ့ ခြေစွမ်းမရရှိသေးတာမို့ ဒီပွဲမှာအခြေအနေကောင်းနဲ့ကြုံတွေ့ဖို့တော့ ခဲယဉ်းပါလိမ့်မယ်။ လီဗန်တေးတို့ကလည်း အားရစရာမကောင်းတဲ့ အားထုတ်မှုတွေရှိနေတာမို့ ဒီပွဲမှာ နှစ်သင်းစလုံးရဲ့စွမ်းဆောင်မှုကို အကဲဖြတ်ရတော့မှာဖြစ်ပါတယ်။ လီဗန်တေးဟာကွင်းလယ်နဲ့တိုက်စစ်ပိုင်းမှာ ဗယ်လီကာနိုထက် ပိုမိုကောင်းမွန်တာမို့ ဒီပွဲရဲ့အဆုံးအဖြတ်ရလဒ်ကို လီဗန်တေးတို့ပဲ ပုံဖော်မယ်လို့ ယုံကြည်ပါတယ်။

ရေးဆင်းနှင့်အယ်မာရီးယား

ဆီဗီလာကို နှစ်ဂိုးပြတ်သွင်းပြီး အနိုင်ယူထားတဲ့ရေးဆင်းရဲ့ခြေစွမ်းကို လျှော့တွက်လို့တော့မရပါဘူး။ အယ်မာရီးယားတို့ကလည်း ပုံမှန်ခြေစွမ်းရရှိနေတာမို့ ဒီပွဲမှာ အယ်မာရီးယားတို့အတွက် မျှော်လင့်ချက်ထားနိုင်တဲ့ ပွဲပါပဲ။ ဒါပေမယ့် ရေးဆင်းရဲ့အားထုတ်မှုကလည်း ကောင်းနေတာမို့ ရလဒ်က ညီမျှခြင်းလည်း ကျသွားနိုင်ပါတယ်။

မိုးမြင့်လင်းလက်

စီရိုနယ်ဒို ဂိုး ၄၀၀ မြောက် သွင်းယူ

တိုက်စစ်မှူး စီရိုနယ်ဒိုသည် ရီးရဲမက်ဒရစ်က ဆဲလ်တာဗီဂိုကို သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိရာတွင် ၎င်း၏ ဘောလုံးသမားသက်တမ်းတစ်လျှောက် ဂိုး ၄၀၀ မြောက်အဖြစ် သွင်းယူပေးခဲ့သည်။ ရီးရဲမက်ဒရစ်တို့ ယင်းပွဲအနိုင်ရလိုက်သဖြင့် ဘာစီလိုနာနှင့် အမှတ်ကွာခြားချက်ကို လျှော့ချနိုင်ခဲ့သည်။ ဘင်ဇီမာဂိုးမသွင်းမီ ဆဲလ်တာဗီဂိုတို့ အကောင်းဆုံးဂိုးသွင်းခွင့်များ ဆုံးရှုံးခဲ့သည်။ ပွဲချိန် ၈၂ မိနစ်တွင် စီရိုနယ်ဒိုက ရီးရဲမက်ဒရစ်အတွက် အဖွင့်ဂိုးသွင်းယူခဲ့သည်။ လေလွင့်ချိန်တွင် စီရိုနယ်ဒိုကပင် တတိယအနိုင်ဂိုး သွင်းယူခဲ့သည်။ ရီးရဲမက်ဒရစ်တို့ ယင်းပွဲအနိုင်ရလိုက်သဖြင့် ဘာစီလိုနာအသင်း၏နောက်မှ ငါးမှတ်ခွာ၍ လိုက်နေရဆဲဖြစ်သည်။ ပေါ်တူဂီသား စီရိုနယ်ဒိုသည် ပွဲပေါင်း ၆၅၃ ပွဲတွင် ၄၀၀ အထိ သွင်းယူနိုင်ပြီဖြစ်သည်။

ဝေါ်ကော့သ်ကမ္ဘာ့ဖလားနှင့်လွဲပြီ

အာဆင်နယ်တိုက်စစ်မှူး သီယို ဝေါ်ကော့သ်သည် ဒူးခေါင်းဒဏ်ရာရပြီး အနည်းဆုံးခြောက်လကြာ အနားယူဆေးကုသမှုခံယူရမည်ဖြစ်၍ ကမ္ဘာ့ဖလားနှင့် လွဲချော်မည်ဖြစ်သည်။ အသက် ၂၄ နှစ်ရှိ အင်္ဂလန်တိုက်စစ်မှူး

ဝေါ်ကော့သ်သည် အက်ဖ်အေဖလား တတိယအကျော့ပွဲ စပါးအသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိစဉ် ယင်းဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ ဝဲဘက်ဒူးခေါင်းအရွတ်စုတ်ပြဲသွားသည်ဟု ဆိုသည်။

၎င်းသည် မကြာမီခွဲစိတ်ကုသမှုခံယူရမည်ဖြစ်ပြီး အနည်းဆုံးခြောက်လကြာ အနားယူရမည်ဖြစ်ပြီး ရာသီကုန်အထိ အနားယူရမည်ဖြစ်ပြီး ကမ္ဘာ့ဖလားနှင့်လည်း လွဲချော်နိုင်သည်။ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ဇွန် ၁၂ ရက်တွင် စတင်မည်ဖြစ်ပြီး အဖွင့်ပွဲတွင် အင်္ဂလန်နှင့် အီတလီတို့ စတင်ကစားရမည်ဖြစ်သည်။ ဝေါ်ကော့သ်သည် ၂၀၀၆ ခုနှစ် မေလ ၃၀ ရက်က ဟန်ဂေရီနှင့် ချစ်ကြည်ရေးပွဲတွင် အင်္ဂလန်အတွက် မိုက်ကယ်အိုဝင်၏ လူစားအဖြစ် ပထမဆုံး ပါဝင်ကစားခွင့်ရခဲ့သည်။ ၎င်းသည် ထိုအချိန်က အသက် ၁၇ နှစ်နှင့် ၇၅ ရက်သာ ရှိသေးရာ အင်္ဂလန်ကစားသမားများတွင် အသက်အငယ်ဆုံးဖြစ်သည်။

ကောင်းမြတ်သူ-စုစည်းသည်

လာဇီယို လေးပွဲဆက်တိုက်နိုင်

အီတလီစီးရီးအေပြိုင်ပွဲတွင် လာဇီယိုက အင်တာမီလန်အသင်းကို ကလိုဆေး၏နောက်ကျဂိုးဖြင့် အနိုင်ယူလိုက်သည်။ ကလိုဆေးက ပွဲပြီးရန် ၁၀ မိနစ်အလို မြေမကျဘောဖြင့် လှလှပပသွင်းယူပြီး အင်တာမီလန်ကို အနိုင်ယူလိုက်သည်။ လာဇီယိုတို့ ယင်းအနိုင်ပွဲမှာ စီးရီးအေတွင် လေးပွဲဆက်တိုက် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ယင်းအနိုင်ရမှုကြောင့် လာဇီယိုတို့ နံပါတ် ၁၀ သို့ တက်လာနိုင်သည်။

အင်တာမီလန်က နံပါတ် ၆ နေရာ၌ ရပ်တည်နေဆဲ ဖြစ်သည်။ အင်တာမီလန် အသင်းသည် နောက်ဆုံး ၁၂ ပွဲစဉ်တွင် နှစ်ပွဲသာအနိုင်ရခဲ့သည်။ လာဇီယိုအသင်းသည် ယင်းအနိုင်ရမှုမှာ လေးပွဲဆက်တိုက်အနိုင်ရခဲ့ခြင်းဖြစ်သည်။

နိုင်ငံတကာအားကစားသတင်း

နိုင်ငံတကာ ပြည်တွင်းဖလားပွဲစဉ်နှင့် ဂိုးရလဒ်များ (သီဟ)

အင်္ဂလန် အက်ဖ်အေဖလား — ဇန်နဝါရီ ၉

ခရော်လေတောင်း	-	ဘရစ္စတိုးရှီဗာ	နံနက် ၂း၁၅

အင်္ဂလန် ကက်ပီတယ်ဝမ်းဖလား — ဇန်နဝါရီ ၉

မန်စီးတီး	-	ဝက်စ်ဟမ်း	နံနက် ၂း၁၅

ပြင်သစ်လီဂူး ပွဲစဉ်-၁၉ — ဇန်နဝါရီ ၉

စိန့်အက်တီယန်	-	အီဗီယန်	နံနက် ၂း၁၅

အီတလီ ကိုပါအီတာလီယာဖလား — ဇန်နဝါရီ ၉

ဖီအိုရင်တီးနား	-	ချီယေဗို	နံနက် ၂း၃၀

စပိန် ကိုပါဒယ်ရေးဖလား — ဇန်နဝါရီ ၉

အယ်လ်ကော်ကွန်	-	အက်စ်ပန်ညို	နံနက် ၁း၃၀
ဘက်တစ်	-	ဘီလ်ဘာအို	နံနက် ၁း၃၀
ဘာစီလိုနာ	-	ဂီတာဖေး	နံနက် ၃း၃၀
ရေးဆင်း	-	အယ်လ်မာရီးယား	နံနက် ၃း၃၀

ဇန်နဝါရီ ၆/၇ ဂိုးရလဒ်များ

အီတလီစီးရီးအေ ရလဒ်

နာပိုလီ	၂-၀	ဆမ်ဒိုးရီးယား
ကာတာနီးယား	၂-၀	ဘိုလော့ဂ်နာ
ဂျီနိုအာ	၂-၀	ဆက်ဆူအိုလို
အေစီမီလန်	၃-၀	အတ္တလန်တာ
ပါးမား	၃-၁	တိုရီနို
အူဒီးနိစ်	၁-၃	ဗီရိုနာ

စပိန်လာလီဂါ ရလဒ်

ဗယ်လက်ကာနို	၂-၅	ဗီလာရီးရဲလ်

စိန့်အက်တီယန် Vs အီဗီယန်

ပြင်သစ်လီဂူးရဲ့ ပွဲကျန် ပွဲစဉ် ၁၉ မှာ စိန့်အက်တီယန်သည် ရမှတ် ၃၀နဲ့ အဆင့် ၅ မှာရှိနေပြီး အီဗီယန်မှာ ရမှတ် ၂၀ နဲ့ အဆင့်၁၆မှာ ရပ်တည်နေပါတယ်။ စိန့်အက်တီယန်မှာ အဆင့် ၄ ဘော်ဒိုးနဲ့ တစ်မှတ်သာကွာပြီး ဒီပွဲသာနိုင်မယ်ဆိုရင် အဆင့် ၄ နေရာကိုရောက်နိုင်ပြီး အီဗီယန်မှာ တန်းဆင်းဇုန်မရောက်ရေးရုန်းကန်နေရပါတယ်။ အပြန်အလှန်ဖိအားပေးရင်းကြည့်ကောင်းမယ့်ပွဲပါ။ ခြေရည်ကွာခြားမှုကြောင့် အိမ်ရှင်တို့အမှတ်ပြည့်ယူသွားမှာပါ။

ပြည်တွင်းသတင်း

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၇

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၄ ရက်၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံတော်အကြီးအကဲများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

ပါကစ္စတန်နိုင်ငံ

ထို့အတူ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ပါကစ္စတန် အစ္စလာမ္မစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မာနွန်ဟူစိန်နှင့် ဝန်ကြီးချုပ် မစ္စတာ မူဟာမက်နာဝပ်ဇ်ရှာရစ်တို့ကလည်း ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့ရာ အဆိုပါ သဝဏ်လွှာများ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၆)နှစ်မြောက်လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်ကျန်းမာရွှင်လန်းစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း၊ ပါကစ္စတန်နှင့် မြန်မာနိုင်ငံတို့သည် ချစ်ကြည်ရင်းနှီးကြသည့်နိုင်ငံများ ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေး အနာဂတ်တွင် ပိုမိုခိုင်မာလာမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုသည် ပိုမိုခိုင်မာလာမည်ဖြစ်ပါကြောင်း စသည်ဖြင့် ဖော်ပြထားသည်။

အယ်လ်ဂျီးရီးယားနိုင်ငံ

တစ်ဖန် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာအဗ္ဗဒဲလ်အာဇစ်ဘူတီ ဖလီကာက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သော (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူပြည်သားများ ကျန်းမာရွှင်လန်းစေရန်ဆုမွန်ကောင်းတောင်းပါကြောင်း၊ နှစ်နိုင်ငံပြည်သူများအကြား အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ဆက်ဆံရေးကို တိုးမြှင့်သွားလိုပါကြောင်း စသည်ဖြင့် ဖော်ပြထားသည်။

ဘူတန်နိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဘူတန်ဝန်ကြီးချုပ် မစ္စတာရှာရင်းတော့ဂေးက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ အဆွေတော်သမ္မတကြီးနှင့် မြန်မာပြည်သူပြည်သားများ ကျန်းမာချမ်းသာစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း၊ ဘူတန်နှင့်မြန်မာနိုင်ငံတို့သည် ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုတို့အပေါ် အခြေခံသည့် ဆက်ဆံရေးဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအကြား ဆက်ဆံရေးသည် ပိုမိုတိုးတက်လာမည်ဟု ယုံကြည်မိပါကြောင်း စသည်ဖြင့် ဖော်ပြထားသည်။

၂၀၁၅ ခုနှစ်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲအဖြစ် ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများ ရင်းနှီးပွင့်လင်းစွာဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၇

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ်နှင့် ဂျပန်-မြန်မာချစ်ကြည်ရေး ပါလီမန်အဖွဲ့၏ဥက္ကဋ္ဌ မစ္စတာ အီချီရို အာရိုစာဝါဦးဆောင်သည့် အဖွဲ့အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လက်ရှိဆောင်ရွက်နေမှု၊ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ပိုမိုဖွံ့ဖြိုးတိုးတက်အောင်မြင်အောင် ဆောင်ရွက်နေမှု၊ ၂၀၁၅ ခုနှစ်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲအဖြစ်ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များနှင့် ရွေးကောက်ပွဲ လုပ်ငန်းစဉ်များတွင် ပြည်သူလူထု၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ မီဒီယာများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မည့် အခြေအနေ၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို စနစ်တကျအကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် Strategic Plan ရေးဆွဲဆောင်ရွက်နေမှု၊ ဆန္ဒမဲပေးခြင်းဆိုင်ရာများနှင့် မဲစာရင်းပြုစုခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ပြည်ပနိုင်ငံများသို့ ရောက်ရှိနေသော မြန်မာနိုင်ငံသားများ၏ ဆန္ဒမဲပေးခွင့်ဆိုင်ရာများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကိစ္စရပ်များ၊ ၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် ပြည်တွင်းပြည်ပမှ လေ့လာရေးအဖွဲ့များ လာရောက်လေ့လာခွင့်ဆိုင်ရာများ၊ အခြားနိုင်ငံ ရွေးကောက်ပွဲများသို့ သွားရောက်လေ့လာမှုနှင့် နိုင်ငံတကာ ရွေးကောက်ပွဲဆိုင်ရာ အတွေ့အကြုံများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကော်မရှင်ဥက္ကဋ္ဌနှင့်အတူ အဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးမြင့်နိုင်၊ ဦးအောင်မြင့်၊ ဒေါက်တာဒေါ်မြင့်ကြည်၊ ဦးဝင်းကြည်၊ ဦးညွန့်တင်၊ ဦးဝင်းကိုနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇန်နဝါရီ ၄ ရက်က လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာပြိုင်ပွဲ ဆုရ ကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို အထက(၁) လသာ ဗဟိုစံပြခန်းမတွင်ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွင်မင်းက ဆုချီးမြှင့်စဉ်။ မိုးမိုး(လှိုင်)

နှစ်နိုင်ငံနယ်နိမိတ်တွင် တိုင်းတာရန် ကျန်ရှိနေသေးသည့်နေရာများ၌ မြန်မာ-အိန္ဒိယ မြေတိုင်းအဖွဲ့များ ပူးတွဲကွင်းဆင်းစစ်ဆေး၊ ဖြစ်ပေါ်နေသည့် အခြေအနေများကို ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားမည်

နေပြည်တော် ဇန်နဝါရီ ၇

မြန်မာ-အိန္ဒိယနယ်နိမိတ် တမူးမြို့အနီး၌ အိန္ဒိယနိုင်ငံဘက်မှ ပူးပေါင်းစစ်ဆေးရေးဂိတ် (Integrated Check Post - ICP) အတွက် မြေဖို့ခြင်း၊ မြေတူးခြင်းလုပ်ငန်းများ ဆောင်ရွက်နေကြောင်းသတင်းရရှိသဖြင့် မြန်မာနိုင်ငံဘက်မှ ကန့်ကွက်မှုများ ပြုလုပ်ခဲ့ပြီး နှစ်ဖက်တာဝန်ရှိသူများ ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ နှစ်ဖက်မြေတိုင်းအဖွဲ့များသည် ဇန်နဝါရီ ၆ ရက် နံနက် ၉ နာရီမှ စတင်၍ မြန်မာ-အိန္ဒိယ နယ်နိမိတ်တိုင်းတာသတ်မှတ်ပြီး နယ်နိမိတ်မှတ်တိုင် ၇၇ နှင့် ၇၉ ၊ မတိုင်းတာရသေးသည့် နယ်နိမိတ်မှတ်တိုင် ၇၆ နှင့် ၇၈ တို့၏ လက်ရှိတည်နေရာ၊ ကိုဩဒိနိတ်အမှတ်များကို ပူးတွဲကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း၊ ပူးတွဲကွင်းဆင်းတွေ့ဆုံချက်များကို အခြေခံ၍ ဖြစ်ပေါ်နေသည့်အခြေအနေများကို နှစ်နိုင်ငံရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ အိမ်နီးချင်းကောင်းပီသစွာ ဆောင်ရွက်မှုတို့ဖြင့် ဆက်လက်ဆွေးနွေး ညှိနှိုင်းဖြေရှင်းသွားမည်ဖြစ်ကြောင်း သိရှိရသည်။

မြန်မာ-အိန္ဒိယ နယ်နိမိတ်သဘောတူစာချုပ်ကို ၁၉၆၇ ခုနှစ် မတ် ၁၀ ရက်တွင်ချုပ်ဆိုခဲ့ပြီး ၁၉၆၈-၁၉၆၉ ခုနှစ်တွင် နယ်နိမိတ်တိုင်းတာခြင်းလုပ်ငန်းကို အောင်နိမိတ်စစ်ဆင်ရေးဖြင့် အဆင့် (၇) ဆင့်ခွဲ၍ ဆောင်ရွက်ခဲ့ရာ ၁၉၇၅ ခုနှစ်တွင် ပြီးစီးခဲ့ကြောင်း၊ ထိုသို့နယ်နိမိတ်တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်စဉ် ကဘော်ချိုင့်ဝှမ်းဒေသ၌ နယ်နိမိတ်မှတ်တိုင်အချို့ စိုက်ထူရေးတွင် မြေပုံနှင့် မြေပြင်ကွဲလွဲမှုကြောင့် နှစ်ဖက်ညှိနှိုင်းခဲ့သော်လည်း ပြေလည်မှုမရရှိသဖြင့် နယ်နိမိတ်မှတ်တိုင်အမှတ် ၆၆၊ ၇၆၊ ၇၈၊ ၈၉၊ ၉၀၊ ၉၁၊ ၉၂၊ ၉၃ နှင့် ၉၄ တို့ကို စိုက်ထူနိုင်ခြင်းမရှိခဲ့ကြောင်း သိရှိရသည်။

၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် အိန္ဒိယနိုင်ငံဘက်မှ ICP ဆောက်လုပ်ရန်အတွက် မြန်မာ-အိန္ဒိယ နယ်နိမိတ်တမူးမြို့အနီး၌ မြေဖို့ခြင်း၊ မြေတူးခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည်ဟု သတင်းရရှိခဲ့ကြောင်း၊ ၎င်းတို့ဆောင်ရွက်သည့်နေရာမှာ နယ်နိမိတ်မှတ်တိုင် ၇၈ အနီးတွင်ဖြစ်ပြီး ယင်းမှတ်တိုင်မှာ နှစ်နိုင်ငံသဘောတူညီချက်မရ၍ မစိုက်ထူရသေးသည့်နယ်နိမိတ်မှတ်တိုင်ဖြစ်ကြောင်း သိရသည်။

၂၀၁၃ ခုနှစ် မေလကလည်း အိန္ဒိယနိုင်ငံဘက်မှ အထက်ပါနေရာ၌ ICP ဆောက်လုပ်ရန်မြေပြုပြင်၊ မြေတူးခြင်းဆောင်ရွက်နေကြောင်း သိရှိရသဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနက ၂၀၁၃ ခုနှစ် ဇွန်လအတွင်းတွင် အိန္ဒိယနိုင်ငံဘက်သို့ ကန့်ကွက်ကြောင်း အကြောင်းကြားခဲ့သဖြင့် တည်ဆောက်ရေးလုပ်ငန်းများရပ်တန့်ပေးခဲ့ကြောင်း သိရသည်။

ယခုအကြိမ်တွင် အိန္ဒိယနိုင်ငံဘက်မှ ICP ဆောက်လုပ်ရန်မြေဖို့ခြင်း ဆောင်ရွက်နေကြောင်း သိရှိရသဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်တွင် အိန္ဒိယသံအမတ်ကြီးအား ခေါ်ယူတွေ့ဆုံကန့်ကွက်ပြောဆိုခြင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးကလည်း ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် အိန္ဒိယသံအမတ်ကြီးအား ခေါ်ယူတွေ့ဆုံ၍ အိန္ဒိယဘက်မှတည်ဆောက်ရေးလုပ်ငန်းများရပ်ဆိုင်းရန်နှင့် မတိုင်းတာရသေးသည့်နေရာတွင် နှစ်နိုင်ငံပူးတွဲကွင်းဆင်းစစ်ဆေးရန် အဆိုပြုခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ အထက်ပါ အဆိုပြုချက်ကို အိန္ဒိယနိုင်ငံဘက်မှ သဘောတူညီခဲ့ပြီး တည်ဆောက်ရေးလုပ်ငန်းများကိုလည်း ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် ရပ်တန့်ပေးခဲ့ကြောင်း၊ ထို့နောက် နှစ်နိုင်ငံမြေတိုင်းအဖွဲ့များ ပူးတွဲကွင်းဆင်းစစ်ဆေးခဲ့ပြီး အဆိုပါအဖွဲ့များ၏ ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များအပေါ် အခြေခံကာ ဆက်လက်ဆွေးနွေးညှိနှိုင်းဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၊ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၄ ဖြင့် **ဦးသန်းထွန်း**(မန်နေဂျင်းဒါရိုက်တာ၊ မုံရွာဆောက်လုပ်ရေးကုမ္ပဏီ)၊ (ဥက္ကဋ္ဌ၊ မုံရွာရွှေအုပ်စုကုမ္ပဏီလီမိတက်)အား **သီဟသုဓမ္မမဏိဇောတရဇ္ဇဲ့တံဆိပ်တော်** ချီးမြှင့်အပ်နှင်းခံရသည့်အတွက် မိသားစုနှင့်ထပ်တူ အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါသည်။ နောင်တွင်လည်း သက်ရှည်ကျန်းမာချမ်းသာစွာဖြင့် သာသနာ့အကျိုး၊ နိုင်ငံ့အကျိုးကို ဆတက်ထမ်းပိုးတိုး၍ ထမ်းရွက်နိုင်ပါစေရန် ဆုမွန်ကောင်းတောင်း၍ ဝမ်းမြောက်ဂုဏ်ယူအပ်ပါသည်။

ဦးအောင်နိုင်(တာဝန်ခံ)နှင့် ဝန်ထမ်းများ
ငွေဇင်ယော် စက်လှေကူးတို့လုပ်ငန်း၊ မုံရွာမြို့

လုပ်ငန်းရည်မှန်းချက်များအောင်မြင်ရေး ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများအား စဉ်ဆက်မပြတ် ပွင့်လင်းမြင်သာစွာအသိပေး

နေပြည်တော် ဇန်နဝါရီ ၇

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေး အစီရင်ခံစာအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကော်မတီညှိနှိုင်းအစည်းအဝေးအား ယနေ့ညနေ ၃ နာရီတွင် နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အမှာစကားပြောကြားရာတွင် ကော်မရှင်၏ အစီရင်ခံစာပါ ကဏ္ဍအလိုက် လုပ်ငန်းများကို ဖော်ဆောင်လျက်ရှိသည့်အပြင် ဒေသခံပြည်သူလူထုအတွက် ရေတိုရေရှည်အကျိုးရှိမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကိုပါ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အစီရင်ခံစာတွင် မပါရှိသော်လည်း ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် EIA/SIA လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်နေမှု၊ ဩစတြေးလျနိုင်ငံ Knight Piesold နှင့် ESLA Scoping Study Report၊ Terms of Reference (TOR) အပေါ် သုံးသပ်စိစစ်ခြင်းများ၊ Environmental Management Plan နှင့်စပ်လျဉ်း၍ အသေးစိတ်ဆောင်ရွက်နေမှု အခြေအနေများကို ပြည်တွင်းပြည်ပမှ အချိန်နှင့်တစ်ပြေးညီ သိရှိစေရေးအတွက် Website လွှင့်တင်၍ ထုတ်ပြန်ဖော်ပြသွားရန်ဖြစ်ကြောင်း၊ ယခုလအတွင်း ဒေသခံပြည်သူများအား သဘာဝပတ်ဝန်းကျင်ထိမ်းသိမ်းရေး လုပ်ငန်းများကို အကျယ်တဝင့် ဆွေးနွေးပြောကြားရှင်းလင်းမှုနှင့်အတူ ဒေသခံများ၏ ထင်မြင်ယူဆချက်များ၊ အကြံပြုချက်များကိုလည်း ဖြည့်စွက်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ဒေသခံတောင်သူများအတွင်း မြေယာဆိုင်ရာ အငြင်းပွားမှုများနှင့် တိုင်ကြားတင်ပြမှုများအပေါ် စနစ်တကျစိစစ်၍ ပြန်လည် ရှင်းလင်းပေးရန်ဖြစ်ကြောင်း ပြောကြားသည်။

အမှာစကား ပြောကြား

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက စီမံကိန်းလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ ကော်မတီဒုတိယဥက္ကဋ္ဌ၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦးက လက်ပံတောင်းတောင် ကြေးနီစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ ကော်မတီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးကိုကိုက လုံခြုံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ ကော်မတီအဖွဲ့ဝင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ သက်ဆိုင်ရာလုပ်ငန်းအဖွဲ့ခေါင်းဆောင်များဖြစ်သည့် ဒုတိယဝန်ကြီးများနှင့် အစည်းအဝေး တက်ရောက်လာကြသူများက မိမိတို့ ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ကော်မတီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက လုပ်ငန်းရည်မှန်းချက်များအောင်မြင်ရေး ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများအား စဉ်ဆက်မပြတ်ပွင့်လင်းမြင်သာစွာအသိပေး၍ ယင်းတို့၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းသည် နိုင်ငံတော်အတွက် စံပြစီမံကိန်းကြီးအဖြစ် အားလုံးတက်ညီလက်ညီဖြင့် ဒေသခံပြည်သူများနှင့်အတူ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ကြောင်းနှင့် ဆောင်ရွက်မှုအခြေအနေကို သတင်းမီဒီယာများတွင် ထည့်သွင်းဖော်ပြသွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေကြောင်းသတိပေးချက်ထုတ်ပြန်

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Daewoo International Corporation (Myanmar E & P) သည် ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် AD-7 တွင် 3D Marine Seismic Acquisition Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV RAMFORM EXPLORER ဖြင့် ဇန်နဝါရီ ၁၀ ရက်မှ မတ် ၁၀ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

3D Marine Seismic Acquisition Survey လုပ်ငန်းများ ဆောင်ရွက်မည့် ဧရိယာတည်နေရာများမှာ Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၅၈ မိနစ် ၃၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၄၉ မိနစ် ၀၂ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၅၄ မိနစ် ၄၉ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၅၅ မိနစ် ၅၆ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၉ မိနစ် ၁၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၀၅ မိနစ် ၄၂ စက္ကန့်၊ Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၆ မိနစ် ၀၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၀၃ မိနစ် ၂၁ စက္ကန့်၊ Point E မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၆ မိနစ် ၀၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၄၅ မိနစ် ၂၇ စက္ကန့်နှင့် Point F မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၅ မိနစ် ၃၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၃၉ မိနစ် ၃၃ စက္ကန့် အတွင်းတွင် ဖြစ်သည်။

သို့ဖြစ်ပါ၍ ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် AD-7 တွင် 3D Marine Seismic Acquisition Survey လုပ်ငန်းများကို တိုင်းတာရေး ရေယာဉ် MV RAMFORM EXPLORER ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး၊ ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ၊ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန

မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ် ပဥ္စမအကြိမ် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၇

နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမတွင် ယမန်နေ့က စတင်ဖွင့်လှစ် ရောင်းချခဲ့သည့် ကျောက်မျက်ရိုင်းများနှင့်ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ ဒုတိယနေ့ကို ယနေ့ ဆက်လက်ကျင်းပသည်။

နံနက်ပိုင်းမှစတင်၍ ပြည်တွင်းကျောက်မျက်ရတနာလုပ်ငန်းရှင်များနှင့် ကျောက်မျက်ရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမ ပရိဝုဏ်အတွင်း သတ်မှတ်ဧရိယာများအလိုက် တင်ဒါစနစ်ဖြင့် ရောင်းချရန်အတွက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စနစ်တကျ လိုက်လံလေ့လာကြည့်ရှုစစ်ဆေးကြကာ မိမိတို့ဝယ်ယူလိုသည့် ကျောက်စိမ်းအတွဲများကို အမှတ်အသားပြုကြသည်။

အလားတူ ကျောက်စိမ်းခန်းမအတွင်းရှိ အပေါ်ထပ်ပြခန်းများတွင် ခင်းကျင်းပြသထားသည့် ကျောက်မျက်အတွဲများကို ဝယ်ယူလိုသူများက စိတ်ပါဝင်စားစွာဖြင့် တစ်ခန်းဝင်တစ်ခန်းထွက် လိုက်လံကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ် ပဥ္စမအကြိမ် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကို မဏိရတနာကျောက်စိမ်းခန်းမ မြေညီထပ် အစည်းအဝေးခန်းမကြီးတွင် ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ် နာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင် တက်ရောက်အမှာစကားပြောကြားပြီး သဘာပတိ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးတေဇနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ် အလုပ်အမှုဆောင်အဖွဲ့၏ (၂၀၁၂/၂၀၁၃) ခုနှစ်အတွက် နှစ်ပတ်လည်အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကို အသင်း၏ အထက်တန်း စာရင်းစစ် ဒေါ်ဌေးဌေးကြည်က ဖတ်ကြားတင်ပြကာ အတည်ပြုချက် ရယူသည်။

ယင်းနောက် အသင်းသားများ ကြိုတင်ပေးပို့ထားသော မေးမြန်းချက်များနှင့် အကြံပြုချက်များကို ဖြေကြားပေးခြင်း ကိစ္စရပ်များကို အခမ်းအနားမှူးက အသင်းသားများကိုယ်စား မေးမြန်းဆောင်ရွက်ပေးပြီး သဘာပတိက နိဂုံးချုပ်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယခုကျင်းပလျက်ရှိသည့်ပွဲတွင် ကျောက်စိမ်းအတွဲ ၂၈၃၉ တွဲနှင့် ကျောက်မျက်အတွဲ ၁၅၇ တွဲကို တင်ဒါစနစ်ဖြင့် ဇန်နဝါရီ ၁၀ ရက်အထိ ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၊ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၄ ဖြင့် **ဦးသန်းထွန်း**(မန်နေဂျင်းဒါရိုက်တာ၊ မုံရွာဆောက်လုပ်ရေးကုမ္ပဏီ)၊ (ဥက္ကဋ္ဌ၊ မုံရွာရွှေအုပ်စုကုမ္ပဏီလီမိတက်)အား **သီဟသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်တော်** ချီးမြှင့်အပ်နှင်းခံရသည့်အတွက် မိသားစုနှင့်ထပ်တူ အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါသည်။ နောင်တွင်လည်း သက်ရှည်ကျန်းမာချမ်းသာစွာဖြင့် သာသနာ့အကျိုး၊ နိုင်ငံ့အကျိုးကို ဆတက်ထမ်းပိုးတိုး၍ ထမ်းရွက်နိုင်ပါစေရန် ဆုမွန်ကောင်းတောင်း၍ ဝမ်းမြောက်ဂုဏ်ယူအပ်ပါသည်။

ဦးအောင်နိုင်ဦး(တာဝန်ခံ)နှင့် ဝန်ထမ်းများ
ရွှေလွန်းပျံ ဇက်ကူးတို့လုပ်ငန်း၊ မုံရွာမြို့

ပြည်တွင်းသတင်း

❖ **ရှေ့ဖုံးမှ**

ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်း၊ ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းနှင့် ၂၀၁၄ ခုနှစ် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းတို့ကို ဆွေးနွေးကြရန်ဖြစ်ပါကြောင်း၊ ယခုရေးဆွဲထားသည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းသည် မိမိတို့အစိုးရတာဝန်ယူသည့် စတုတ္ထနှစ်မြောက်ကာလအတွက် ဘဏ္ဍာငွေအရအသုံးစာရင်း ဖြစ်ပါကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မူဝါဒများချမှတ်၍ စီမံကိန်းများရေးဆွဲခြင်း၊ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများ လုပ်ဆောင်လျက်ရှိပါကြောင်း၊ ယင်းသို့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စု၏နှစ်စဉ်အရအသုံး ခန့်မှန်းခြေငွေစာရင်းကိုအခြေပြုသော ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကိုရေးဆွဲပြီးဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းအတည်ပြုချက်ရယူဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ရာ ပြည်ထောင်စုအစိုးရအဖွဲ့က ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းသည့် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့သည် အချိတ်အဆက်မိနေရန် လိုအပ်ပါကြောင်း၊ ယခုနှစ်မှာဆိုလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အခွန်အကောက်ဆိုင်ရာဥပဒေကြမ်းကိုလည်း ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းမည်ဖြစ်ပါကြောင်း။

ပြည်ထောင်စု၏ နှစ်စဉ်ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေစာရင်းများ ရေးဆွဲတင်ပြရာတွင် တစ်နှစ်ထက်တစ်နှစ် အစိုးရ၏မူဝါဒများကို ပိုမိုအထောက်အကူပြုနိုင်မည့် အရအသုံးခန့်မှန်းခြေစာရင်းများ ဖြစ်လာအောင် တစ်ဖက်ကကြိုးပမ်းဆောင်ရွက်ခဲ့သကဲ့သို့ တစ်ဖက်ကလည်း ပြည်ထောင်စုနှင့်တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ဘဏ္ဍာငွေအရအသုံး အချိုးအစားများကိုလည်း ပိုမိုလျော်ကန်သင့်မြတ်သော အချိုးအစားများ ဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့ကြောင့် ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် ပြည်ထောင်စု၏ရငွေများ တိုးတက်လာသကဲ့သို့ သုံးစွဲငွေများလည်း တိုးတက်လာသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ မိမိတို့အစိုးရအပေါ် နိုင်ငံတကာအသိုက်အဝန်းက အသိအမှတ်ပြုမှုများ ပြန်လည်ရရှိခဲ့ပြီဖြစ်၍ ပြည်ပအကူအညီရရှိငွေနှင့် ပြည်ပချေးငွေများ တစ်နှစ်ထက်တစ်နှစ် တိုးတက်ရရှိလာသည်ကိုလည်းတွေ့ရမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုနှင့်တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ရသုံးငွေအချိုးအစားကို ပိုမိုလျော်ကန်သင့်မြတ်စေရန် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရငွေများနှင့် အသုံးစရိတ်များခွဲဝေပေးခြင်းကိုလည်း စနစ်တကျ ညှိနှိုင်းဆောင်ရွက်ခဲ့ပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ဖြည့်ဆည်းပေးခြင်းကိုလည်း ပိုမိုတိုးမြှင့်၍ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ယခုတင်ပြသည့် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ဘဏ္ဍာငွေအရအသုံးစာရင်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဒုတိယသမ္မတများက စိစစ်ထားပြီး ဖြစ်ပါကြောင်း၊ စိစစ်ပြီး စာရင်းများအရ ပြည်ထောင်စု၏စုစုပေါင်းရငွေမှာ ကျပ် ၁၆၅၄၄ ဒသမ ၆၄၇ ဘီလီယံ၊ စုစုပေါင်းသုံးငွေမှာ ကျပ် ၁၉၂၉၅ ဒသမ ၂၉၂ ဘီလီယံဖြစ်၍ လိုငွေကျပ် ၂၇၅၀ ဒသမ ၆၄၅ ဘီလီယံဖြစ်ပေါ်ပါကြောင်း၊ ယခုနှစ်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်များ၏လိုငွေအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ကျပ် ၁၄၂၀ ဒသမ ၇၃၇ ဘီလီယံထောက်ပံ့ပေးမည်ဖြစ်ပြီး ကျပ် ၂၅ ဒသမ ၅၁၇ ဘီလီယံကို ချေးငွေအဖြစ် ခွင့်ပြုပေးမည်ဖြစ်ပါကြောင်း။

၂၀၁၄-၂၀၁၅ ခုနှစ် တစ်မျိုးသားလုံး၏ စုစုပေါင်း ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (GDP) သည် ကျပ် ၆၆၁၈၇ ဒသမ ၁၁၉ ဘီလီယံဖြစ်သည့်အတွက် လိုငွေနှင့်ဂျီဒီပီအချိုးသည် ၄ ဒသမ ၁၆ ရာခိုင်နှုန်းဖြစ်သည်ကို တွေ့ရှိရပါကြောင်း။

ယခုနှစ် ပြည်ထောင်စုဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေငွေစာရင်းအပေါ် သုံးသပ်ကြည့်ပါက နိုင်ငံတော်တစ်ခုလုံး၏ ရငွေအပေါ် ပြည်ထောင်စု၏ပါဝင်မှုအချိုး ၈၆ ဒသမ ၃၂ ရာခိုင်နှုန်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ပါဝင်မှုအချိုး ၁၃ ဒသမ ၆၈ ရာခိုင်နှုန်းဖြစ်ပြီး နိုင်ငံတော်တစ်ခုလုံး၏ သုံးငွေအပေါ်တွင် ပြည်ထောင်စု၏ ပါဝင်မှုအချိုး ၈၈ ဒသမ ၀၃ ရာခိုင်နှုန်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ပါဝင်မှုအချိုး ၁၁ ဒသမ ၉၇ ရာခိုင်နှုန်းဖြစ်ကြောင်း တွေ့ရှိရပါကြောင်း၊ ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏လိုငွေအတွက် ထောက်ပံ့ပေးငွေသည် ကျပ် ၁၄၂၀ ဒသမ ၇၃၇ ဘီလီယံဖြစ်ပြီး ယခင်နှစ်က ထောက်ပံ့ပေးငွေ ကျပ် ၆၂၆ ဒသမ ၃၃၃ ဘီလီယံနှင့် နှိုင်းယှဉ်ပါက နှစ်ဆကျော် ပိုမိုထောက်ပံ့ပေးထားသည်ကို တွေ့ကြရပါကြောင်း။

ပြည်ထောင်စု၏ ဘဏ္ဍာငွေများသုံးစွဲမှုအတွက် လျာထားရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးရည်မှန်းချက်များကို တိုးတက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ထည့်သွင်းခွဲဝေပေးထားပါကြောင်း၊ ထို့အတူ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များအတွက် ပညာရေးနှင့် ကျန်းမာရေးအသုံးစရိတ်များ မြှင့်တင်သုံးစွဲခြင်း၊ ပြည်သူဗဟိုပြုဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောဌာနများတွင် ပိုမိုသုံးစွဲခြင်းနှင့် ဦးစားပေးဆောင်ရွက်ရန်မလိုအပ်သေးသောဌာနများအတွက် စိစစ်လျှော့ချခြင်းများ ဆောင်ရွက်ထားသည်ကို တွေ့ရှိရပါကြောင်း။

နိုင်ငံတော်၏ နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းအရ အစိုးရ၏အသုံးစရိတ်များ တိုးမြှင့်သုံးစွဲနိုင်မှုသည် ဂျီဒီပီအပေါ်တွင်လည်း အကျိုးသက်ရောက်မှုရှိနေပါကြောင်း၊ ဂျီဒီပီတွက်ချက်ရာတွင် စားသုံးမှုတန်ဖိုး၊ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး၊ အစိုးရအသုံးစရိတ်၊ ပို့ကုန်တန်ဖိုး၊ သွင်းကုန်တန်ဖိုးတို့ကို ထည့်သွင်းတွက်ချက်ရသည့်အတွက် မက်ကရိုစီးပွားရေးအခြေအနေများကို မျက်ခြည်မပြတ်လေ့လာပြီး လိုအပ်သည့်နေရာများတွင် အစိုးရ၏အသုံးစရိတ်ကို တိုးမြှင့်သုံးစွဲပေးခြင်းနှင့် အရေးတကြီးမလိုအပ်သေးသည့်နေရာ

ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရှင်းလင်း တင်ပြစဉ်။
(သတင်းစဉ်)



များတွင် အစိုးရ၏အသုံးစရိတ်ကို စိစစ်လျှော့ချသုံးစွဲပေးခြင်းတို့ကို မိမိတို့ ချိန်ဆဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ယခုအချိန်တွင် မိမိတို့အနေဖြင့် နိုင်ငံတော်၏ဘက်စုံကဏ္ဍစုံတွင် ဖွံ့ဖြိုးတိုးတက်မှုများ လျင်လျင်မြန်မြန်ရရှိနိုင်စေရန်ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ဆောင်ရွက်နေချိန်ဖြစ်သည့်အတွက် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းစသည်များ အသစ်ပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ခြင်း၊ ဖြေလျှော့ပေးခြင်း၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်ခြင်း၊ အခြေခံအဆောက်အအုံဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ခြင်း၊ နိုင်ငံပိုင်အခန်းကဏ္ဍများကို တဖြည်းဖြည်းလျှော့ချပြီး ပုဂ္ဂလိကပိုင်အခန်းကဏ္ဍ တိုးမြှင့်လာစေခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာနအသီးသီး၏ကဏ္ဍအလိုက်စီမံကိန်းများတွင် ထည့်သွင်းဆောင်ရွက်စေခြင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများ၏ ဒေသအလိုက်စီမံကိန်းများတွင် ထည့်သွင်းဆောင်ရွက်စေခြင်း၊ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများအပေါ် သုံးသပ်၍ အများပိုင် သို့မဟုတ် ပုဂ္ဂလိကပိုင်အဖြစ် အသွင်ပြောင်းလဲနိုင်ရန်စီစဉ်ခြင်း၊ နိုင်ငံပိုင်အဖြစ်ဆက်လက်ထားရှိရမည့်လုပ်ငန်းများအား စီမံခန့်ခွဲမှုနှင့် စွမ်းဆောင်ရည်တိုးတက်လာစေရန်စီစဉ်ခြင်း၊ ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ကျင့်သုံးဆောင်ရွက်စေခြင်း စသည်တို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ပြည်ထောင်စုနယ်မြေများအားလုံးတွင် အေးချမ်းသာယာဝပြောပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့်လည်းကောင်း၊ စည်းစည်းလုံးလုံးညီညီညွတ်ညွတ်ဖြင့် ကြိုးပမ်းဆောင်ရွက်နေကြပါကြောင်း၊ နိုင်ငံတော်၏ဂျီဒီပီတိုးတက်ရေး၊ တစ်ဦးကျဝင်ငွေတိုးတက်ရေး၊ ဆင်းရဲမှုနှုန်းလျော့ကျရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေးကဏ္ဍ ခေတ်မီဖွံ့ဖြိုးလာစေရေး စသည့်ရည်မှန်းချက်များကို ဖော်ဆောင်ရာမှာ တိုင်းဒေသကြီးအသီးသီး၊ ပြည်နယ်အသီးသီးအပါအဝင် နိုင်ငံတော်တစ်ဝန်းလုံးကို ပျံ့နှံ့ရောက်ရှိအောင် ဖော်ဆောင်ကြရမည်ဖြစ်ပါကြောင်း၊ ထိုသို့ ဖော်ဆောင်နိုင်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ အစိုးရအဖွဲ့များ၏ ရငွေများတိုးတက်ရရှိလာအောင် စွမ်းဆောင်နိုင်မှုနှင့် အသုံးစရိတ်များကို ထိရောက်မှန်ကန်စွာနှင့် လုံလောက်စွာသုံးစွဲနိုင်မှုတို့သည် အလွန်အရေးကြီးလှပါကြောင်း။

ဆက်လက်ပြီး ယခုနှစ်တင်သွင်းမည့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းနှင့်ပတ်သက်၍ ပြောကြားလိုပါကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင် နိုင်ငံတော်အစိုးရ၏အဓိကရငွေမှာ အခွန်အကောက်မှ ရရှိငွေဖြစ်ပါကြောင်း၊ နိုင်ငံတော်ကပိုင်ဆိုင်သော မြေထု၊ ရေထု၊ လေထု၊ သဘာဝသယံဇာတ အရင်းအမြစ်များကို သုံးစွဲမှုများထံမှ အခွန်အခများ ရရှိရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ နယ်မြေအကျယ်အဝန်း၊ လူဦးရေ၊ စီးပွားရေးလုပ်ငန်းများ အခြေအနေပေါ်မူတည်၍ အခွန်အခြေခံကိုချဲ့ထွင်ခြင်း၊ အခွန်တိမ်းရှောင်မှုများကိုဖော်ထုတ်ခြင်း၊ အခွန်ထမ်းသူများအားမက်လုံးပေးခြင်းဖြင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်ငွေများတိုးတက်ရရှိအောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၀(ခ)တွင် "ပြည်ထောင်စုအစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော နိုင်ငံတော်၏အမျိုးသားစီမံကိန်း၊ နှစ်စဉ် အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမည်"ဟု ပြဋ္ဌာန်းထားပါကြောင်း၊ သို့ဖြစ်၍ ယခုလာမည့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေးတွင် အခွန်အကောက်ဆိုင်ရာဥပဒေကြမ်းကို စတင်တင်သွင်းတော့မည်ဖြစ်ပါကြောင်း၊ ယင်းဥပဒေကြမ်းတွင် အခွန်လျာထားချက်၊ အခွန်နှုန်းများ သတ်မှတ်ခြင်းနှင့်အစီရင်ခံခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ကုန်သွယ်လုပ်ငန်းခွန်နှုန်းထားများ၊ ဝင်ငွေခွန်နှုန်းထားများ၊ အခွန်စနစ်ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်နေမှုများ ပါဝင်မည်ဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့တင်ပြမည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေကြမ်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းတို့အပေါ် ဝိုင်းဝန်းဆွေးနွေးအတည်ပြုပေးကြရန် တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်လိုက်ပါ

ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညွန့်ထွန်း ရှင်းလင်း တင်ပြစဉ်။
(သတင်းစဉ်)

ကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်းကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညွန့်ထွန်းက တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲတင်ပြမှုအပေါ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်ခဲ့မှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဘဏ္ဍာရေးကော်မရှင်အတွင်းရေးမှူး ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်း၊ ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ(မူကြမ်း)နှင့် ၂၀၁၄ ခုနှစ် အခွန်အကောက်ဆိုင်ရာဥပဒေ(မူကြမ်း)တို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဘဏ္ဍာရေးဆိုင်ရာများကို ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတက လိုအပ်သည်များကိုဖြည့်ဆည်းမှာကြားပြီး နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် ဘဏ္ဍာရေးကော်မရှင်အစည်းအဝေး(၁/၂၀၁၄)တွင် အတည်ပြုသော ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေငွေစာရင်း၊ ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၊ ၂၀၁၄ ခုနှစ် အခွန်အကောက်ဥပဒေကြမ်းတို့ကို မကြာမီကျင်းပတော့မည့် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေးသို့ ပြည်ထောင်စုအစိုးရအဖွဲ့က ဥပဒေနှင့်အညီ တင်သွင်းသွားမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်က တာဝန်ပေးအပ်ထားသောကော်မတီအသီးသီးနှင့် လွှတ်တော်ကိုယ်စားလှယ်များကလည်း မိမိတို့တင်သွင်းသည့် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ဥပဒေကြမ်းများအပေါ် စိစစ်ခြင်း၊ ဆွေးနွေးသုံးသပ်ခြင်း၊ အတည်ပြုခြင်းများကို ဆောင်ရွက်ကြမည်ဖြစ်ပါကြောင်း။

ယခုတင်ပြသည့် ရသုံးခန့်မှန်းခြေငွေစာရင်းတွင်ပါဝင်သော အမျိုးသားစီမံကိန်း၏ နိုင်ငံပိုင်အခန်းကဏ္ဍ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အသုံးစရိတ်များကို ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့ကလည်းကောင်း၊ သာမန်အသုံးစရိတ်များကို ဘဏ္ဍာရေးဝန်ကြီးဌာနကလည်းကောင်း စနစ်တကျစိစစ်ခဲ့ပါကြောင်း၊ ထို့ကြောင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းတွင်ပါဝင်သည့် အသုံးစရိတ်များဖြင့် နိုင်ငံတော်၏ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေစာရင်းတွင်ပါဝင်သော ပြည်ပအကူအညီနှင့် ပြည်ပချေးငွေများသည်လည်း နိုင်ငံတော်က ဖော်ဆောင်လျက်ရှိသည့် ဖွံ့ဖြိုးမှုစီမံကိန်းများ အောင်မြင်စေရန် ပံ့ပိုးပေးမည့်ဘဏ္ဍာငွေအရင်းအမြစ်များ ဖြစ်ကြပါကြောင်း။

မိမိတို့တာဝန်ယူသည့် အချိန်ကာလအတွင်းတွင်ရရှိလာသော ပြည်ပအကူအညီအထောက်အပံ့များ၊ ပြည်ပချေးငွေများကို တိုင်းပြည်အတွက် အကျိုးရှိရှိ ထိထိရောက်ရောက်အသုံးချရန် တိုက်တွန်းမှာကြားလိုပါကြောင်း၊ နိုင်ငံတော်၏ဘတ်ဂျက်ကို နှစ်စဉ်လိုငွေပြနေသည့်အနေအထားမှ အရအသုံးညီမျှသည့်အနေအထား၊ ၎င်းမှတစ်ဆင့် ပိုငွေပြသည့် အနေအထားမျိုးကို ရောက်ရှိလာစေရန် ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း၊ သို့မှသာ နိုင်ငံတော်အပေါ်တင်ရှိနေသော ပြည်တွင်းပြည်ပ ကြွေးမြီများကို ပေးဆပ်နိုင်ခြင်း၊ လျှော့ချနိုင်ခြင်းများကို လုပ်ဆောင်နိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုဆောင်ရွက်လာနိုင်မည်ဖြစ်ပါကြောင်း။

ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးနောက် ယင်းဥပဒေနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ကြသည့်အခါ မိမိတို့မျှော်မှန်းထားသည့်ရငွေများ မှန်မှန်ကန်ကန်ရရှိရေး၊ မိမိတို့လျာထားခဲ့သည့် အသုံးစရိတ်များကို မှန်မှန်ကန်ကန် စနစ်တကျ အချိန်မီသုံးစွဲနိုင်ရေးတို့သည် အထူးအရေးကြီးပါကြောင်း၊ ရငွေများကို လျာထားသည်ထက် ပိုမိုရရှိလာအောင် ကြိုးပမ်းကြစေလိုပါကြောင်း၊ သုံးငွေများကို သုံးစွဲရာတွင်လည်း ရည်မှန်းသည့်အတိုင်း မသုံးစွဲနိုင်ပါက ဘဏ္ဍာရေးနှစ်မကုန်မီ ပြန်လည်အပ်နှံကြရမည်ကိုလည်း အထူးသတိပြုကြစေလိုပါကြောင်း၊

နိုင်ငံတော်အနေဖြင့် အချို့ပြန်လည်အပ်နှံသော ပိုလျှံငွေများကို အသုံးလိုအပ်သည့် နေရာများတွင် ပြန်လည်သုံးစွဲနိုင်အောင် ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုအဆင့်ဌာနအဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းများအနေဖြင့် ခွဲဝေရရှိသောဘဏ္ဍာငွေများကို ဘဏ္ဍာရေး စည်းမျဉ်းများနှင့်အညီ ထိထိရောက်ရောက်သုံးစွဲနိုင်ကြစေရန် အလေးထား ဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဌာနအကြီးအကဲများသည် ဘဏ္ဍာရေးတာဝန်ခံကြီးကြပ်သူအရာရှိများဖြစ်ကြပြီး လက်အောက်သို့ဘဏ္ဍာရေးလုပ်ပိုင်ခွင့်များကို လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အဆင့်ဆင့်ခွဲဝေအပ်နှင်းလျက် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ပြည်သူ့ဘဏ္ဍာငွေများဖြစ်သည့်အတွက် သုံးစွဲဆောင်ရွက်ရသော အသုံးစရိတ်တိုင်းတွင် တာဝန်ယူမှု၊ တာဝန်ခံမှုများရှိရမည်၊ ပွင့်လင်းမြင်သာမှုများရှိရမည်၊ စနစ်တကျ အစစ်ဆေးခံနိုင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

နှစ်စဉ် အရအသုံးခန့်မှန်းခြေလျာထားချက်များ ပြုလုပ်သည့်အခါ ယခင်နှစ် အရအသုံးများကိုသာ အခြေခံခန့်မှန်းခြင်းမျိုးမဟုတ်ဘဲ အစိုးရ၏မူဝါဒကို အခြေခံသော၊ ဌာနအဖွဲ့အစည်း၏ စွမ်းဆောင်ရည်ကို အခြေခံသော အရအသုံးစာရင်းများဖြစ်လာစေရန် မိမိတို့ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဤဘဏ္ဍာငွေအရအသုံးစာရင်းများသည် မိမိတို့ရည်မှန်းထားသော ပြည်သူဗဟိုပြု ဖွံ့ဖြိုးမှုစီမံကိန်းများကို အချိန်တိုအတွင်း လျင်လျင်မြန်မြန် ဖော်ဆောင်နိုင်စေရန်အတွက် အထောက်အပံ့ဖြစ်စေရမည်ဖြစ်ပါကြောင်း၊ ယခုနှစ်အရ အသုံးခန့်မှန်းခြေစာရင်းများ ရေးဆွဲရာတွင် အထက်နှင့်အောက် အပြန်အလှန်ပေါင်းစပ်ညှိနှိုင်းသုံးသပ်စိစစ်ပြီး လျာထားခဲ့သည်ကို တွေ့ရှိရပါကြောင်း။

နိုင်ငံတော်၏ အခွန်အကောက်ရငွေများနှင့်ပတ်သက်ပြီး ပြောကြားလိုပါကြောင်း၊ အနာဂတ်ကာလတွင် မိမိတို့နိုင်ငံသည်လည်း အခြားနိုင်ငံများနည်းတူ အစိုးရ၏ အသုံးစရိတ်များကို နိုင်ငံတော်က ကောက်ခံရရှိသော အခွန်ငွေနှင့်ရပ်တည်ဆောင်ရွက်နိုင်သည့် နိုင်ငံဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရသင့်ရထိုက်သော အခွန်အကောက်ရရှိရေး၊ အခွန်ထမ်းပြည်သူလူထုအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ ပြည်သူလူထုက လိုလားစွာ အခွန်ထမ်းဆောင်သော အခွန်ယဉ်ကျေးမှုထွန်းကားရေး၊ နိုင်ငံတကာစံနှုန်းနှင့်ကိုက်ညီသော ပွင့်လင်းမြင်သာသော၊ ရှင်းလင်းလွယ်ကူစွာ ထမ်းဆောင်နိုင်သော၊ မသမာမှုကင်းရှင်းသော အခွန်စနစ် ဖြစ်ထွန်းပေါ်ပေါက်လာစေရေးအတွက် အလေးအနက်ထား ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

ယခုအခါ အခွန်အကောက်ရငွေများအပါအဝင် ရငွေများကို တိုးတက်ရရှိလာစေရန် ကြိုးပမ်းနေသလို အသုံးစရိတ်အပိုင်းတွင်လည်း တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်သုံးစွဲလာနိုင်စေရန် ကြိုးပမ်းလျက်ရှိပါကြောင်း၊ သုံးသင့်သုံးထိုက်သောအသုံးစရိတ်များကို မှန်ကန်ထိရောက်စွာ သုံးစွဲနိုင်ရန် အရေးကြီးပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန် အဘက်ဘက်က အရှိန်အဟုန်မြှင့်ကြိုးပမ်းဆောင်ရွက်နေချိန်ဖြစ်သဖြင့် ဝန်ကြီးဌာနများက အကောင်အထည်ဖော်ဆောင်ရွက်ကြမည့် ကဏ္ဍအလိုက် စီမံကိန်းများနှင့် ဒေသအလိုက် စီမံကိန်းများ၏ ရည်မှန်းချက်များ အောင်မြင်နိုင်ရေးအတွက် လိုအပ်သည့် ငွေလုံး ငွေရင်းအသုံးစရိတ်များနှင့် ဦးစီးဌာန၊ လုပ်ငန်းဌာန၊ လုပ်ငန်းအဖွဲ့အစည်းများ၏ အုပ်ချုပ်မှုစွမ်းရည်တိုးတက်မြင့်မားလာစေရေးအတွက် လိုအပ်သည့် သာမန်အသုံးစရိတ်များကို တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက် သုံးစွဲရမည်ဖြစ်ပါကြောင်း၊ ပညာရေးအသုံးစရိတ်အနေဖြင့် ယမန်နှစ်က စုစုပေါင်းအသုံးစရိတ်တွင် ပါဝင်မှုအချိုး ၅ ဒသမ ၄၃ ရာခိုင်နှုန်းရှိခဲ့ရာမှ ယခုနှစ်တွင် ၅ ဒသမ ၉၂ ရာခိုင်နှုန်းသို့လည်းကောင်း တိုးမြှင့်သုံးစွဲရန် စီမံဆောင်ရွက်ပေးထားပါကြောင်း၊ မူလတန်းကို အခမဲ့ ပညာသင်ကြားခွင့်ဆောင်ရွက်ပေးသကဲ့သို့ အလယ်တန်းကိုလည်း လာမည့်ပညာသင်နှစ်မှာ အခမဲ့ပညာသင်ကြားခွင့်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေး အသုံးစရိတ်အနေဖြင့် ယမန်နှစ်က စုစုပေါင်းအသုံးစရိတ်တွင် ပါဝင်မှု အချိုး ၃ ဒသမ ၁၅ ရာခိုင်နှုန်းရှိခဲ့ရာမှ ယခုနှစ်တွင် ၃ ဒသမ ၃၈ ရာခိုင်နှုန်းသို့လည်းကောင်း တိုးမြှင့်သုံးစွဲရန် လျာထားပါကြောင်း။

ဘဏ္ဍာရေးနှစ်အတွင်း မမျှော်လင့်သော သဘာဝဘေးအန္တရာယ်များ၊ မဖြစ်မနေသုံးစွဲရန် လိုအပ်သည့်အသုံးစရိတ်များ၊ ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲရန် မဖြစ်နိုင်သည့်အသုံးစရိတ်များအတွက် သီးသန့်ရန်ပုံငွေအဖြစ် ကျပ်ဘီလီယံ ၁၀၀ ကိုလည်း ယခင်နှစ်အတိုင်း လျာထားပြီး ယင်းရန်ပုံငွေကို ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေနှင့်အညီ သုံးစွဲရမည်ဖြစ်ပါကြောင်း။

လာမည့်ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် လိုငွေကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ပိုမိုတိုးမြှင့်ထောက်ပံ့ပေးသည့်အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများအတွက် ထောက်ပံ့ငွေများကိုလည်း ထည့်သွင်းလျာထားပါကြောင်း၊ ယင်းသို့ထောက်ပံ့မှုတွင် နယ်မြေဒေသ အခြေအနေအရ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲမှုလျှော့ချနိုင်ရေးအတွက် ပံ့ပိုး ဆောင်ရွက်ပေးရန် အထူးလိုအပ်နေသည့် ပြည်နယ်များကို ပိုမိုထောက်ပံ့ပေးရန် လျာထားပါကြောင်း၊ ထိုထောက်ပံ့ငွေများကို စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေး ရည်မှန်းချက်များ ပြည့်မီအောင် စနစ်တကျ သုံးစွဲအကောင်အထည်ဖော် ဆောင်ရွက်ရန် တိုက်တွန်းလိုပါကြောင်း၊ ထို့အပြင် ပြည်ထောင်စုလွှတ်တော်က မြို့နယ်ကို အခြေခံ၍ ခွဲဝေသတ်မှတ်ပြီး မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် သုံးစွဲရန် ငွေကျပ် ၃၃ ဘီလီယံကိုလည်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ လွှဲပြောင်းထည့်သွင်း ခွဲဝေလျာထားပါကြောင်း၊ ဤရန်ပုံငွေများကို ထုတ်ယူသုံးစွဲနေကြရာတွင်လည်း ပြည်သူ့ဘဏ္ဍာငွေများဖြစ်သည့်အတွက် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

မိမိတို့ကျင့်သုံးဆောင်ရွက်နေသော ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်ကို နိုင်ငံတကာအဆင့်မီ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် ဖြစ်လာစေရေးအတွက် ပြုပြင်ပြောင်းလဲမှု မဟာဗျူဟာ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်နေသည့်နေရာတွင် နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာငွေစာရင်း၊ တစ်နည်းအားဖြင့် ဘတ်ဂျက်ရေးဆွဲမှုကိုလည်း စနစ်တကျဖြစ်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့က စနစ်တကျရေးဆွဲမှု၊ ပြည်ထောင်စုလွှတ်တော်က ဝိုင်းဝန်းစိစစ်ပေးမှုနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက စစ်ဆေးကြပ်မတ်ပေးမှုတို့ကြောင့် အတိုင်းအတာတစ်ခုအထိ တိုးတက်မှုများ ရရှိလာသည်ကို တွေ့ကြရပါကြောင်း၊ စီမံကိန်းနှင့် လိုက်လျောညီထွေဖြစ်သည့် ဘတ်ဂျက်အဖြစ်သို့ ရည်မှန်းဆောင်ရွက်ခြင်း၊ ငွေကြေးသုံးစွဲမှုကို စိစစ်ကြပ်မတ်ခြင်းတို့ကို လုပ်ဆောင်ခဲ့ပါကြောင်း၊ ထို့ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့်နိုင်ငံတော်၏ ဘတ်ဂျက်လိုငွေပေါ်ပေါက်မှုကို ထိန်းကျောင်းဆောင်ရွက်သည့် အသွင်သဏ္ဌာန်ကို တစ်နှစ်ထက်တစ်နှစ် ပိုမိုပီပြင်စွာဆောင်ရွက်လာနိုင်သည်ကို တွေ့ရှိရပါကြောင်း။

နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်နေကြသည့်ဝန်ထမ်းများ၏လစာနှင့် ထောက်ပံ့ကြေးများကိစ္စနှင့်ပတ်သက်၍ တိုင်းပြည်၏စီးပွားရေးအခြေအနေ၊ ရငွေနှင့်သုံးစွဲရမည့်ငွေနှင့်ဘတ်ဂျက်အခြေအနေပေါ်တွင် တွက်ချက်ပြီး အခါအားလျော်စွာ တိုးမြှင့်ထောက်ပံ့ပေးသွားမည်ဖြစ်သည်ကို မိမိ ပြောကြားခဲ့ပါကြောင်း၊ ယင်းကဲ့သို့ နိုင်ငံ့ဝန်ထမ်းများ၏ လစာနှင့်ထောက်ပံ့ကြေးများ တိုးမြှင့်ပေးနိုင်ရန်အတွက် နိုင်ငံတော်၏ ဘဏ္ဍာငွေအခြေအနေ၊ ငွေကြေးဖောင်းပွမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်နိုင်မှု အလားအလာ၊ ဖြစ်ပေါ်ရိုက်ခတ်လာနိုင်သည့် အကျိုးသက်ရောက်မှုများ စသည့်အခြေအနေ အကြောင်းအရာများကို စဉ်းစားသုံးသပ် တွက်ချက်ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုအစိုးရအနေဖြင့် နိုင်ငံ့ဝန်ထမ်းများ၏ လစာနှင့်စရိတ်၊ ပင်စင်လစာနှင့် ဆုကြေးများကို တိုးမြှင့်သတ်မှတ်ပေးခဲ့ပါကြောင်း၊ ယခုလာမည့်ဘဏ္ဍာရေးနှစ်အရအသုံးခန့်မှန်းခြေငွေစာရင်းတွင်လည်း နိုင်ငံ့ဝန်ထမ်းများ၏ လစာငွေကို ကျပ် ၂၀၀၀၀ တိုးမြှင့်ပေးရန်နှင့်ပင်စင်လစာနှင့်ဆုကြေးများကိုလည်း အချိုးကျတိုးမြှင့်ပေးရန် ထည့်သွင်းလျာထားသည်ကို ပြောကြားလိုပါကြောင်း။

အချုပ်အားဖြင့် မိမိတို့အစိုးရအဖွဲ့၏ ရည်မှန်းချက်တာဝန်များဖြစ်သော ပြည်သူဗဟိုပြုသည့်အုပ်ချုပ်ရေးစနစ် ကျင့်သုံးရေး၊ ပြည်တွင်းငြိမ်းချမ်းမှုရရှိရေး၊ ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့ချရေး၊ တစ်ဦးကျဝင်ငွေတိုးတက်လာရေး စသည်တို့အတွက် ပြည်ထောင်စုအဆင့် ဌာနအဖွဲ့အစည်းအားလုံး၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းအားလုံး ခွဲဝေရရှိမည့် ပြည်သူ့ဘဏ္ဍာငွေများကို နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် အကျိုးအရှိဆုံးနှင့်အထိရောက်ဆုံး သုံးစွဲမှု ဖြစ်စေရန် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ စီမံဆောင်ရွက်ကြပါ၊ လျာထားသည့်ရငွေများကို ပြည့်မီကျော်လွန်ရရှိအောင် ကြိုးပမ်းကြပါ၊ ဘဏ္ဍာငွေ အရအသုံးစာရင်းများကို ဌာနတွင်းစာရင်းစစ်ဆေးခြင်းနှင့်စာရင်းစစ်ချုပ်ရုံးအဆင့်ဆင့်၏ စစ်ဆေးမှုခံယူခြင်းတို့ကိုလည်း စနစ်တကျ အလေးထားဆောင်ရွက်ကြပါဟု တိုက်တွန်းမှာကြားလိုပါကြောင်းဖြင့် မှာကြားခဲ့သည်။ **(သတင်းစဉ်)**

❒ *ကျောဖုံးမှ*

တာဝန်ခံ အင်ဂျင်နီယာမှူးကြီး ဦးတင့်လွင်က ပြောကြားသည်။

ဘုရင့်နောင် အမှတ်(၂)တံတားကို သံပေါင်တပ်ဆင်ကာလ၌ ရေလမ်းကြောင်း ထိန်းသိမ်းမှုများကို ပြုလုပ်ရာတွင် တံတားတည်ဆောက်သည့် လှိုင်မြစ်တွင်း၌ ဘုရင့်နောင် ဘက်ကမ်းရေလမ်းကြောင်း၊ အလယ်ရေလမ်းကြောင်းနှင့် လှိုင်သာယာ ဘက်ကမ်း ရေလမ်းကြောင်းဟူ၍ သုံးနေရာဖြတ်သန်းသွားလာနိုင်ပြီး ပထမအဆင့်အနေဖြင့် ဇန်နဝါရီ ၁၆ ရက်တွင် ဘုရင့်နောင်ဘက်ကမ်း ရေလမ်းကြောင်းပိတ်ပြီး ဖေဖော်ဝါရီ ၁ ရက်တွင် လှိုင်သာယာဘက်ကမ်းရှိ ရေလမ်းကြောင်းကို ပိတ်ကာ ပင်မသံပေါင်များ တပ်ဆင်နေချိန်အတွင်း အလယ်ရေလမ်းကြောင်း တစ်ခုကိုသာ သွားလာခွင့်ပြုမည်ဖြစ်သည်။ ယင်းကမ်းနှစ်ဖက်ကို တပ်ဆင်ပြီးပါက ကမ်းနှစ်ဖက်ရှိ ရေလမ်းများ ပြန်ဖွင့်ပေးမည်ဖြစ်ပြီး အလယ်ရေလမ်းကြောင်းကို ပိတ်၍ ပင်မသံပေါင်များ တပ်ဆင်ပေးသွားမည်ဖြစ်သည်။

"ဒီတံတားကြီးက အခုဆိုရင် တည်ဆောက်ပြီးစီးမှု ထက်ဝက်ကျော်မက ပြီးစီးနေပါပြီ။ မကြာမီမှာ ပင်မသံပေါင်ကြီးတွေ တပ်ဆင်တော့မှာဖြစ်လို့ တပ်ဆင်ချိန်အတွင်းမှာ ရေလမ်းကြောင်းအန္တရာယ်ကင်းဖို့ ရေယာဉ်ကြီးတွေကို အဆန်တွင် ဖြတ်သန်းသွားစေပြီး ပေ ၁၀၀ အောက် စက်တပ်ရေယာဉ်ငယ်တွေကို အစုန်၊ အဆန်နှစ်မျိုးစလုံးကို ခွင့်ပြုသွားမှာဖြစ်ပါတယ်။ သင်္ဘောကြီးများကို အဆန်တွင်သာ ဖြတ်သန်းခွင့်ပြုမည် ဖြစ်သော်လည်း ညဘက်မှာ ဖြတ်သန်းခွင့်ပြုမှာ မဟုတ်ပါဘူး။ ပေ ၁၀၀ အောက် စက်တပ် ရေယာဉ်တွေကိုတော့ အဆန်ရော၊ အစုန်ပါ သွားလာခွင့်ပြုမှာဖြစ်ပါတယ်။ ဒါကလည်း သံပေါင်တပ်ချိန်ကာလအတွင်းပါပဲ။ တည်ဆောက်ရေးလုပ်ငန်းအတွက်ရော၊ ဖြတ်သန်းသွားလာနေတဲ့ ရေယာဉ်ကြီး/ငယ်တွေအတွက်ပါ နှစ်ဦးနှစ်ဖက်အန္တရာယ်ကင်းစေဖို့ ရည်ရွယ်လုပ်ဆောင်တာဖြစ်ပါတယ်"ဟု မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အဖွဲ့မှ ဌာနခွဲအင်ဂျင်နီယာ ဦးတင်ကိုက ပြောကြားသည်။

အဆိုပါ ရေလမ်းကြောင်း ထိန်းသိမ်းမှုများပြုလုပ်ရာတွင် ကမ်းတစ်ဖက်စီ၌ လုံခြုံရေးပိုင်းကအစ ရေယာဉ်လမ်းကြောင်း စစ်ဆေးရေး ပညာရှင်များအဖွဲ့က ပေ ၃၀၀၀ အတွင်း စောင့်ကြပ်ပြီး သင်္ဘောကြီး/ငယ်များကို လုပ်ငန်းခွင် မထိခိုက်ရေးအတွက် အဓိက စစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်သည်။ ဘုရင့်နောင် အမှတ်(၂) တံတားကြီးသည် လေးလမ်းသွားဖြစ်၍ ပင်မတံတား အရှည် ၁၆၂၈ ဒသမ ၃ ပေနှင့် ခံနိုင်ဝန်အလေးချိန် ၇၅ တန်ရှိပြီး ရေလမ်းကင်းလွတ်ခွင့်အမြင့်မှာ ၃၆ ပေရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန အထူးစီမံကိန်းကြီး၂အဖွဲ့ (၅) က ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၆ ရက်က စတင်တည်ဆောက် ကာ စုစုပေါင်း မြန်မာငွေကျပ် ဘီလီယံ ၃၀ ခန့် ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

ပြည်တွင်းသတင်း

အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဖိုရမ်နှင့် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းအတွက် NGO/ CSO ရွေးချယ်မှုစည်းဝေး

နေပြည်တော် ဇန်နဝါရီ ၇

အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဖိုရမ်နှင့် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းအတွက် NGO/ CSO ရွေးချယ်မှုအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ Myanmar Peace Center ၌ ကျင်းပသည်။ (အောက်ပုံ)

အစည်းအဝေးတွင် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက နိုင်ငံတော် သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများကို တစိုက်မတ်မတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ Social Economic Framework တစ်ခုကိုလည်း ရေးဆွဲထားရှိပြီး ဖြစ်ပါကြောင်း၊ Quick Win ရရှိရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးတို့အတွက် ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့ဆိုသည့်အတိုင်း ပြည်သူအများတက်တက်ကြွကြွဖြင့် ပူးပေါင်းပါဝင်စေလိုပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ပြည်သူများ၏အား အဓိကလိုအပ်ပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ပိုမိုအောင်မြင်လာမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က မိမိတို့ဝန်ကြီးဌာနသည် ထောင်စုနှစ် ရည်မှန်းချက်နှင့်အညီ ကျေးလက်ဒေသများဖွံ့ဖြိုးလာစေရန်၊ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝမြင့်မားစေရန်နှင့် ကျေးလက်မြို့ပြကွာဟချက်များ ကျဉ်းမြောင်းလာစေရန် မျှော်မှန်း၍ ကျေးလက်ဒေသစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံရေးနှင့် အစားအစာဘေးကင်းမှု ရှိစေရေးဆိုင်ရာ မူဝါဒများချမှတ်ရေး၊ ကျေးလက်တံတား တည်ဆောက်ရေးလုပ်ငန်းများ၊ ရေရရှိရေးနှင့် ကျန်းမာသန့်ရှင်းရေးလုပ်ငန်းများ၊ ကျေးလက်လျှပ်စစ်မီးရရှိရေးနှင့် အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေး၊ သားငါးကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပုဂ္ဂလိကအသားထုတ်လုပ်မှုနှင့် ငါးပုစွန်ထုတ်လုပ်မှု တိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အစိုးရတစ်ခုတည်း၏အားဖြင့် မလုံလောက်ဘဲ ပြည်တွင်းရှိ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အားကို ရယူ၍ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အကြံဉာဏ်များ၊ အကူအညီများရယူ၍ဂင်းတို့နှင့် နီးနီးကပ်ကပ် လက်တွဲပူးပေါင်းကာ ပြည်သူဗဟိုပြုကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ ခိုင်မာ အားကောင်းလာစေရေးနှင့် ကျေးလက်နေပြည်သူများ၏ စွမ်းဆောင်ရည် မြင့်မားစေရေးအတွက် သက်ဆိုင်သူအားလုံးပါဝင်သည့် ရေရှည်တည်တံ့ခိုင်မြဲသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများအားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ဖိတ်ခေါ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကိုကိုက အာဆီယံ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဖိုရမ်နှင့် ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းအတွက် NGO/ CSO ရွေးချယ်မှု အခြေအနေများကို လည်းကောင်း၊ Task Force အဖွဲ့ကိုယ်စားလှယ် ဦးဝင်းမျိုးသူက ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ ထူထောင်ရခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပါမောက္ခဒေါက်တာ အောင်ထွန်းသက်နှင့် ဦးငွေသိမ်းတို့က NGO/ CSO ရွေးချယ်မှုနှင့် ပတ်သက်၍ လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် အဖွဲ့အစည်းများ၊ ကိုယ်စားလှယ်များ၏ ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဦးအုန်းမြင့်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အဆင့်မြင့်စံပြလယ်ယာမြေ ဖော်ထုတ်ခြင်းလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၇

နေပြည်တော်ကောင်စီနယ်မြေအတွင်း အဆင့်မြင့် လယ်ယာ ဖော်ထုတ်ခြင်းလုပ်ငန်းများကို ဇန်နဝါရီ ၇ ရက် နံနက် ၇ နာရီခွဲက နေပြည်တော်ကောင်စီဝင်ဦးမြင့်ရွှေ၊ နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် နေပြည်တော် မြေစာရင်းဦးစီးဌာနမှူးတို့ ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ပျဉ်းမနား၊ ဇေယျာသီရိနှင့် တပ်ကုန်းမြို့နယ်များအတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော အဆင့်မြင့်စံပြလယ်ယာ ဖော်ထုတ်နေမှု အခြေအနေများကို နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်/ကျေး အထောက်အကူပြုကော်မတီဝင်များနှင့် တွေ့ဆုံကာ ကျေးလက်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ကျော်သူဝင်း

ပြည်တွင်းသတင်း

လက်တွေ့ကျသောပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးဆွေးနွေး

မြစ်ကြီးနား ဇန်နဝါရီ ၇

ကချင်ပြည်နယ် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်မှုလုပ်ငန်းနှင့် လက်တွေ့ကျသော ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးဆွေးနွေးပွဲကို ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှုအရ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အမျိုးသားပညာရေးဥပဒေ ပေါ်ထွန်းလာရေးအတွက် အောက်ခြေအဆင့်အထိ ပွင့်လင်းမြင်သာမှုရှိရှိ ချပြဆွေးနွေးပွဲဖြစ်ခြင်းကြောင့် အလွန်အရေးပါသည့် ဆွေးနွေးပွဲတစ်ခုဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ အနာဂတ်ကာလတွင် နိုင်ငံတော်၏ တာဝန်များကို ပခုံးပြောင်းတာဝန်ထမ်းဆောင်မည့် သားကောင်းရတနာများ ပေါ်ထွန်းလာရေးအတွက် ပညာရေးကဏ္ဍသည် အရေးကြီးပါကြောင်း၊ ကောင်းမွန်သော ပညာရေးစနစ်ရောက်ရှိအောင် နိုင်ငံတကာမှ ပညာနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအခါ အခြေခံနှင့် အဆင့်မြင့်ပညာရေးစနစ်များကို နိုင်ငံတကာ၏ ခေတ်စနစ်နှင့်အညီလျော်ညီအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံ၏ သားကောင်းရတနာများ ဖြစ်အောင် မိဘပြည်သူများက ဆန္ဒရှိသည့်အတွက် ယခုဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာမှာ အခြေခံအကျဆုံးနှင့် အရေးကြီးဆုံး ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များထဲတွင် ပညာရေးကဏ္ဍသည် ထိပ်ဆုံးက ပါဝင်ပါကြောင်း၊ နိုင်ငံတကာတန်းဝင်အောင် ပြုပြင်ပြောင်းလဲရန် အသိပညာရှင်၊ အတတ်ပညာရှင်များဘက်က တောင်းဆိုလာသကဲ့သို့ ပြည်သူတစ်ရပ်လုံးကလည်း လိုလိုလားလားတောင်းဆိုလာသည့်အတွက် နိုင်ငံတော်သမ္မတကိုယ်တိုင်က အရေးကြီး လုပ်ငန်းစဉ်တစ်ခုအဖြစ်ခံယူပြီး အမျိုးသားပညာရေးဥပဒေ ပေါ်ထွန်းလာရေးကို ကဏ္ဍပေါင်းစုံက ပညာရှင်များ ပါဝင်စုဖွဲ့ပြီး ဆောင်ရွက်စေခဲ့ခြင်းကို အားလုံးအသိပင် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံပညာရေး ပြုပြင်ပြောင်းလဲမှုအတွက် ကော်မတီတစ်ရပ်ဖွဲ့စည်းခဲ့ပြီး ပညာရှင်အကြံပေးအဖွဲ့ (Advisor Board) နှင့်အတူ အထူးလုပ်ငန်းအဖွဲ့ (Task Force) တို့ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်စေရန် လုပ်ငန်းအဖွဲ့(၁၈)ဖွဲ့ ဖွဲ့စည်းပြီး အသေးစိတ်ကဏ္ဍစုံအောင် ရန်ကုန်စိန်ရတုသဘင်ခန်းမ၌ ပထမမူကြမ်းနှင့် နေပြည်တော်တွင် ဒုတိယမူကြမ်းတို့ကို အချိန်ယူရေးဆွဲဆောင်ရွက်စေခဲ့ကြောင်းကို လေ့လာတွေ့ရှိရပါကြောင်း၊ ယခုဆိုလျှင် ယင်းလုပ်ငန်း (၁၈)ဖွဲ့၏ ဆောင်ရွက်မှုကြောင့် အမျိုးသားပညာရေးဥပဒေ မူကြမ်းပေါ်ထွက်လာပြီး ဖြစ်ပါကြောင်း၊ ကျန်မူကြမ်းကို အောက်ဆင့် အထိ ကျယ်ကျယ်ပြန့်ပြန့်ပါဝင်ဆွေးနွေးနိုင်အောင် ယခုကဲ့သို့ ကျယ်ပြန့် သည့် ဆွေးနွေးပွဲ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ယနေ့ဆွေးနွေးမည့် ပညာရေးဥပဒေမူကြမ်းအပေါ် မိမိတို့ထင်မြင်ယူဆချက်အတိုင်း ပွင့်ပွင့်လင်းလင်း ဝေဖန်ဆွေးနွေးအကြံပေးကြရန် တိုက်တွန်းလိုပါကြောင်း၊ ဤဆွေးနွေးပွဲတွင် တင်ပြသည့်ဆွေးနွေးတင်ပြချက်များကို အားလုံးစုစည်းပြီး ပညာရေးဥပဒေ တတိယမူကြမ်း ရေးဆွဲသည့်အခါတွင် ထည့်သွင်းစဉ်းစားဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် အလွန်အရေးကြီးကြောင်းကို ပြောကြားလိုပါကြောင်း၊ ပညာရေးကဏ္ဍတိုးတက်ဖို့ရန်အတွက် အားလုံးဝိုင်းဝန်းဆောင်ရွက်ရမှာဖြစ်၍ ပွင့်ပွင့်လင်းလင်းဆွေးနွေးအကြံပြုကြပါဟု တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မြစ်ကြီးနား တက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာအေးကို၊ ပြည်နယ်ပညာရေးမှူးဦးထူးမြင့်တို့က ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကဏ္ဍ အသီးသီးရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဆွေးနွေးပွဲတက်ရောက်လာသူများက မူကြိုပညာရေးဆိုင်ရာ၊ ဘုန်းတော်ကြီးသင်ပညာရေးဆိုင်ရာ၊ အခြေခံပညာရေးဆိုင်ရာ၊ ဆရာအတတ် ပညာရေးဆိုင်ရာ၊ ကျောင်းပြင်ပနှင့် လူတိုင်းအကျုံးဝင်ပညာရေးဆိုင်ရာ၊ အဆင့်မြင့်ပညာရေးဆိုင်ရာနှင့် ပုဂ္ဂလိကကျောင်းများဆိုင်ရာကဏ္ဍတို့နှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြပြီး ယင်းဆွေးနွေးချက်များအပေါ် ပါမောက္ခချုပ်က ပြန်လည်သုံးသပ်ဆွေးနွေးကာ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

(ပြည်နယ်ပြန်/ဆက်)

တစ်ပြည်လုံးရှိ ဆားတောင်သူများ ဈေးကွက်ရရှိလာပြီး အဆင်ပြေလာမည်

နေပြည်တော် ဇန်နဝါရီ ၇

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်သည် ဇန်နဝါရီ ၆ ရက် နံနက် ၁၀ နာရီက Caustic Soda and PVC စက်ရုံ(သထုံ) စီမံကိန်းနယ်မြေပတ်ဝန်းကျင်ရှိ ကျေးရွာလေးရွာမှ ပြည်သူလူထုနှင့်တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီးက ဤဒေသအနေဖြင့် စီမံကိန်းနယ်မြေဖြစ်လာပါက လမ်းပန်းဆက်သွယ်ရေး၊ လူမှုရေး၊ ပညာရေးနှင့် ရေမီးစသည်တို့ ဘက်စုံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ဆားနှင့် ထုံးကျောက်တို့အား များစွာသုံးစွဲရမည်ဖြစ်သဖြင့် ဒေသခံပြည်သူများစွာအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လင်းလာမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် စီမံကိန်းတည်ဆောက်ရာတွင် နိုင်ငံတော်၏ အကျိုးနှင့် ပြည်သူတို့၏အကျိုးအား ရှေးရှု၍ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင်အား မထိခိုက်စေရန်အတွက် နောက်ဆုံးပေါ် နည်းစနစ်များဖြင့် လေ့လာသုံးသပ်ပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

ယခုဒေသသည် မွန်ပြည်နယ် အတွင်းဖြစ်သော်လည်း ကရင်တိုင်းရင်းသား အများစု နေထိုင်သည့် နေရာဒေသဖြစ်ကြောင်း၊ ဒေသခံပြည်သူများ၏ အကျိုးစီးပွားကိုမပျက်စီး၊ မထိခိုက်စေဘဲ ဆောင်ရွက်မည့် စီမံကိန်းဖြစ်ကြောင်း၊ စက်မှုဝန်ကြီးဌာနပိုင် မြေပေါ်၌ပင် ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ စက်ရုံတည်ဆောက်မှုကြောင့် သဘာဝပတ်ဝန်းကျင် မထိခိုက်အောင်လေ့လာစစ်ဆေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မွန်ပြည်နယ်တွင် တစ်နှစ်လျှင် ဆားကုန်ကြမ်းတန်ချိန် ၄၀၀၀၀ ကျော်ခန့်ထွက်ရှိကြောင်း၊ ဒေသသုံးစွဲမှုမှာ တန်ချိန် ၁၀၀၀၀ ခန့်သာဖြစ်သဖြင့် တစ်နှစ်လျှင် ဆားတန်ချိန် ၃၀၀၀၀ ကျော်ခန့်ပိုလျှံနေကြောင်း၊ ဤစက်ရုံကြီးဖြစ်လာပါက မိမိတို့မွန်ပြည်နယ်အတွင်းသာမက တစ်ပြည်လုံးရှိ ဆားတောင်သူများအတွက် ဈေးကွက်ရရှိလာပြီး အဆင်ပြေလာမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ယခုတည်ဆောက်မည့် Caustic Soda စက်ရုံသည် တစ်နှစ်လျှင် ဆားကုန်ကြမ်းတန်ချိန် ၇၈၀၀၀ တန်နှင့် ထုံးကျောက်တန်ချိန် ၆၉၀၀၀ တန်ခန့် လိုအပ်ကြောင်း၊ နေ့စဉ် ဆယ်ဘီးကား အစီး ၅၀ မှ ၁၀၀ ကြား သယ်ယူပို့ဆောင်ပေးနေရမည် ဖြစ်ကြောင်း၊ ယခုစက်ရုံသည် နောက်ဆုံးပေါ် နည်းစနစ်ဖြစ်သည့် Ion Exchange Membrane Process နည်းစဉ်များကို အသုံးပြုထုတ်လုပ်မည့် စက်ရုံဖြစ်သဖြင့် ဘေးထွက်ဆိုးကျိုးအနည်းဆုံး ဖြစ်ကြောင်း၊ နိုင်ငံတကာကျင့်သုံးနေကြသော ရေဆိုးသန့်စင်ရေးစနစ်များဖြင့် အဆင့်ဆင့်သန့်စင်၍ စံချိန်စံညွှန်းနှင့်အညီ စီမံဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် ဤစီမံကိန်းသည် ဒေသခံပြည်သူများအတွက် အကျိုးစီးပွား ဖော်ဆောင်ပေးနိုင်မည့် လုပ်ငန်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက စီမံကိန်းနယ်မြေပတ်ဝန်းကျင်ရှိ အင်းရှည်၊ ဆူးအင်း၊ ကျုံမှီ၊ ခရိုးကျေးရွာလေးရွာရှိ အိမ်ထောင်စု ၃၇၄ စု အတွက် ဆန်၊ လုံချည်၊ ရွှေဝါဆပ်ပြာ၊ စတီးပစ္စည်း၊ ကြွေထည်ပစ္စည်း၊ ငွေသားနှင့် လျှုဖွယ်ပစ္စည်းစုစုပေါင်း တန်ဖိုး ၂၀၀၅၀၀၀ကို ပေးအပ်ခဲ့သည်။

မိမိတို့ဒေသတွင် စက်ရုံလာရောက် တည်ဆောက်ပေးသည့်အတွက် ရွာသူရွာသားများအားလုံးက ဝမ်းသာနေကြကြောင်း၊ ရွာသူရွာသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိမည်ဖြစ်သည့်အတွက် ဝမ်းသာပါကြောင်း၊ မိမိတို့ပတ်ဝန်းကျင်ဒေသသည်လည်း အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါကြောင်းဖြင့် အင်းရှည်ကျေးရွာမှ ဦးရွှေထုံက ပြောကြားသည်။

(သတင်းစဉ်)

အထက(၄)အလုံနာရီစင်ကြီး နှစ်(၁၀၀)ပြည့် အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၇

အထက(၄)အလုံတွင် ယခင် (ဘက်ပ်တစ်၊ ကူရှင်၊ ယူနီယံ၊ ယူနိုက်တက်ကျောင်း)မျက်နှာစာအဝင်ဝရှိ ရှေးဟောင်းနာရီစင်ကြီးမှာ ၁၉၁၃ ခုနှစ်က စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ရာ ယခုအခါ နှစ် (၁၀၀) လွန်ခဲ့ပြီဖြစ်သည်။

ဇန်နဝါရီ ၆ ရက် နံနက် ၈ နာရီက အဆိုပါ ကျောင်းနာရီစင်ကြီးရှေ့၌ နှစ်(၁၀၀) ပြည့်အခမ်းအနားကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခိုင်ခိုင်သန်းနှင့် ကျောင်းသားဟောင်းများအသင်းဥက္ကဋ္ဌ ဦးမြင့်သိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

တင်ဝင်းလေး(ကြည့်မြင်တိုင်)

ကျေးရွာချင်းဆက်လမ်းဖွင့်ပွဲကျင်းပ

ပွင့်ဖြူ ဇန်နဝါရီ ၇

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် အနောက်ကိုင်းအုပ်စု ရွာသာညွှန့်ပန်းတုံးလေးကျေးရွာချင်းဆက်လမ်းဖွင့်ပွဲကို ဇန်နဝါရီ ၃ ရက် နံနက် ၈ နာရီက ကျင်းပသည်။

လမ်းဖွင့်ပွဲတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးဝင်းက ယခုကျေးရွာချင်းဆက်လမ်းသည် မြေနီကျောက်စရစ်လမ်းဖြစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ခွင့်ပြုငွေကျပ် သိန်း ၅၀ ကျေးရွာ လူထုထည့်ဝင်ငွေကျပ် ၂၅ သိန်း စုစုပေါင်း ငွေကျပ် ၇၅ သိန်း အကုန်အကျခံကာ လမ်းအရှည် နှစ်မိုင် လေးဖာလုံ/အကျယ် ၁၈ ပေကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ယခုလက်ရှိ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ပွင့်ဖြူမြို့နယ် အတွင်းကျေးလက်ဒေသဖွံ့ဖြိုးရေးလမ်း ခုနစ်လမ်း၊ ကျေးလက်ရေပေးရေးလုပ်ငန်းလေးခု၊ တံတားတစ်စင်း ကျေးရွာ ကျွားမ/ဘော်ဒါဆောင် တစ်ခုတို့ကို မြို့နယ်စည်သာယာရေးအဖွဲ့မှ တိုင်းဒေသကြီးအစိုးရ၏ ညွှန်ကြားချက်အရ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။ ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းထွန်းစိုးက ထိုကဲ့သို့ လမ်းကို အဆင့်မြှင့်ဆောင်ရွက်ခဲ့သဖြင့် ရာသီမရွေးသွားလာနိုင်ပြီဖြစ်၍ ကျေးရွာပြည်သူကိုယ်စား ကျေးဇူးတင်ရှိကြောင်းပြောကြားပြီး ကျေးရွာချင်းဆက်လမ်းကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဘိုသူတို့က ဖဲကြိုးဖြတ်ဖွင့် လှစ်ပေးလိုက်ကြောင်း သိရသည်။ **ပွင့်ဖြူ-ခင်မောင်ဋ္ဌေး**

အောင်လံမြို့နယ်အထက(၁)ပညာရေးစုံညီပွဲတော်ကျင်းပ

အောင်လံ ဇန်နဝါရီ ၇

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ် မြို့နယ်ပညာရေးမှူးရုံးမှ ကြီးမှူးကျင်းပသော ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် မြို့နယ်အဆင့်ပြိုင်ပွဲမှ ထူးချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများ ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီက အောင်လံမြို့ အထက(၁)အောင်ဆန်းခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဆင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသော NGO အဖွဲ့အစည်းများ၊ ဆရာ ဆရာမများ၊ ဆုရကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိဘများ စုစုပေါင်းအင်အား ၅၀၀ ခန့် တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဆင့်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်တင်နွဲ့ကြည်က အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးနှင့် မြို့နယ်အဆင့် ထူးချွန်ဆုရ (ထက်/လယ်/မူ) ကျောင်းသား ကျောင်းသူ ၇၈ ဦးကို ဆုများပေးအပ်ချီးမြှင့်ပြီးနောက် ဖျော်ဖြေရေးအက၊ အလှ၊ ပဒေသာ အစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ **မောင်မောင်အောင်**

ပခုက္ကူပညာရေးကောလိပ် မောင်မယ်သစ်လွင်ကြိုဆို

ပခုက္ကူ ဇန်နဝါရီ ၇

ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန ပခုက္ကူပညာရေးကောလိပ် ပညာစစ်သည်ခန်းမတွင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် သင်တန်းသား သင်တန်းသူတို့၏ မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကို ဇန်နဝါရီ ၁ ရက်က ကျင်းပသည်။ အခမ်းအနားသို့ ပညာရေးကောလိပ် ကျောင်းအုပ်ကြီးနှင့် ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် DTEd (၁၇/၁၂) ဒုတိယနှစ်နှင့် DTEd (၁၈/၁၃) ပထမနှစ် သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၈၂ ဦး တက်ရောက်ကြသည်။

အခမ်းအနားတွင် ပခုက္ကူပညာရေးကောလိပ် ကျောင်းအုပ်ကြီး ဒေါ်သန်းအေးက မောင်မယ်များအား အမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူမောင်မယ်များက "ပြည်မြန်မာ" သီချင်းသီဆို၍ အခမ်းအနားကို အောင်မြင်စွာကျင်းပခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်

အင်းတော် ဇန်နဝါရီ ၇

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်အတွက် ပြည်ထောင်စုလွှတ်တော်က ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၁၀၀၀ ချပေးသဖြင့် အင်းတော်မြို့နယ်အတွင်း သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ ကျေးရွာချင်းဆက်လမ်းတံတားများ၊ ရွာလမ်းများသွားလာနိုင်ရေး၊ စိုက်ပျိုးရေလွယ်ကူစွာရရှိရေးနှင့် ကျေးရွာလူထုအတွက် လိုအပ်ချက်များ ပြည့်စုံကောင်းမွန်စေရေးတို့အတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ရေရရှိရေးလုပ်ငန်း ၁၃ ခု၊ ကျေးလက်လမ်းတံတားလုပ်ငန်း ၆၅ ခု၊ ရေကာတာရိုက်ခြင်းလုပ်ငန်း ၁၅ ခု၊ လယ်ရေသွင်းဆည်ပြုပြင်ခြင်း လုပ်ငန်းခြောက်ခုကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အင်းတော်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်နိုင်ဌေးက ပြောပြသည်။

ယခုအခါ အင်းတော်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်နိုင်ဌေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲမင်းအောင်နှင့်တာဝန်ရှိသူများသည် သက်ဆိုင်ရာ ရပ်ကွက်ကျေးရွာများအလိုက် ဒေသဖွံ့ဖြိုးရေး အထောက်အကူပြုအဖွဲ့များ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံ၍ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူများ ပူးပေါင်းပါဝင်နိုင်သော ဆောင်ရွက်ကြရမည့်အခြေအနေ၊ အစီအမံများကို ရှင်းလင်းပြောကြားပြီး ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းပေးကာ ဧပြီလနောက်ဆုံးထား၍ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။ **(၁၅၆)**

မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံဖွင့်

ရန်ကုန် ဇန်နဝါရီ ၇

ကျန်းမာရေး ဝန်ကြီးဌာနအနေဖြင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် နှီးနွှယ်နေသော ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပြီး သုတေသီများ၏ သုတေသနရလဒ်များကို အမှန်တကယ် အသုံးချနိုင်မှုသည် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ကုန်ကျစရိတ် အနည်းဆုံးနှင့် လူတိုင်း သာတူညီမျှ လက်လှမ်းမီနိုင်ရန် ကြိုးပမ်းရာတွင် ဒုတိယဝန်ကြီး ဒေါက်တာသန်းအောင်က ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန၌ ကျင်းပသည့် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသန ညီလာခံဖွင့်ပွဲတွင် ပြောကြားသည်။

ဒုတိယဝန်ကြီးက ဆက်လက်ပြောကြားရာတွင် အခြေခံကျန်းမာရေး သုတေသန၊ လက်တွေ့အသုံးချ ကျန်းမာရေးသုတေသန၊ ကျန်းမာရေးစနစ် သုတေသနတို့ကို နိုင်ငံတော်၏ ကျန်းမာရေး အဆင့်မြင့်မားရေးအတွက် သုတေသနပြုဆောင်ရွက်ရန်ဖြစ်ကြောင်း၊ သုတေသနကျင့်ဝတ်များနှင့်ပတ်သက်ပြီး ပုဂ္ဂလိကကဏ္ဍမှ ကျန်းမာရေးဝန်ထမ်းများကိုလည်း အခါအားလျော်စွာ ပညာဖြန့်ဖြူးရန်လိုအပ်ကြောင်း၊ သုတေသနရလဒ်များကို အမှန်တကယ် ပြန်လည်အသုံးချနိုင်သည့် သုတေသနဖြစ်သည်အထိ ရည်မှန်းဆောင်ရွက်ကြရန်လိုကြောင်းနှင့် နိုင်ငံနှင့် ပြည်သူလူထုအကျိုးအတွက် ကျယ်ကျယ်ပြန့်ပြန့် လက်တွေ့အသုံးချရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် သုတေသနပိုစတာပြခန်းငယ်နှင့် ဆေးနှင့် ဆေးပစ္စည်းပြခန်းတို့ကို ကြည့်ရှုအားပေးသည်။

တင်သွင်းဖတ်ကြား

စာတမ်းဖတ်ပွဲ ပထမနေ့တွင် သုတေသီပညာရှင်များက စာတမ်းပေါင်း ၁၆ စောင်ကို တင်သွင်းဖတ်ကြားဆွေးနွေးခဲ့ကြသည်။

(၄၂)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသန ညီလာခံကို ကျန်းမာရေးသုတေသန ပညာရပ်များ အဆင့်မြင့်မားတိုးတက်လာစေရန်၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ သုတေသီပညာရှင်များ၏ သုတေသနပြုလုပ်တွေ့ရှိချက်များကို တင်ပြခြင်းဖြင့် အသုံးပြုမည့်သူများ လက်ဝယ်သို့ သုတေသနရလဒ်များ ရောက်ရှိစေရန်နှင့် ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်း ဆောင်ရွက်မှုများ၏ တွေ့ရှိချက် မှတ်တမ်းအထောက်အထားများကို စနစ်တကျ ထိန်းသိမ်းထားရှိရန်၊ သုတေသနလုပ်ငန်းများ၏ အရေးပါသော တွေ့ရှိချက်များကို နှီးနှောဖလှယ် ဆင့်ပွားပေးနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ညီလာခံတွင် သုတေသနစာတမ်းပေါင်း ၉၇ စောင်၊ သုတေသန ပိုစတာပေါင်း ၃၄ စောင် ဖတ်ကြားကြမည်ဖြစ်ပြီး ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲရှစ်ခု၊ ပညာရပ်ဆိုင်ရာ ဟောပြောပွဲတစ်ခုတို့ကို ကျင်းပသွားမည်ဖြစ်သည်။

ညီလာခံကို ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)၌ ဇန်နဝါရီ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ချိန်ခါမရွေး သတိပေး
မိုး ဘေးကင်းဝေးမှာ

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ပုံးပေါက်ကွဲမှုမှ ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးခဲ့သည့် တပ်ဖွဲ့ဝင်များအား ဂုဏ်ပြု

ပဲခူး ဇန်နဝါရီ ၇

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ လိပ်ပြာကန်ရပ်ကွက်ရှိ ရဲရိပ်သာခန်းမ၌ ဇန်နဝါရီ ၇ ရက် နံနက် ၈ နာရီက တောင်ငူမြို့ ချမ်းမြေ့တည်းခိုခန်းပုံးပေါက်ကွဲမှုဖြစ်စဉ်မှ ပြစ်မှုကျူးလွန်သူကို ဖော်ထုတ်ဖမ်းဆီးခဲ့သည့် တပ်ဖွဲ့ဝင်များကို ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပသည်။

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသက်ထွန်း၊ ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြဝင်း၊ ပဲခူးတိုင်းဒေသကြီး (၄)ခရိုင်အတွင်းမှ ခရိုင်တပ်ဖွဲ့မှူးများ၊ မြို့နယ် ရဲတပ်ဖွဲ့မှူးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ပုံးပေါက်ကွဲမှုဖြစ်စဉ်မှ ပြစ်မှုကျူးလွန်သူကို ဖော်ထုတ်ဖမ်းဆီးခဲ့သည့် တပ်ဖွဲ့ဝင်များ စုစုပေါင်း

အင်အား ၁၀၀ ခန့်တက်ရောက်ခဲ့ကြပြီး ဗိုလ်မှူးကြီးသက်ထွန်းက ပုံးပေါက်ကွဲမှုဖြစ်စဉ်မှ ပြစ်မှုကျူးလွန်သူကို ဖော်ထုတ်ဖမ်းဆီးခဲ့သည့်တပ်ဖွဲ့ဝင်များကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သန့်စင်**

နောင်ချိုမြို့နယ်၌ စာကြည့်တိုက်ဖွင့်

ပြင်ဦးလွင် ဇန်နဝါရီ ၇

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ် အမက ရေလင့်ပန်လန်း ကျောင်းစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က အဆိုပါ ကျောင်း၌ ကျင်းပရာ ကျေးရွာတိုင်း၊ စာသင်ကျောင်းတိုင်း စာကြည့်တိုက်ရှိရမည်ဟူသော ရည်ရွယ်ချက်ဖြင့် စေတနာနှင့် ဆောင်ရွက်လျက်ရှိသော အရှင်ပုညသာမိ (ပြင်ဦးလွင်)၊ နောင်ချိုမြို့နယ် ပြန်/ဆက်ဦးစီးမှူး ဒေါ်သန်းသန်းဌေး၊ မြို့နယ်ပညာရေးမှူး ဒေါ်ထင်(န်)ပွေး၊ အလကနမ့်ဆောင်ဟူး ပညာရေးနယ်မြေမှူး ဒေါ်ဖြိုးဖြိုးအောင်တို့ တက်ရောက်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစာရေးဆရာများအသင်းကပေးပို့သော သဝဏ်လွှာကို ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်ညဏ်က ဖတ်ကြားသည်။

အဆိုပါ စာကြည့်တိုက်အတွက် အလှူရှင် ဦးနေလင်းအောင် (မီဒီယာ) စာပေဖြန့်ချိရေး (ပြင်ဦးလွင်)၊ ဦးစိုးမင်းထွန်း-ဒေါ်ဖြိုးဖြိုးသန်း(မေလရောင်ဖြိုး) မိသားစု ရေလင့်နောင်ချို၊ ဦးဝင်းကိုကို(ရွှေပန်းတိမ်) မန္တလေးတို့က စာအုပ်(ဓမ္မ၊ သုတ၊ ရသ၊ စာအုပ်စုံ ၄၅၀) ဂျာနယ်အစောင် ၁၀၀၊ သတင်းစာစောင် ၅၀၊ တန်ဖိုးငွေကျပ်လေးသိန်းခန့်တို့ကို လှူဒါန်းရာ ကျေးရွာအုပ်ချုပ်ရေးမှူးက လက်ခံယူပြီး ကျေးဇူးတင်စကားပြောကြားသည်။

(၀၃၂)

ပညာရေးမြှင့်တင်မှုအသင်းခွဲ ထူးချွန်ထက်မြက်ပြိုင်ပွဲဆုပေး

ဖြူး ဇန်နဝါရီ ၇

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် အုတ်ဖြတ်ဒေသ ပညာရေးမြှင့်တင်မှု အသင်းခွဲမှကြီးမှူး၍ စတုတ္ထတန်း ကျောင်းသား ကျောင်းသူလေးများအား ပညာရည်မြင့်မားရေးအတွက် ထူးချွန်ထက်မြက်ယှဉ်ပြိုင်ပွဲဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ ရက် စောင်းလျားခုံရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

ထူးချွန်ထက်မြက်ပြိုင်ပွဲကို ဒီဇင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ အုတ်ဖြတ်ဒေသအတွင်းရှိ အခြေခံပညာမူလတန်းကျောင်း ၂၅ ကျောင်းတို့မှ စတုတ္ထတန်း ကျောင်းသား ကျောင်းသူ ၁၆၈ ဦးတို့ဝင်ရောက်ယှဉ်ပြိုင်ကြရာ မြန်မာစာထူးချွန် ပထမ၊ ဒုတိယ၊ တတိယဆု၊ အင်္ဂလိပ်စာထူးချွန် ပထမ၊ ဒုတိယ၊ တတိယဆု၊ သင်္ချာထူးချွန် ပထမ၊ ဒုတိယ၊ တတိယဆုများရရှိကြသည့် ကျောင်းသား ကျောင်းသူ ကိုးဦး၊ နှစ်သိမ့်ဆု ၁၀ ဆုနှင့် ဝင်ရောက်ယှဉ်ပြိုင်သူ ကျောင်းသားကျောင်းသူ အားလုံးတို့အား ဗလာစာအုပ် သုံးအုပ်စီကို တက်ရောက်လာကြသည့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

(ဖြူး-မြင့်ဦး)

ကျေးဇူးဆပ်ပါမည်

မဝတ်ရည်တိုး၏ နိုင်ငံသားစိစစ်ရေးကတ်၊ Passport နှင့် ယာဉ်မောင်းလိုင်စင်ပါသော အနက်ရောင်ခါးပတ်ပိုက်ဆံအိတ်တစ်လုံး Taxi ပေါ်တွင် ကျန်ခဲ့ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၃၁၀၈၂၉၄

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးသန်းထွန်းဦး(ဘ)ဦးကျော်ထွန်း၏ မြန်မာနိုင်ငံကူးလက်မှတ် MA-084371 နှင့် ကျွန်မ ဒေါ်သန္တာမော်(ဘ)ဦးကျင်စော၏ မြန်မာနိုင်ငံကူးလက်မှတ် MA-337091 တို့သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၃၁၂၆၃၃၆၊ ၀၉-၇၃၁၁၈၈၇၉



ဥတုရာသီ တောကိုမှီ

စိုက်ပျိုးရေးဦးစီးဌာန
မြေပဒေသာဥယျာဉ်(ပညာပေးဇုန်)တွင်
အခြေခံစိုက်ပျိုးနည်းပညာပေး
ရက်တိုသင်တန်းများဖွင့်လှစ်မည်

၁။ **ပရဆေးစိုက်ပျိုးနည်း** - ၁၄-၁-၂၀၁၄ရက်မှ ၁၆-၁-၂၀၁၄ရက်အထိ
၂။ **သရက်စိုက်ပျိုးနည်း** - ၂၁-၁-၂၀၁၄ရက်မှ ၂၃-၁-၂၀၁၄ရက်အထိ
၃။ **ပိုးသတ်ဆေးစနစ်တကျ** - ၂၈-၁-၂၀၁၄ရက်မှ ၃၀-၁-၂၀၁၄ရက်အထိ
ကိုင်တွယ်အသုံးပြုနည်း

ဆက်သွယ်ရန် - ခြံဦးစီးမှူးရုံး၊ မြေပဒေသာဥယျာဉ်
ဖုန်း-၀၁-၅၄၉၇၃၀

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၅/ရမ္မာဝတီအိမ်ရာ၊ မြေကွက်အမှတ် ၅၄ မြေငှားစာချုပ် အမည်ပေါက် ဒေါ်သီတာလွင် ISO-၁၃၇၈၂၄ က မြေငှားစာချုပ်မူရင်းပျောက်ဆုံးသဖြင့် မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မူလမြေငှားစာချုပ်အားပယ်ဖျက်၍ မြေငှားစာချုပ်မိတ္တူမှန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ လူနေရပ်ကွက်အမှတ်၅၊ မြေကွက်အမှတ် ၂၂/က၊ အကျယ်အဝန်း ပေ(၂၀×၆၀)အကျယ်ရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၅ ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ် ၂၂/က ဟု ခေါ်တွင်သည့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးအောင်မြတ်စိုး ၁၄/မမက(နိုင်) ၀၀၃၅၂၅ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ကျော်ထွန်း (LL.B,LL.M)
အထက်တန်းရှေ့နေ(စဉ်-၃၃၅၀၅)
အေးသန်းကျော်(ဗဟန်း) အိမ်၊ ခြံ၊မြေ အကျိုးဆောင်ကုမ္ပဏီ၊ အမှတ် ၂/၂ ဘီ၊ ပထပ်၊ အင်းစိန်လမ်း၊ ရွာမကျောင်းလမ်း မီးပွိုင့်အနီး၊ လှိုင်။
ဆက်သွယ်ရန် ဖုန်း-၅၁၆၁၆၈၊ ၅၂၇၃၂၆၊ ၅၃၉၃၂၃၊ ၀၉-၇၃၁၁၆၆၃၁

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၂၀)ရပ်ကွက်၊ ပြင်ဦးလွင်လမ်း၊ မြေကွက်အမှတ်(၄၅/၃၉၅)ဟုခေါ်တွင်သော အလျားပေ၄၀×အနံပေ၆၀ရှိ ဦးအောင်ကျော်စိုး အမည်ဖြင့် အိမ်ရာဆောက်လုပ်နေထိုင်ခွင့်ပြုထားသည့် မြေကွက်နှင့်ပတ်သက်ဆက်နွှယ်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးမိုးမြင့်ဆန်း ၁၄/အမန(နိုင်)၀၉၂၃၆၃မှ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိကြောင်း၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံပြောဆိုလျက် ရောင်းချလိုကြောင်း ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသောကြောင့် အဆိုပါ မြေကွက်နှင့်ပတ်သက်၍ သက်ဆိုင်ကန့်ကွက်လိုသူများအနေဖြင့် ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ငါးရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း တစ်စုံတစ်ရာလာရောက်ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်းဖြစ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်သွယ်သွယ်ထွေး(LL.B,D.B.L)
အထက်တန်းရှေ့နေ
ဖုန်း-၀၉-၄၂၀၀၄၁၁၃၇

ဒေါ်တင်တင်ညို(LL.B)
အထက်တန်းရှေ့နေ

ဦးစည်သူအံ့ဘွယ်
LL.B (Advocate)
တရားလွှတ်တော်ရှေ့နေ

(စုပေါင်းရုံးဝင်းရှေ့နေများနားနေခန်း၊ အင်းစိန်)

အမည်မှန်

မော်လမြိုင်မြို့၊ အရှေ့ရှမ်းကုန်းရပ်နေ ဦးငွေသန်း ၁၀/မလမ(နိုင်)၀၀၆၂၄၆၏ သမီး မဇာဇာလွင်၏ အမည်မှန်မှာ အိမ်ထောင်စု စာရင်းအရ မအေးစုစံ ဖြစ်ပါကြောင်း။ **မအေးစုစံ**

ပျောက်ဆုံးကြောင်း

ကျွန်မ မနီလာဝင်း ၁၀/မဒန(နိုင်) ၁၃၇၈၄၅၏ ပတ်စ်ပို့ No.A.015068 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဖုန်း-၀၉-၅၆၆၂၀၅၁ ကို ဆက်သွယ်အကြောင်းကြားပေးပါရန်။

သားအဖြစ်မှ စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့ စည်ပင်သာယာရပ်ကွက်နေ ဦးစံရှား-ဒေါ်ထွေးလုံတို့၏သားငယ်ဖြစ်သူ ကိုတင်ထွန်းနိုင် ၈/ဂဂန(N)၀၆၇၇၀၅ သည် မိဘ၊ အစ်ကို၊ ဆွေမျိုးများ၏ ပြောဆိုဆုံးမမှုများအား မနာခံသည့်အပြင် မိသားစု၏ ဂုဏ်သိက္ခာများအား ထိခိုက်စေသည့် ပြုမူမှုများ ပြုလုပ်ခဲ့ပါသဖြင့် ၃၀-၁၂-၂၀၁၃ ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ကိုတင်ထွန်းနိုင်နှင့်ပတ်သက်၍ ကိစ္စအဝဝအား (လုံး၀)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးစံရှား-ဒေါ်ထွေးလုံ

ပြည်တွင်းသတင်း

◆ *ကျောဖုံးမှ*

"အားလုံး သတိထားမိမှာပါ။ ယခင်က မုတ်သုံကာလမှာ မိုးရွာရင် တစ်နေကုန်ရွာတယ်။ နေ့စဉ်နီးပါး ရွာတယ်။ မိုးဦးကျမှာ ရေကြီးလေ့ မရှိပေမယ့် ပုံမှန်ရွာတယ်။ မိုးလယ်ကာလ ဇူလိုင်လနဲ့ ဩဂုတ်လတွေမှာ ရေကြီးတတ်တယ်။ မိုးနှောင်းကာလတွေမှာ မိုးပြန်များတယ်။ ၂၀၁၃ ခုနှစ်မှာကျတော့ မိုးရေချိန်စံချိန်ပြည့်မီတယ်။ ဥပမာပြောရရင် ယခင်နှစ်က မိုးရေချိန်က ၂၄ နာရီအတွင်း တစ်လက်မ မြင့်တက်တယ်ဆိုပါစို့။ ပုံမှန်သွားနေပြီး သုံးရက်ဆက်ရွာရင် သုံးလက်မ ဖြစ်လာမယ်။ ၂၀၁၃ ခုနှစ်မှာကျတော့ မိုးက ဒီနေ့ရွာတယ်ဆိုရင် နာရီပိုင်းပဲရွာတယ်။ သုံးရက်နေလို့မိုးရေချိန်တိုင်းရင် ၃ လက်မရှိတယ်။ သို့သော် ယခင် သုံးရက်နေမှ ရမယ့်မိုးရေချိန်ကို နာရီပိုင်းနဲ့ရတယ်။ ရာသီဥတုက ကျန်တဲ့ ရက်တွေမှာ မိုးရာသီနဲ့ မတူဘဲ နွေလိုခံစားရတယ်" ဟု ဦးချစ်ကျော်က နှိုင်းယှဉ်ပြသည်။

မုန်တိုင်းဖြစ်ပေါ်မှု များပြားခဲ့သော်လည်း ကံကောင်းထောက်မစွာဖြင့် ရာသီဥတု၏ အပြင်းအထန်နှိပ်စက်ခြင်းဒဏ်ကို မခံစားရဘဲ မုန်တိုင်းကြီးများသည် အလွန်အားကောင်းသော အဆင့်အထိ ရောက်ရှိခဲ့ခြင်းဖြစ်ရာ မြန်မာနိုင်ငံတစ်ဝန်း၌ စိုက်ပျိုးမြေများအတွင်း ရေကြီးရေလျှံမှုများ၊ မိုးခေါင်ရေမရမှုများကို အများဆုံးတွေ့ကြုံခဲ့ရကြောင်း သိရသည်။

၂၀၁၃ ခုနှစ်သည် အယ်လ်နီညို၊ လာနီညာ စသည့် အခြေအနေများ ပုံမှန်သာရှိခဲ့ပြီး ကမ်းလွန်ပင်လယ်ပြင် ရာသီဥတု အနေအထားများလည်း မုန်တိုင်းပြင်ပကာလတွင် ပုံမှန်သာရှိခဲ့သည်။ သို့ရာတွင် ၂၀၁၃ ခုနှစ် မိုးလေဝသနှင့် တိုင်းပြည်၏ရာသီဥတုအနေအထားကို လေ့လာကြည့်ပါက စပါးနှင့်မိုးသီးနှံများစိုက်ပျိုးချိန် မိုးဦးကာလ မေလနှင့်ဇွန်လတို့တွင် တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် မိုးရေချိန်ပြည့်မီစွာမရရှိခဲ့ခြင်းကြောင့် တောင်သူများ နောက်တစ်ကြိမ် ထပ်မံရေသွင်းစိုက်ပျိုးခဲ့ကြရပြီး မိုးနှောင်းကာလစပါးရိတ်သိမ်းချိန်တွင် မိုးများမှုကြောင့် သီးနှံဆုံးရှုံးမှုများ ဖြစ်ပွားခဲ့ရသည်။

"ပုံမှန် ရာသီဥတုမရတော့ဘဲ မိုးရွာသွန်းမှုပုံသဏ္ဌာန် ပြောင်းလာခဲ့ပါတယ်။ မြို့ပေါ်ဒေသခံတွေအတွက် ပြဿနာမရှိပေမယ့် **စိုက်ပျိုးရေးလုပ်ငန်းတွေအတွက် ရာသီဥတုပြောင်းလဲတာနဲ့ လိုက်လျောညီထွေဖြစ်အောင် လုပ်ဆောင်ကြဖို့ မဖြစ်မနေလိုအပ်နေပါပြီ။** ရာသီဥတုဆိုးရွားမှု မှန်းဆနိုင်ရန်ခက်ခဲမှုကို ၂၀၁၃ ခုနှစ် တစ်နှစ်တည်းကြုံရမှာမဟုတ်ပါဘူး။ နှစ်တိုင်းညှိလာမှာဖြစ်တဲ့အတွက် ကြိုတင်ပြင်ဆင်ထားကြဖို့ မျှော်လင့်ပါတယ်" ဟု ဦးချစ်ကျော်က အကြံပေးသည်။

၂၀၁၃ ခုနှစ်၏ မုတ်သုံကာလမှာ ပုံမှန်ထက် ၁၃ ရက်ခန့် လျော့နည်းလာပြီး မုန်တိုင်းကြောင့်မိုးရွာသွန်းမှုများ၌ မိုးရေချိန်များမှာ ပုံမှန်အောက် လျော့နည်းခဲ့သည်။ အနိမ့်ဆုံးအပူချိန်စံချိန်သစ် သုံးခုလည်း ပေါ်ထွက်ခဲ့ပြီး မော်လိုက်မြို့တွင် ၁၉၉၉ ခုနှစ်က ၈ ဒသမ ၅ ဒီဂရီစင်တီဂရိတ်မှ ၇ ဒသမ ၅ ဒီဂရီစင်တီဂရိတ်သို့လည်းကောင်း၊ သာယာဝတီမြို့တွင် ၈ ဒသမ ၁ ဒီဂရီစင်တီဂရိတ်မှ ၆ ဒသမ ၅ ဒီဂရီစင်တီဂရိတ်သို့ လည်းကောင်း၊ ချောက်မြို့တွင် ၈ ဒသမ ၆ ဒီဂရီစင်တီဂရိတ်မှ ၈ ဒသမ ၅ ဒီဂရီစင်တီဂရိတ်သို့လည်းကောင်း ကျဆင်းခဲ့သည့်အတွက် အပူအအေးမမျှတသည်ကို တွေ့ရှိရသည်။

"ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ် ရာသီဥတုပြောင်းလဲမှုများကို အခြေခံပြီး ၂၀၁၄ ခုနှစ်အတွက် ကြိုတင်ပြင်ဆင်မှုတွေ စတင်သင့်ပါတယ်။ ကျွန်တော်တို့ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေနဲ့ မိုးကြီးတာ၊ အချိန်အခါ မဟုတ်မိုးရွာတာ၊ မုန်တိုင်းအခြေအနေ၊ လေပြင်းတိုက်ခတ်မယ့်အခြေအနေ၊ အပူချိန်လျော့နည်းမယ့် အခြေအနေတွေနဲ့ မြူအနေအထားတွေကိုပါ အချိန်နှင့်တစ်ပြေးညီသတိပေးချက်တွေထုတ်ပြန်ပေးနေတဲ့အပြင် နောက်ဆက်တွဲ ကြိုတင်ပြင်ဆင်ထားနိုင်ရေး အကြံပြုချက်တွေကိုပါ ထုတ်ပြန်ပေးလျက်ရှိပါတယ်။ လာမယ့် **၂၀၁၄ ခုနှစ်ဟာ သဘာဝနှစ်တစ်နှစ်ဖြစ်ပြီး ဆောင်းလက္ခဏာအနေနဲ့ အအေးပိုလာမယ်။ လာမယ့် မတ်လလိုနွေရာသီတွေမှာ မြန်မာနိုင်ငံအလယ်ပိုင်းပုံမှန်အပူပိုင်းဒေသတွေက အပူချိန်လျော့နည်းပြီး မြန်မာနိုင်ငံအထက်ပိုင်းနဲ့ အောက်ပိုင်းဒေသတွေမှာ အထူးသဖြင့် ရန်ကုန်၊ မွန်ပြည်နယ်နဲ့ တနင်္သာရီတိုင်းဒေသကြီးတွေမှာ ပုံမှန်ထက်အပူချိန်မြင့်မားမယ်**လို့ အပြည်ပြည်ဆိုင်ရာမိုးလေဝသဌာနက ခန့်မှန်းထားပါတယ်။

"အယ်လ်နီညို၊ လာနီညာတို့လည်း ပုံမှန်အခြေအနေတိုင်းသာ ဖြစ်နိုင်ပြီး ဆောင်းကုန်တာနဲ့ ချက်ချင်းပူလာမယ်။ သို့သော်သတိထားသင့်တာက ယခုနှစ်နွေဦးမှာ မြူကျဆင်းမှုမြင့်တက်နိုင်ပါတယ်။ ဒီဇင်ဘာလအထိ အကြောင်းကြောင်းကြောင့်ရွာသွန်းခဲ့တဲ့ မိုးတွေက ဆောင်းကုန်တာနဲ့ ရေငွေ့ပျံ့ရခြင်းကြောင့် ဖြစ်ပါတယ်။ ကျွန်တော်တို့ မိုးလေဝသနှင့်ဇလဗေဒဌာနရဲ့ ၂၀၁၄ တစ်နှစ်တာ မိုးလေဝသခန့်မှန်းချက်တွေကတော့ ဧပြီလမှာထွက်ရှိမှာ ဖြစ်ပြီးလက်ရှိနိုင်ငံတကာက မိုးလေဝသပညာရှင်တွေရဲ့ ခန့်မှန်းချက်နဲ့ ကျွန်တော်တို့ သုံးသပ်ချက်အရကတော့ **လေဖိအားနည်းရပ်ဝန်းတွေ ဖြစ်ပေါ်မှု မြင့်တက်နေလို့ မုန်တိုင်းအန္တရာယ် သတိထားရမယ်။ မုတ်သုံမိုး အရနည်းလာတဲ့အတွက် ရေရရှိမှုအားနည်းလာမယ်။ ဆောင်းတွင်းမှာ အအေးပိုနိုင်ပြီး နွေကာလမှာ အပူလွန်ကဲနိုင်**ပါတယ်"ဟု မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးချစ်ကျော်က ပြောကြားသည်။

"ရာသီဥတုပြောင်းလဲတာနဲ့အညီ လူတွေရဲ့စားဝတ်နေရေးနဲ့တိုင်းပြည်စီးပွားရေးမထိခိုက်ရအောင် လုပ်ဆောင်ဖို့လိုအပ်ပါတယ်။ ဥပမာပြောရရင် မိုးဦးကာလမှာ လိုအပ်သလောက် မိုးမရနိုင်တာမို့ ရေသွင်းစိုက်မယ်။ စိုက်ပျိုးဖို့အတွက် ရေသွင်းနိုင်သလို ရေကြီးတဲ့အခါမှာ အပေါက်ဖောက်ပြီး ရေထုတ်ပေးနိုင်ပါလိမ့်မယ်။ သို့သော် လယ်သမားတစ်ဦးချင်း ဆောင်ရွက်လို့မရတာမို့ ကျွန်တော်တို့ မိုးလေဝသနှင့်ဇလဗေဒဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တိုင်းဒေသကြီး အစိုးရအဖွဲ့စသည်ဖြင့် အချိုးအစားကျကျ ပူးပေါင်းမှုနဲ့ ပြန်ကြဖို့လိုအပ်ပါတယ်။ဒါ့အပြင် **လာမယ့်နွေရာသီမှာ မြူပိုကျဆင်းနိုင်တဲ့အတွက် လေကြောင်း၊ ရေကြောင်းခရီးစဉ်တွေ သတိထားသင့်သလို မြူကြောင့် အင်းဆက်ပေါက်ဖွားမှု အားကောင်းတဲ့အတွက် မြူမကျခင်အအေးပေါ့တာနဲ့ ကြိုတင်ပြီး စိုက်ခင်းတွေ ပိုးသတ်ဆေးဖျန်းထားသင့်ပါတယ်။ မိုးရွာသွန်းမှုပုံစံပြောင်းလဲလာတာကြောင့် နုန်းတင်မြေနုစိုက်ပျိုးရေးသမားတွေအတွက် မြစ်ချောင်းများ မြစ်ဖျားခံဒေသရဲ့ ရာသီဥတုကို မျက်ခြည်မပြတ်စောင့်ကြည့်နေကြဖို့နဲ့ ကျွန်တော်တို့မိုးလေဝသနဲ့ ဇလဗေဒဦးစီးဌာနရဲ့သတိပေးချက်တွေ၊ အကြံပေးချက်တွေကို ပုံမှန်နားစွင့်ထားကြဖို့သတိပေးလို**ပါတယ်" ဟုဦးချစ်ကျော်က ၂၀၁၄ခုနှစ်အတွက် မိုးလေဝသနှင့် ကြိုတင်ပြင်ဆင်မှုဆိုင်ရာ အချက်အလက်များကို ရှင်းလင်း ပြောကြားခဲ့သည်။

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၇-၁-၂၀၁၄

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၅၆၀၀၀-၆၁၇၄၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၅၅၅၀၀-၆၁၇၀၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၇၅-၉၈၅	ကျပ်
ဥရောပ	တစ်ယူရို	၁၃၃၀-၁၃၃၅	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၀-၇၈၀	ကျပ်
ထိုင်း	တစ်ဘတ်	၃၀.၆-၃၂.၃	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅.၆-၁၅.၇	ကျပ်
တရုတ်	တစ်ယွမ်	၁၅၅-၁၆၅	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၇၅-၂၈၅	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၃၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၄၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၀၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၆၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၂၇၀၀-၃၅၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၁၇၅၀-၃၀၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၄၇၀၀-၆၂၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀-၂၅၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၆၃၀၀-၁၁၂၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၄၅၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၄၀၀၀-၈၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ မိုးဆန်(ဇီယာအသစ်)	တစ်အိတ်	၁၅၃၀၀
၂။ ပေါ်ကျွဲ(အသစ်)	တစ်အိတ်	၁၆၀၀၀
၃။ ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၁၀၀၀-၂၄၀၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၄၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၅၂၀
၆။ မြင်းခြံကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၂၀၀-၈၇၅
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၀၀၀-၁၈၀၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၀၇၅-၁၁၀၀
၉။ အာလူး(ဟဲဟိုး)	တစ်ပိဿာ	၇၀၀-၈၅၀
၁၀။ ငရုတ်ရှည် (ပျော်ဘွယ်မိုး)	တစ်ပိဿာ	၂၆၀၀-၂၇၅၀
၁၁။ ငရုတ်ပွ (ဆင်ဖြူကျွန်း)	တစ်ပိဿာ	၅၅၀၀
၁၂။ သကြား	တစ်ပိဿာ	၉၀၀-၉၃၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

ရွှေဘို-မြစ်ကြီးနားသွား ကားလမ်းဘေး နာနတ်စိုက်ပျိုးသူများ တိုးချဲ့လုပ်ကိုင်

အင်းတော် ဇန်နဝါရီ ၇

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်အတွင်းရှိ ရွှေဘို-မြစ်ကြီးနားသွားသည့် ကားလမ်းဘေးတစ်လျှောက်ဖြစ်သည့် ကျေးရွာများသည် နာနတ်ခြံများကို တိုးချဲ့လုပ်ကိုင်စိုက်ပျိုးလာကြကြောင်း သိရသည်။

"နာနတ်တွေကတော့ အခုအချိန်ကစလို့ ပြန်စိုက်ပျိုးနေပြီဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ နာနတ်ခြံတိုးချဲ့စိုက်ပျိုးရတာက ကျွန်တော်တို့အတွက် နာနတ်သီးခူးချိန်မှာ ဝင်ငွေတွက်ခြေကိုက်လို့ပါ။ နာနတ်သီးအလုံးကို ရေလိုက်ရုံနဲ့ ကျွန်တော်တို့ရဲ့ ဝင်ငွေကိုလည်းဒီနှစ်အတွင်းမှာ ဘယ်လောက်ဝင်မယ်၊ ဘယ်လောက်ချို့ယွင်းပျက်စီးမယ်ဆိုတာကို ရေတွက်လို့ရတဲ့အမျိုးဆိုတော့ ကျွန်တော်တို့က နာနတ်စိုက်ပျိုးခြင်းကို ဒီနှစ်အတွင်းမှာ တိုးချဲ့စိုက်ပျိုးလာတာဖြစ်ပါတယ်။ ဒါပေမယ့် နာနတ်စိုက်ပျိုးတဲ့ အခါမှာတော့ မစိုက်ခင်မြေကို အရင်ခွားရှင်းနဲ့ ထွန်ယက်ပြီး မြက်ပေါင်းတွေသယ်ပြီးတဲ့အခါမှာ ပေါင်းဆယ်ရပါတယ်။ ပေါင်းဆယ်ပြီးတော့ ပေါင်းအတွင်းမှာ အပင်ကို စိုက်ပျိုးရတယ်။ စိုက်ပျိုးပြီးလို့ တစ်လလောက်ကြာတဲ့အခါမှာတော့ စပါးခွံဓာတ်မြေဩဇာကို စိုက်ပျိုးထားတဲ့ နာနတ်ပင်ကြားထဲကို ထည့်ရပါတယ်"ဟု အင်းတော်မြို့နယ် နန်းကင်းရွာ နာနတ်စိုက်ပျိုးသည့် ဦးထွန်းရီက ပြောကြားခဲ့သည်။

ရွှေဘို-မြစ်ကြီးနားသွား ကားလမ်းဘေးဖြစ်သည့် မဲဇာကျေးရွာ၊ နန့်သဲကျေးရွာ၊ နောင်မိုးကျေးရွာ၊ သံဘိုကျေးရွာ၊ နတ်မဟုတ်ကြီးကျေးရွာ၊ သီဘာကျေးရွာ၊ လယ်ပြင်ကျေးရွာ၊ နားခါကျေးရွာ၊ နန်းကင်ကျေးရွာ စသည့်ကျေးရွာများသည် နာနတ်ခြံစိုက်ပျိုးခြင်းလုပ်ငန်းများကို ယခင်နှစ်နှင့်မတူဘဲ ယခုနှစ် ဇန်နဝါရီလအတွင်းတွင် တိုးချဲ့စိုက်ပျိုးလုပ်ကိုင်လာကြပြီဖြစ်ကြောင်း သိရသည်။

(လ/၀၀၂)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ခွင့်ပြုရန်ပုံငွေဖြင့် ဝန်ထမ်းအိမ်ရာလေးခန်းတွဲ လေးထပ်ခြောက်လုံးတည်ဆောက်ရန်ရှိပါသည်။ ၎င်းလုပ်ငန်းများအတွက် ဆောင်ရွက်လိုသူများ တင်ဒါပေးသွင်းနိုင်ပါသည်။

တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်	- ၆-၁-၂၀၁၄ ရက်မှ ၂၀-၁-၂၀၁၄ ရက်အထိ (ရုံးဖွင့်ရက် ရုံးချိန်အတွင်း)
တင်ဒါလျှောက်လွှာ နောက်ဆုံးတင်ရမည့်ရက်	- ၂၁-၁-၂၀၁၄ ရက် (၁၆း၀၀)နာရီ
တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ	- လမ်းပန်းဆက်သွယ်ရေးဝန်ကြီးရုံး ရှမ်းပြည်နယ်အစိုးရအဖွဲ့ တောင်ကြီးမြို့
ဆက်သွယ်ရန်	- ဖုန်း-၀၈၁-၂၀၁၉၀၄ (ရုံးဖွင့်ရက် ရုံးချိန်အတွင်း)

ကံကောင်း

အိမ်၊ ခြံ၊ မြေ အကျိုးဆောင်

သီလဝါ၊ ဖလမ်း၊ တပ်ရာကုန်း၊ စံချိန်မီ ၃၊ ၂၊ ၁၊ မြိုင်သာယာ၊ VIP 80'x60' လုံးချင်းတိုက်များ၊ သိန်း၄ဝသွင်းရသော VIP မြေကွက်များ၊ သန်လျင်၊ ကျောက်တန်း မြေကွက်များ ရောင်းဝယ်ရန်ရှိသည်။ (သီလဝါ၊ သန်လျင်၊ ကျောက်တန်း) သီးသန့်

ဖုန်း-၀၉-၄၉၃၀၀၉၆၇၊ ၀၉-၄၂၀၁၈၅၅၉၉

၀၉-၄၂၀၁၈၅၅၇၇၊ ၀၉-၇၃၂၂၇၅၅၆၊ ၀၉-၄၄၀၀၀၅၀၁၈

တိုက်အမှတ်-၃၁/ဘီ၂၊ ပထမထပ်၊ နီလာလမ်း၊ ၁ ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း

အများသိစေရန် ကြေညာချက်

အထက်ဖော်ပြပါ လိပ်စာရှိ ပထမထပ် (နှစ်လွှာ)၊ (အလျား ၁၂ ဒသမ ၅'× အနံ ၅၀')၊ အကျယ်ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိပိုင်ဆိုင်သူ ဒေါ်ရင်မြ ၁၂/ကမရ(နိုင်)၀၄၄၄၁၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်း အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်စောဦး (တရားလွှတ်တော်ရှေ့နေ) စဉ်-၆၇၀၂

အမှတ်-၅၆၁၊M.A.C Tower၊ အခန်း-၃၀၂၊ကုန်သည်လမ်း၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့၊ ကောင်းမူးတုံရပ်ကွက်၊ ပြည်ထောင်စုလမ်းမကြီး၊ နေအိမ်အမှတ်/ကမတ(၈/ခ)၊အကွက်ကြီးအမှတ်၄၄၊ ဦးပိုင်အမှတ်(၇)၊ ဧရိယာ(၃၀×၇၅)ပေ၊ ဧရိယာ ၀ ဒသမ ၀၇၁ ဧက၊ ဧရိယာစတုရန်းပေ ၂၂၅၀ ရှိ ရေမီးအစုံပါဝင်သော တစ်ထပ်တိုက်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်အေးစိန်(ဘ)ဦးထမ်းစီး ၁၃/မဆတ(နိုင်)၀၁၅၂၅၀ထံမှ ကျွန်ုပ် ဦးစန်းယု (ဘ)ဦးတင်မောင် ၁၃/နခန(နိုင်)၀၅၀၅၃၈က ဝယ်ယူရန် ရောင်းဖိုးငွေအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်ရန်နှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို အပြီးတိုင်ဆောင်ရွက်မည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

ဦးစန်းယု ၁၃/နခန(နိုင်)၀၅၀၅၃၈

ဖုန်း-၀၉-၄၇၂၂၁၇၈၈၊ ၀၉-၂၀၃၁၅၂၅

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဉပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

တောင်ဥက္ကလာပမြို့နယ်တရားရုံး

၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၁

ဒေါ်ဆွေဆွေဦး	နှင့်	၁။ ဒေါ်ရင်မြ	၂။ ဦးရွှေသောင်း
		၃။ ဒေါ်ဂျမ်း	၄။ ဦးကျော်ဝင်း
တရားလို		**တရားပြိုင်များ**	

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ အမှတ် ၂/ကနေ ဒေါ်ရင်မြ၊ ဦးရွှေသောင်း၊ဒေါ်ဂျမ်း၊ ဦးကျော်ဝင်း(ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်ဆွေဆွေဦးက ပဋိညာဉ်အတိုင်းဆောင်ရွက်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၅ ရက် (၁၃၇၅ခုနှစ် ပြာသိုလပြည့်နေ့) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ချစ်ကိုကို)

မြို့နယ်တရားသူကြီး၊ တောင်ဥက္ကလာပမြို့နယ်တရားရုံး

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

မြန်မာနိုင်ငံငြိမ်းချမ်းရေးဖော်ဆောင်မှုနှင့် ဒေသဖွံ့ဖြိုးမှုလုပ်ငန်းများအတွက် ဂျပန်အစိုးရက ယန်း ၁၀ ဘီလီယံ ကူညီထောက်ပံ့မည်

ရန်ကုန် ဇန်နဝါရီ ၇

မြန်မာနိုင်ငံတွင် စီမံချက်ဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းများနှင့် ယင်းဒေသများအတွင်း ဘက်ပေါင်းစုံမှ ဒေသဖွံ့ဖြိုးမှုလုပ်ငန်းများအတွက် ဂျပန်အစိုးရက ယန်း ၁၀ ဘီလီယံ (အမေရိကန်ဒေါ်လာသန်း ၁၀၀)ကို ငါးနှစ်စီမံကိန်းတစ်ရပ်အနေဖြင့် ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ဇန်နဝါရီ ၆ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်၌ ကျင်းပသည့် မီဒီယာရှင်းလင်းပွဲ **(ယာပုံ)**တွင် မြန်မာနိုင်ငံဆိုင်ရာသံအမတ်ကြီး H.E. Mr. MiKio NUMATA က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုနှင့် ပဋိပက္ခဒဏ်ခံစားနေရသည့် တိုင်းရင်းသားလူမျိုးစုများ နေထိုင်ရာဒေသများတွင် ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်များ အောင်မြင်စေရန်နှင့် လူနေမှုဘဝမြှင့်တင်နိုင်ရန်အတွက် ဂျပန်အစိုးရက အခုလို ငါးနှစ်စီမံကိန်းချပြီး ကူညီထောက်ပံ့ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။ မြန်မာအစိုးရသည် ရေတိုရေရှည်ပြည်တွင်းတည်ငြိမ်အေးချမ်းပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အစိုးရနှင့် တိုင်းရင်းသားလူမျိုးစုများအကြား ငြိမ်းချမ်းရေးသည် အထူးလိုအပ်လျက်ရှိသည့်အားလျော်စွာ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရရန်အတွက် နှစ်ဦးနှစ်ဖက်ဆွေးနွေးညှိနှိုင်းမှုများမှာ များစွာတိုးတက်လာပြီး အောင်မြင်လျက်ရှိသည်ကို ကမ္ဘာ့နိုင်ငံအများစုနှင့် ဂျပန်အစိုးရတို့က အထူးထောက်ခံ အားပေးကြိုဆိုလျက်ရှိသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံ ထာဝရတည်ငြိမ်အေးချမ်းရေးနှင့် နယ်စပ်တိုင်းရင်းသားဒေသများ အပါအဝင် ကျေးလက်ဒေသများပါမကျန် ဖွံ့ဖြိုးတိုးတက်သည့် ကမ္ဘာ့အဆင့်အတန်းမီနိုင်ငံတစ်နိုင်ငံဖြစ်လာစေရန် ငါးနှစ်စီမံကိန်းချ အကောင်အထည်ဖော်ပြီး ယန်း ၁၀ ဘီလီယံ (အမေရိကန်ဒေါ်လာ သန်း ၁၀၀)ကို ကူညီထောက်ပံ့ရန် ဂျပန်အစိုးရက ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

“ကျွန်တော်တို့ အခုလိုကူညီတာဟာ မြန်မာအစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့တွေရဲ့ နှစ်ဦးနှစ်ဖက် လုံးဝအပစ်အခတ်ရပ်စဲရေး အောင်မြင်စွာသဘောတူညီမှုနဲ့ တိုင်းပြည်ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်တွေကိုပဲ ရည်ရွယ်ပြီး လုပ်ဆောင်ကူညီထောက်ပံ့ပေးခြင်းဖြစ်ပါတယ်။ အဲဒီဒေသတွေရဲ့ ဒေသခံပြည်သူတွေဟာ ပဋိပက္ခဖြစ်စဉ်အတွင်း နီးစပ်တဲ့နေရာတွေကို အသက်လုပြီး ရှောင်ပုန်းနေကြရတာကို ကျွန်တော်တို့တစ်တွေ သိမြင်ခံစားခဲ့ရပါတယ်။ ပြီးတော့ သူတို့တစ်တွေ အပစ်အခတ်ရပ်စဲ ငြိမ်းချမ်းရေးရပြီးတဲ့နောက် အလုပ်အကိုင်ကိုယ်စီရရှိရေးကိုလည်း ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာ ၁၅ ရက်က မြန်မာ-ဂျပန်ထိပ်သီး တွေ့ဆုံဆွေးနွေးမှုတွင် အပစ်အခတ်ရပ်စဲရေးကို ဂျပန်ဝန်ကြီးချုပ်နဲ့ သမ္မတကြီးဦးသိန်းစိန်တို့ အဓိက ထည့်သွင်းဆွေးနွေးခဲ့ပါတယ်။ ဒါကြောင့် ဂျပန်အစိုးရအနေနဲ့ နှစ်ဦးနှစ်ဖက် အပစ်အခတ်ရပ်စဲရေးကို ကြိုဆိုတဲ့အနေနဲ့ ဒီစီမံကိန်းကို သိပ်မကြာမီမှာ စတင်အကောင်အထည်ဖော်မှာဖြစ်ပါတယ်”ဟု မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr. MiKio NUMATA က ပြောကြားခဲ့သည်။

အခုလို မြန်မာနိုင်ငံ၏ အပစ်အခတ်ရပ်စဲရေးနှင့် တိုင်းရင်းသားလူမျိုးဒေသများ ဖွံ့ဖြိုးတိုးတက်မှုအတွက် ငါးနှစ်စီမံကိန်းတွင် ယန်း ၁၀ ဘီလီယံကို ဂျပန်နိုင်ငံအနေဖြင့် ကူညီထောက်ပံ့မှုများပြုလုပ်ရာ၌ သတ်မှတ်ချက်နှင့်ကိုက်ညီသည့် NGO အဖွဲ့များကို နှစ်ဦးနှစ်ဖက်မျှတစွာဖြင့် ကူညီထောက်ပံ့မှုများပြုလုပ်နိုင်စေရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်သည်။ ကူညီထောက်ပံ့လုပ်ဆောင်ပေးမည့် NGO အဖွဲ့များအနေဖြင့်လည်း မြန်မာနိုင်ငံအစိုးရဘက်နှင့် ငြိမ်းချမ်းရေးယူသည့် တစ်ဖက်အဖွဲ့တို့ကို ဘက်လိုက်မှုမရှိဘဲ ညီမျှစွာဖြင့် ကူညီထောက်ပံ့ပေးနိုင်မည့် နယ်စပ်အတွေ့အကြုံ ရင့်ကျက်သည့် အဖွဲ့များကို ရွေးချယ်လုပ်ဆောင်သွားမည်ဖြစ်သည်။

“အခုလို ဂျပန်အစိုးရအနေနဲ့ မြန်မာနိုင်ငံကို ယန်း ၁၀ ဘီလီယံ ကူညီထောက်ပံ့တာဟာ နယ်စပ်ဒေသတွေမှာရှိတဲ့ ပဋိပက္ခဒဏ်ခံစားနေရတဲ့ တိုင်းရင်းသားပြည်သူတွေကို အိုးမကွာ၊ အိမ်မကွာနဲ့ လယ်ယာလုပ်ငန်းတွေကအစ ပြန်လည်အကောင်အထည်ဖော်လုပ်ဆောင်နိုင်ဖို့ ရည်ရွယ်ခဲ့တာပါ။ ကျွန်တော့်အတွေ့အကြုံအရ ပြောရရင် သူတို့တစ်တွေဟာ အိုးအိမ်တွေကိုပစ်ပြီး တောတောင်ဒေသတွေအတွင်းမှာ အသက်လုပြီး နေထိုင်စားသောက်နေကြရပါတယ်။ တချို့မိသားစုတွေဆို ကိုယ်ပိုင်နေထိုင်ဖို့ အိုးအိမ်တောင်မရှိတော့ဘဲ ခိုကပ်နေထိုင်နေကြရတာကို တွေ့မြင်နေရပါတယ်။ ဒါကြောင့် သူတို့တစ်တွေကို ပြန်လည်ပြီး အိုးအိမ်ဆောက်လုပ်ပေးတာတို့၊ ကျန်းမာရေးအတွက် ဆေးပစ္စည်းတွေနဲ့ စားသောက်ရေးအတွက် ဆန်၊ ဆီ၊ ပဲတို့ကအစ လူမှုဝန်းကျင်လိုအပ်ချက်တွေကို အဓိကထား ကူညီထောက်ပံ့လုပ်ဆောင်ပေးသွားမှာ ဖြစ်ပါတယ်” ဟု ဂျပန်အစိုးရ၏ မြန်မာနိုင်ငံ အမျိုးသား ပြန်လည်သင့်မြတ်ရေးဆိုင်ရာ အထူး ကိုယ်စားလှယ် Mr. Yohei SASAKAWA က ပြောကြားခဲ့သည်။

ဂျပန်အစိုးရသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖော်ဆောင်ရေးတွင် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးကအစ ဖွံ့ဖြိုးတိုးတက်ရန် ကဏ္ဍပေါင်းစုံကနေ ချေးငွေများနှင့် ကူညီထောက်ပံ့ပေးမှုများအနက် ယခု ကူညီထောက်ပံ့ပေးသည့် မြန်မာအစိုးရနှင့် တိုင်းရင်းသားလူမျိုးစုများအကြား ငြိမ်းချမ်းရေးဖော်ဆောင်မှုကို ကူညီထောက်ပံ့သည့် ယန်း ၁၀ ဘီလီယံ(အမေရိကန်ဒေါ်လာသန်း ၁၀၀)သည် ငါးနှစ်ဖော်ဆောင်မည့် စီမံကိန်းတစ်ရပ်အနေဖြင့် ထပ်ဆောင်းကူညီထောက်ပံ့ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မောင်စိန်လွင်(မြန်မာ့အလင်း)

မြတ်ဗုဒ္ဓကိုပူဇော်ခြင်း တရုတ်ဗုဒ္ဓဘာသာဓာတ်ပုံပြပွဲဖွင့်

ရန်ကုန် ဇန်နဝါရီ ၇

မြတ်ဗုဒ္ဓကိုပူဇော်ခြင်း တရုတ် ဗုဒ္ဓဘာသာဓာတ်ပုံပြပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၆ ရက် နံနက် ၉ နာရီက ရွှေတိဂုံစေတီတော် ရာဟုထောင့်ရှိ ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး Mr. Yong Houlan က တရုတ်နိုင်ငံ၏ ဗုဒ္ဓဘာသာယဉ်ကျေးမှုကို လေ့လာသိရှိပြီး နှစ်နိုင်ငံဗုဒ္ဓဘာသာနယ်ပယ်နှင့် ပြည်သူလူထုအကြားရှိ ချစ်ကြည်ရင်းနှီးမှုကို တိုးပွားလာစေရန် ပြပွဲကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ရွှေတိဂုံစေတီတော်အတွက် ဂေါပကအဖွဲ့ အလှူ့ညံ့ကျ သဘာပတိ ဦးစိန်ဝင်းအောင်ထံ သံအမတ်ကြီးက ငွေကျပ် သိန်း ၅၀ ကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဓာတ်ပုံပြပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ အလှူ့ညံ့ကျ သဘာပတိတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

“မြတ်ဗုဒ္ဓကိုပူဇော်ခြင်း”တရုတ်ဗုဒ္ဓဘာသာ ဓာတ်ပုံပြပွဲတွင် တရုတ်နိုင်ငံမှ ဗုဒ္ဓဘာသာဝင်များ၏ လှုပ်ရှားမှု၊ ဘာသာတရားနှင့် ပတ်သက်၍ သက်ဝင်ယုံကြည် ပြောင်းလဲလာမှုစသည့် ဓာတ်ပုံပေါင်း ၆၅ ပုံကို ဇန်နဝါရီ ၁၉ ရက်အထိ ပြသထားမည်ဟု သိရသည်။

(သတင်းစဉ်)

အမည်မှန်

ဦးစိုင်းသိန်းလှိုင်၏သား တောင်ကြီးမြို့၊ အထက(၄)၊ အဋ္ဌမတန်း(F)မှ မောင်ကောင်းဆက်သူ၏ အမည်မှန်မှာ စိုင်းကောင်းဆက်သူ ဖြစ်ပါကြောင်း။

စိုင်းကောင်းဆက်သူ

ပိုင်ရှင်ကိုယ်တိုင်ငှားမည်

၅၁ လမ်းအလယ်ဘလောက်

၂၅ပေ× ပေ ၆၀ တိုက်သစ်

ထပ်ခိုးပါ၊ ဖုန်းပါ။

ဆက်သွယ်ရန်(ရုံးချိန်အတွင်း)-

ဖုန်း-၀၉-၇၃၁၁၁၄၇၁၊

၀၉-၄၂၀၃၂၉၂၇၁၊

၀၉-၅၀၄၅၆၃၈

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျိုက္ကဆံ အိမ်ရာစီမံကိန်း၊ တိုက်အမှတ် ၃၊ အခန်းအမှတ် ၂၀၃ ကို မူလအမည်ပေါက်ပိုင်ရှင် ဦးမောင်စိန်ထံမှ ဦးကျန်တင် ၁၂/ဒဂန(နိုင်)၀၀၄၃၃၁ က တရားဝင်စာချုပ်စာတမ်း အဆင့်ဆင့်ဖြင့် ဝယ်ယူပြီးဖြစ်ပါသဖြင့် ပိုင်ဆိုင်မှု အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ **စီမံကိန်းဌာနခွဲ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

ဗလငါးတန်

ဖွံ့ဖြိုးဖို့

စာအုပ်စာပေ

လေ့လာစို့

အောင်မြေဗောဓိစေတီတော်ကြီး၏(၆)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် (၁၀)ကြိမ်မြောက် မဟာပဋ္ဌာန်းပူဇော်ပွဲ ဖိတ်ကြားလွှာ

သန်လျင်မြို့၊ လက်ယက်စမ်းကျေးရွာ(ထမလုံ) အောင်တော်မူကုန်းမြေပေါ်၌ တည်ထား ကိုးကွယ်တော်မူသော **အောင်မြေဗောဓိစေတီတော်ကြီး၏ (၆)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် (၁၀)ကြိမ်မြောက် မဟာပဋ္ဌာန်းပူဇော်ပွဲ**ကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ စေတီတော်ကြီး၏ ဘုရားဒါယကာ ဒါယိကာမများ ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

၁။ ၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၉ရက်၊ ၉-၁-၂၀၁၄ရက်(ကြာသပတေးနေ့)တွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဓာတ်ပွဲ၊ နတ်ပွဲ ကျင်းပပြုလုပ်မည်။

၂။ ပြာသိုလဆန်း ၁၁ရက်၊ ၁၁-၁-၂၀၁၄ ရက် (စနေနေ့)မှ ၄င်းလပြည့် ၁၅ရက်၊ ၁၅-၁-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့)ထိ ၅ရက်တိုင် အသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲကြီးကို သံဃာတော် ၂၄ ပါးဖြင့် ရွတ်ဖတ်ပူဇော်ပြီး ၄င်းနေ့ နံနက် ၉ နာရီတွင် ပဋ္ဌာန်းအောင်ပွဲ၏ ကုသိုလ်တော်များကို ရေစက်ချအမျှပေးဝေခြင်း။

၃။ ၄င်းပြာသိုလဆန်း ၁၅ရက်၊ ၁၅-၁-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၅ နာရီတွင် **အောင်မြေဗောဓိစေတီတော်ကြီးနှင့် လိုဏ်ဂူတော်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များ**ကို သံဃာတော်များမှ ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်းနှင့် **သံဃာတော်များအား ဆွမ်းဘောဇဉ်များ ဆက်ကပ်လှူဒါန်းခြင်း။**

၄။ ၄င်းလဆန်း ၁၅ရက်၊ ၁၅-၁-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် **သံဃာတော် (၁၀၈)ပါးအား ဆီ၊ ဆွမ်းလောင်းလှူခြင်း။**

၅။ ပြာသိုလပြည့်ကျော် ၁၀ရက်၊ ၂၅-၁-၂၀၁၄ ရက် (စနေနေ့) ည ၇နာရီတွင် **သပိတ်အိုင်ဆရာတော် ရှင်ဉာဏိသရ** မှ တရားတော်များ ချီးမြှင့်ပါမည်။

ဝေယျာဝစ္စအဖွဲ့

အသိပေးကြေညာချက်

ဂျပန်နိုင်ငံ၊ စင်ကာပူနိုင်ငံနှင့်မလေးရှားနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V Jupiter Leader(V:84) သင်္ဘောသည် ၉-၁-၂၀၁၄ရက်ခန့်တွင် ရန်ကုန် ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

-၂၅၆၉၁၃၊ ၂၅၆၉၀၃၊ ၂၅၆၉၂၄၊ ၂၅၆၉၁၄

ကိုယ်စားလှယ်လုပ်ငန်းဌာန

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

လက်ထပ်ထိမ်းမြားပြီးစီးခြင်းနှင့် မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

U.S.A. Virginia **နေ**

Mr.Jong Sik Park & Mrs.Hyo Soon Kim **တို့၏သား**

SUKJUN PARK

Bachelor of Science in Accounting

George Mason University (U.S.A)

နှင့်

ရန်ကုန်မြို့နေ

ဦးဝင်းထိန် (Chairman of Power Wing Co., Ltd.)**-ဒေါ်အေးအေးယုတို့၏သမီး**

နေခြည်ဝင်းထိန်

Bachelor of Science in Accounting

George Mason University (U.S.A)

တို့၏ ၂-၁-၂၀၁၄ရက် Governor's Residence ၌ ကျင်းပသော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲတွင် ဆောင်ရွက်ပေးပါသော ရန်ကုန်တောင်ပိုင်းခရိုင်တရားသူကြီး ဒေါ်စုငယ်အားလည်းကောင်း၊ အသိသက်သေအဖြစ် လက်မှတ်ရေးထိုးပေးသော ဒုတိယဗိုလ်မှူးကြီးမင်းလွင်(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်သီတာတို့အားလည်းကောင်း၊ အခမ်းအနားမှူး ဦးသိန်းလှမော်၊ မှတ်တမ်းတင်ဓာတ်ပုံလင်းထွန်း၊ ကြွရောက်ချီးမြှင့်ပေးသော ဂုဏ်သရေရှိလူကြီးများနှင့် ဆွေမျိုးမိတ်ဆွေများအားလည်းကောင်း၊ အကျွေးအမွေးများ စီစဉ်ဆောင်ရွက်ပေးပါသော Governor's Residence မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ၃-၁-၂၀၁၄ရက် ရန်ကုန်မြို့ Sedona Hotel(Grand Ballroom)၌ကျင်းပသော မင်္ဂလာညည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင်(ငြိမ်း)နှင့်ဇနီး ဒေါ်သန်းသန်းနွဲ့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး မတင်မိုးလွင်၊ မင်္ဂလာအခါတော်ပေး တေးသံရှင်နွဲ့ယဉ်ဝင်း၊ Plus Three တီးဝိုင်း၊ မင်္ဂလာပန်းများ ကြဲဖြန့်ပေးပါသော မဇင်မင်းသော်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် လက်ထပ်လက်စွပ်ဗန်းကိုင်ဆောင်ပေးကြသော မစုဇန်အောင်နှင့် မသူဇာလတ်၊ သတို့သားအရံ ကျော်ဇင်ဝင်းထိန်နှင့် ချိုဝင်းထိန်၊ သတို့သမီးအရံ ဒေါက်တာနှင်းဟေမာနှင့် ခိုင်သဇင်ထွန်း၊ မင်္ဂလာဝတ်စုံ မိတ်ကပ်၊ ဆံပင်အလှ မေဦး၊ ပန်းအလှပြင် လင်းလင်း၊ မှတ်တမ်းတင်ဓာတ်ပုံနှင့်ဗီဒီယိုများရိုက်ကူးပေးပါသော ဝဏ္ဏခွာနီးနှင့်အဖွဲ့၊ မင်္ဂလာညည့်ခံပွဲသို့ မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်ဆွေများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးသော ဒုတိယဗိုလ်မှူးကြီး ဉာဏ်လင်း(ငြိမ်း)နှင့် ဇနီး ဒေါ်ခင်သန်းနွယ်မိသားစု၊ ဒေါက်တာမျိုးလွင်နှင့် ဇနီး ဒေါ်ခင်လေးခိုင်၊ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်ဆွေသူငယ်ချင်းများအားလည်းကောင်း၊ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ အကျွေးအမွေးများ စီစဉ်ဆောင်ရွက်ပေးပါသော Sedona Hotel မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ အခြားကျေးဇူးတင်ထိုက်သူ အားလုံးကိုလည်းကောင်း အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် SUKJUN PARK **-** **နေခြည်ဝင်းထိန်**

ကြော်ငြာ

27th SEA GAMES MYANMAR 2013

27th SEA GAMES, KEMPO COMPETITION
NIS(1), Myanmar - 2013

MSKF

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကြီး အားကစားကစားပြိုင်ပွဲအသီးသီးတွင် ရွှေ(၈၆)၊ ငွေ(၆၂)၊ ကြေး(၈၅)ခု
ရယူပေးနိုင်ခဲ့သော နိုင်ငံဂုဏ်ဆောင် မြန်မာ့လက်ရွေးစင် ပြိုင်ပွဲဝင်
အားကစားမောင်မယ်များကိုလည်းကောင်း

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကြီး ကမ်ပိုအားကစားပြိုင်ပွဲကို
NIS(1) တွင် ခမ်းခမ်းနားနား အောင်အောင်မြင်မြင်ဖြင့်
နိုင်ငံတကာအဆင့်မီ ကျင်းပနိုင်ရေးအတွက် အပြည့်အဝတာဝန်ယူ ဦးဆောင်စီမံဆောင်ရွက်ခဲ့သော
Lighting Specialist Co.,Ltd. (krislite)၏အမှုဆောင်အရာရှိချုပ်၊
မြန်မာနိုင်ငံအိုလံပစ်ကော်မတီအဖွဲ့ဝင်၊
မြန်မာနိုင်ငံ ကမ်ပိုအဖွဲ့ချုပ်
ဥက္ကဋ္ဌ ဦးကျော်မိုးနိုင် နှင့်

Adventure Myanmar Co.,Ltd နှင့် Authentic Group of Companies တို့၏အမှုဆောင်အရာရှိချုပ်နှင့်
မြန်မာနိုင်ငံ ကမ်ပိုအဖွဲ့ချုပ် ဒုဥက္ကဋ္ဌများဖြစ်ကြသော
ဦးအောင်မျိုးမင်းဒင် နှင့် ဦးအောင်မျိုးဟိန်း
တို့အား လည်းကောင်း
(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကြီး ကမ်ပိုအားကစားပြိုင်ပွဲတွင် နိုင်ငံတော်အတွက် ရွှေတံဆိပ်(၆)ခု
ဆွတ်ခူးရယူပေးနိုင်ခဲ့သော ပြိုင်ပွဲဝင် မြန်မာကမ်ပိုလက်ရွေးစင်အားကစားမောင်မယ်များဖြစ်ကြသော

၁။ ဇော်ထက်နိုင်၊ စိုးမိုးလွင်၊ သန်းတိုးအောင် နှင့် တင်ဝင်းထွန်း
၂။ အောင်နိုင်ထွန်း နှင့် အိဖြူမောင်
၃။ သန်းဝင်း
၄။ ကျော်လင်းဦး
၅။ ချယ်ရီဇော
၆။ စိုင်းသာထက်အောင် နှင့် ယဉ်မြင့်ဦး နှင့်
ကြေးတံဆိပ်(၇)ခု ဆွတ်ခူးရယူပေးနိုင်ခဲ့သော အားကစားသမားများကို

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်စွာဖြင့် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါကြောင်း။

Management & Staff

krislite

ADVENTURE MYANMAR

AUTHENTIC

ဆောင်းပါးနှင့်နယ်သတင်း

ရာသီအလိုက် စားသုံးသင့်သော အသီးအနှံများ

လူတိုင်းသည် မိမိတို့ နေ့စဉ် စားသုံးနေကြသော အစာအာဟာရ များအနက် အပူစာ၊ အအေးစာ နှင့် ရာသီအလိုက် စားသုံးသင့်သော အစာအာဟာရများကို သိထား သင့်ကြပြီး ရာသီဥတုနှင့်လိုက် လျောညီစွာ ပြောင်းလဲစားသုံးကြ ရမည်ဖြစ်သည်။ သို့မှသာ ခန္ဓာ ကိုယ်အတွက်လိုအပ်သောစွမ်းအင် များကို အချိန်မှန်မှန်ရရှိနိုင်စေ မည်ဖြစ်သည်။ ထို့အတွက် အပူစာ၊ အအေးစာနှင့် ရာသီ အလိုက် စားသုံးသင့်သော အစာ အာဟာရများနှင့် ပတ်သက်ပြီး မှတ်သားမိသမျှ ဝေငှလိုပါသည်။

အပူစာ

မြန်မာ့ တိုင်းရင်းဆေးပညာ အလိုအရ ဥဏှဓာတ်ပါဝင်သော အပူစာအာဟာရများသည် ဝမ်းမီး ကိုတောက်လွယ်စေသည်။ အစာ ကို ကြေလွယ်စေသည်။ နှုတ်ကို မြိန်စေသည်။ ချွေးကိုထွက်စေ သည်။ ပိုးနာ၊ ယားနာတို့ကိုပျောက် စေသည်။ အဆီကိုပြေစေသည်။ သွေးကြောလေကြောတို့ကို ပွင့်စေ သည်။ သလိပ်ကိုနိုင်စေသည်။

သို့ရာတွင် အလွန်အကျွံစား ပါက ရေငတ်ရောဂါ၊ အရေပြား ၌ အနာအမျိုးမျိုးပေါက်သော ရောဂါ၊ ဆံပင်ကျွတ်ခြင်း၊ ဆံပင် ဖြူခြင်း၊ အရေတွန့်ခြင်း၊ အဖျား ရောဂါ၊ မူးဝေခြင်း၊ ပိန်ကျုံ့ခြင်း၊ အသားအရေ ခြောက်ခန်းခြင်း၊ လျှာ၊ နှုတ်ခမ်းကွဲခြင်း၊ လည် ချောင်းကွဲ လည်ချောင်းနာ၊ နှလုံးတုန် ရင်တုန်၊ မောဟိုက် ခြင်း၊ အသည်းရောင်၊ အသားဝါ၊ အစာ အိမ်အပူလောင်၊ ကျောက် ကပ်၊ မီးယပ်သွေးလွန်၊ စမြင်းထိုး၊ လိပ်ခေါင်း၊ သွေးဝမ်း စသော ရောဂါတို့ဖြစ်စေနိုင်သည်။

အသားနှင့် ဥများ

အပူစာနှင့်ပတ်သက်သည်များ ကို လက်လှမ်းမီသမျှ ဖော်ပြရပါက ကြက်သား-ကြက်ဥ၊ ဆိတ်သား၊ အမဲသား၊ ချေသား၊ ယုန်သား၊ ငုံးသား- ငုံးဥ စသည်တို့သည် အပူစာများ ဖြစ်ကြသည်။

အသီးအရွက်များ

တမာရွက်၊ သင်္ဘောရွက်-ပွင့်-အသီးစိမ်း၊ ကြောင်လျှာသီး-အရွက်၊ ပင်စိမ်းရွက်၊ နံနံပင်၊ စပါးလင်၊ မဆလာ၊ မိဿလင်၊ နနွင်းစိမ်း၊ ရဲယိုရွက်-သီး၊ သရက်ကင်းဥ၊ ပျဉ်းတော်သိမ်၊ ကြက်သွန်ဖြူ ချင်း၊ ငရုတ်သီးမျိုးစုံ၊ ငရုတ်ကောင်း၊ ဒန့်သလွန်သီး-ရွက်၊ ဥသျှစ်သီး-ရွက်၊ ရှောက်ရွက်၊ ပူစီနန်၊ မှျစ်၊ မှျစ်ချဉ်၊ ကြောင်ပန်းရွက်၊ ခွေးတောက်ရွက်၊ သက်ရင်းကြီးရွက်၊ မုယားကြီးရွက်၊ ခံတက်ချဉ်၊ ဟင်းဂလာချဉ်၊ စောင်းချမ်း၊ ကုလားပဲ၊ ပဲကြီး၊ ပဲစင်းငုံ၊ ပဲနောက်စသည့်ပဲများ၊ အရက်အမျိုးမျိုး၊ ဒူးရင်းသီး-ယိုစသည် တို့သည် အပူစာများဖြစ်ကြသည်။ အကြေးခွံရှိသော ငါး၊ ပုစွန်တို့သည် အပူစာ တိုက်ရိုက်မဟုတ်သော်လည်း အပူစာအာဟာရအဖြစ် ကြက်သွန် ဖြူ ချင်း၊ ရဲယိုရွက်၊ ဒန့်သလွန်ရွက် စသည်တို့ဖြင့် ရောနှောချက်ပြုတ် စားသောက်ပါက အပူစာအာဟာရ ကဲ့သို့ အကျိုးသက်ရောက်စေသည်ဟု မှတ်သားဖူးပါသည်။

အအေးစာ

တိုင်းရင်း ဆေးဝါးများတွင် ဖော်ပြလေ့ရှိသော သီတဓာတ်ပါဝင် သည့် အအေးစာအာဟာရများသည် ခွန်အားကိုတိုးပွားစေသည်။ သွေး၊ အသား၊ အဆီ၊ အရိုး၊ ချဉ်ဆီ စသည်တို့ကို တိုးပွားကြီးထွားစေ သည်။ နို့ရည်ကို တိုးပွားစေသည်။ ရေငတ်ခြင်း၊ မူးဝေခြင်း၊ အပူရောဂါ အမျိုးမျိုး၊ ချွေးလွန်ခြင်းစသော ရောဂါတို့ကို ပျောက်ကင်းစေသည်။ ဆီး၊ ဝမ်း၊ လေ တို့ကိုမှန်စေသည်။ သို့ရာတွင် အလွန်အကျွံစားသုံးပါက သလိပ်ပွားသောရောဂါ၊ ပန်းနာ ရင်ကျပ်၊ ချောင်းဆိုးခြင်း၊ သွေးကြော၊ လေကြောတို့၌ အဆီပိတ်သောရောဂါ၊ အဆီတိုးပွားသောရောဂါ၊ အဆုတ် နာ၊ သွေးတိုး၊ နှလုံးသွေးကြောကျဉ်း၊ အစာမကြေ ရင်ပြည့်ရင်ကယ်၊ ဝမ်းဖောဝမ်းရောင်၊ ဝမ်းပျက်၊ ထုံကျဉ် ခြင်း၊ ကိုယ်လက်လေးလံခြင်း၊ သွက်ချာပါဒခေါ် ကိုယ်တစ်ခြမ်းသေ ရောဂါ၊ မီးယပ်သွေးချုပ်၊ သွေးကျန်၊ အခိုးပိတ် ချွေးငုပ်၊ ခေါင်းအုံ့ ဇက်လေး၊ ငိုက်မျဉ်းခြင်းစသော ရောဂါများကို ဖြစ်စေနိုင်ပါသည်။

အသားနှင့်ဥများ

အအေးစာ အာဟာရများနှင့် ပတ်သက်၍ ဝက်သား၊ ရေကြက်၊ လိပ်သား၊ ဖားသား၊ ငါးအမျိုးမျိုး၊ ငါးရှဉ့်၊ ပုစွန်အမျိုးမျိုး၊ ဘဲဥ၊ လိပ်ဥ၊ ငါးဥများ၊ အင်ဥ၊ ပိန်းဥ၊ ကန်းစွန်းဥ၊ မှို့ဥ၊ ပဲမြစ်၊ အာတာလွတ်ဥ၊ အာလူး၊ ထန်းမြစ်၊ မျောက်ဥ၊ ပြောင်းဖူး၊ ထောပတ်၊ မြေပဲစသည်တို့သည် အအေးစာ စာရင်းတွင် ပါဝင်ပါသည်။

အသီးအရွက်များ

အအေးစာ အသီးအရွက်များမှာ ဘူးသီး-ရွက်၊ ကျောက်ဖရုံသီး-ရွက်၊ ရွှေဖရုံသီး-ရွက်၊ သခွားသီး၊ ရုံးပတီသီး၊ ခရမ်းချဉ်သီး၊ စောင်းလျားသီး၊ ခဝဲသီး၊ ခရမ်းသီး၊ ဆီးဖြူသီး၊ ကြက်ဟင်းခါးသီး-ရွက်၊ ကင်းပုံသီး-ရွက်၊ ကြက်သွန်နီ၊ ဖရဲသီး၊ အုန်းသီး၊ ငှက်ပျောသီး၊ သရက်သီးမှည့်၊ မရန်းသီးမှည့်၊ မင်းကွတ်သီး၊ ပိန္နဲသီး၊ ပန်းသီး၊ သင်္ဘောသီးမှည့်၊ သပြေသီး၊ သစ်တော်သီး၊ နာနတ်သီး၊ လိမ္မော်သီး၊ ရှောက်သီး၊ သံပရာသီး၊ မာလကာသီး၊ သြဇာသီး၊ သလဲသီး၊ ဆီးသီး၊ ဝွေးသီး၊ သခွားမွှေး၊ ထောပတ်သီး၊ စတော်ဘယ်ရီသီး၊ ကြက်မောက်သီး၊ စပျစ်သီး၊ မက်မန်းသီး၊ မန်ကျည်းသီးမှည့်၊ သီးသီး စသည်တို့အပြင် ကန်စွန်းရွက်၊ မန်ကျည်းရွက်၊ ညံ့ရွက်၊ ပြည်ပန်းညိုရွက်၊ မုန်ညင်းရွက်၊ ချဉ်ပေါင်ရွက်၊ ဆလတ်ရွက်၊ ဂေါ်ဖီထုပ်၊ ဟင်းနုနယ်၊ ဇရစ်၊ ပဲကတ္တီပါ၊ ပဲလွန်းရွက်၊ မြင်းခွာရွက်၊ ကြံရည်၊ လက်ဖက်၊ ပျားရည်စသည်တို့ကို အအေးစာအသီးအရွက်များစာရင်း တွင်ထည့်သွင်းရမည် ဖြစ်သည်။

စားသုံးသူများအနေဖြင့် မိမိတို့ဘာသာ ရာသီအလိုက် ချင့်ချိန်စား သုံးသင့်သည့် အသီးအနှံအစာ အာဟာရများအကြောင်းကို သေသေ ချာချာ သိရှိနားလည်ထားသင့်ပေ သည်။ သို့မှသာ ငွေကုန်သမျှ အရာထင်ကာ သက်ရှည်ကျန်းမာ ရေးအတွက် အကျိုးရှိမည်။

ရာသီအလိုက်

ထို့ကြောင့် နွေရာသီ၌ နွားနို့၊ ထောပတ်၊ ထန်းလျက်၊ ပျားရည်၊ ကြက်သား၊ ဆိတ်သား၊ ငါး၊ ပုစွန်၊ ကြက်ဥ၊ ငုံးဥစသည်ဖြင့် အချို အရသာရှိသောအစာများကို ဦးစား ပေးစားသုံးသင့်ပြီး မိုးရာသီ၌ ခွေး တောက်ရွက်၊ ရဲယိုရွက်၊ တမာရွက်၊ ကြက်ဟင်းခါးသီး စသည်ဖြင့် ခါးသောအရသာရှိသောအစာများ ကို ပိုမိုစားသုံးသင့်ကာ ဆောင်း ရာသီ၌ ရှောက်သီး၊ မန်ကျည်းသီး၊ ကင်ပွန်းချဉ်၊ ဆီးဖြူသီး၊ မရန်းသီး၊ နာနတ်သီး၊ ကြက်မောက်သီး၊ ခရမ်းချဉ်သီး စသည်ဖြင့် အချဉ် အရသာ ဦးဆောင်သော အစာများ ကို စားသုံးသင့်ကြောင်း ဖတ်ရှုမိသမျှ ဆေးပညာ ဗဟုသုတဆောင်းပါး များမှ မှတ်စုထုတ်နုတ် ဝေမျှလိုက် ရပါသည်။

လပြည့်သော်တာ



အမှတ်(၃၉) အခြေခံပညာမူလွန်ကျောင်း၌ ကျောင်းဆောင်သစ်ဆောက်လုပ်လျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၇

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ရတနာဒီပရပ်ကွက် အမှတ်(၃၉) အခြေခံပညာမူလွန်ကျောင်းအတွင်း၌ အကျယ်ပေ (၃၀×၉၀) ရှိ အုတ်ညှပ်၊ သံဆန်ခါ ကျောင်းဆောင်သစ် ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)** အဆိုပါ ကျောင်းဆောင်သစ်ကို အောက်တိုဘာ ၁၁ ရက်က ပန္နက် စတင်ရိုက်ခဲ့ပြီး ကျောင်းဆောင်သစ်သည် အလျားပေ ၉၀၊ အနံပေ ၃၀၊ အုတ်ညှပ် သံဆန်ခါဖြစ်၍ စာသင်ဆောင်သုံးခုဖြင့် ဆောက်လုပ်ပြီး ယခုဆို ကျောင်းဆောင်သစ်ကြီးမှာ ၄၀ ရာခိုင်နှုန်းပြီးစီးပြီး အမှတ်(၃၉)အခြေခံပညာမူလွန်ကျောင်း၌ နှမ်းခင်းကြီး၊ ရတနာဒီပရပ်ကွက်၊ ဆင်ဖြူရှင်ရပ်ကွက်၊ သုခဒီပရပ်ကွက်တို့က ကျောင်းသားကျောင်းသူ ၄၇၀ လာရောက် ပညာသင်ကြားနေကြပြီး အဆိုပါကျောင်းကြီးပြီးသွားပါက ကျောင်းသား ကျောင်းသူများ ကျယ်ကျယ်ပြန့်ပြန့် ပညာသင်ကြားနိုင်မည်ဖြစ်ကြောင်းသိရ သည်။

သူဇာလှိုင်(စက်မှု)

ကလေးမြို့တွင် စာပေဟောပြောပွဲကျင်းပ

ကလေး ဇန်နဝါရီ ၇

ကလေးမြို့နယ် နေသာစာကြည့်တိုက်သည် ကျေးရွာများတွင် စာကြည့်တိုက်များ အောင်မြင်လာစေရေးအတွက် အကူအညီများပေးနေပြီး စာအုပ်စာစောင်များ လှူဒါန်းခြင်း၊ စာပေဟောပြောပွဲကျင်းပပေးခြင်းများ ပြုလုပ်ပေးလျက်ရှိရာ ဇန်နဝါရီ ၂ ရက်ညက ကလေးမြို့ နေသာဘုန်းတော်ကြီးကျောင်း အတွင်း၌ နေသာစာကြည့်တိုက် ငါးနှစ်ပြည့် အထိမ်းအမှတ်အဖြစ် စာပေ ဟောပြောပွဲ ကျင်းပခဲ့ကြောင်း သိရသည်။ အဆိုပါ စာပေဟောပြောပွဲတွင် ဆရာမဂျူးက ကဗျာအကြောင်း စာအကြောင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာဖေမြင့်က စာအုပ်စာပေဖတ်ခြင်းက ဘာအကျိုးကျေးဇူးတွေရနိုင်သလဲ ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့ရာ စာဖတ်ပရိသတ် ၁၅၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ နေသာစာကြည့်တိုက်သည် ကလေးမြို့နယ်တွင် အကြီးဆုံးသောစာကြည့်တိုက်ဖြစ်ပြီး ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် ငါးနှစ်ပြည့်ခဲ့ပြီဖြစ်သဖြင့် အကြိုစာပေဟောပြောပွဲအဖြစ် ကျင်းပရခြင်းဖြစ်ကြောင်း အဆိုပါ စာကြည့်တိုက်ဖွင့်လှစ်ထားသူ နေသာဆရာတော် ဉူးခမ္မိက (ပညာဒါန)က မိန့်ကြားခဲ့သည်။ ယခုလက်ရှိ နေသာစာကြည့်တိုက်တွင် အသင်းဝင်တိုင်းအတွက် သုတ၊ ရသစာအုပ်ပေါင်း ၁၀၀၀၀ ကျော်ကို ကတ်တလောက်စနစ်ဖြင့် ငှားရမ်းပေးလျက်ရှိပြီး အင်္ဂလိပ်စာလေ့လာသူများ အတွက်လည်း အထူးအဆင်ပြေစေရန် Self-Access English Language Centre ကို ပူးတွဲဖွင့်လှစ်ပေးထားကြောင်း ၎င်းကထပ်မံမိန့်ကြားသည်။

သျှင်နေမင်း

ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့ရုပ်ရှင်လုပ်ငန်းအတွက်
e-Government နှင့် ပတ်သက်သည့် ပစ္စည်းများဝယ်ယူရန်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်လျက်ရှိသည့် ကုန်ကြမ်းပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်းဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	ရေတွက်ပုံ	ဦးရေ
၁။	(i7) Desktop Computer (Full Accessories)	Nos	10
၂။	4 in 1 Printer	Nos	10
၃။	Server	Nos	2
၄။	Online UPS	Nos	3
၅။	LAN network (for 12 Pts)	Pts	12

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂-၁-၂၀၁၄ ရက်မှ ၂၁-၁-၂၀၁၄ရက်အထိ နေ့စဉ် ၉း၃၀ နာရီမှ ၁၆း၃၀နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၃-၁-၂၀၁၄ ရက် ၁၂း၀၀နာရီမှ ၁၃း၀၀နာရီအတွင်း အမှတ် ၂၈၊ ကုက္ကိုင်းရိပ်သာလမ်း၊ ဗဟန်းမြို့နယ်ရှိ မြန်မာ့ရုပ်ရှင်လုပ်ငန်း(ရုံးချုပ်)တွင် တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ တင်ဒါပေးသွင်းသည့်အချိန်တွင် တစ်ခါတည်း ဖွင့်ဖောက်စစ်ဆေးမည်ဖြစ်ပါ၍ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၉-၄၃၁၂၂၀၉၂၊ ၀၁-၅၁၃၉၈၂နှင့် ၀၁-၅၃၉၈၅၄တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ
မြန်မာ့ရုပ်ရှင်လုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန
အမှတ် ၂၈၊ ကုက္ကိုင်းရိပ်သာလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

တင်ဒါတင်သွင်းရန်လိပ်စာ
မြန်မာ့ရုပ်ရှင်လုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန
အမှတ် ၂၈၊ ကုက္ကိုင်းရိပ်သာလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

စက်မှုဝန်ကြီးဌာန
အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း
အမှတ်(၂၁)အကြီးစားစက်ရုံ(သထုံ)နှင့်
အမှတ်(၂၂)အကြီးစားစက်ရုံ(ဘီးလင်း)တို့ကို
ငှားရမ်း/အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် စိတ်ဝင်စားသူများအား

ဖိတ်ခေါ်ခြင်း

(Expression of Interest)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၂) အကြီးစား စက်မှုလုပ်ငန်းကြီးကြပ်မှုအောက်ရှိ မော်တော်ယာဉ်တာယာများထုတ်လုပ်သော အမှတ်(၂၁)အကြီးစားစက်ရုံ(သထုံ)နှင့် အမှတ်(၂၂)အကြီးစားစက်ရုံ(ဘီးလင်း)တို့ကို စိတ်ပါဝင်စားသူ ပြည်တွင်း/ပြည်ပ လုပ်ငန်းရှင်များနှင့် ငှားရမ်း/အကျိုးတူပူးပေါင်းဆောင်ရွက်သွားရန် အစီအစဉ်ရှိပါသည်။

၂။ ပထမအဆင့်အနေဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များသည် စိတ်ဝင်စားမှု ဖော်ပြခြင်းလျှောက်လွှာ(Expression of Interest)ကို ဆောင်ရွက်လိုသော လုပ်ငန်း များအား အကြမ်းဖျင်းအဆိုပြုဖော်ပြလျက် မိမိတို့၏ ကုမ္ပဏီဆိုင်ရာ အထောက်အထား များနှင့်အတူ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းသို့ ၂၀-၁-၂၀၁၄ ရက် နောက်ဆုံးထား ၍ ဆက်သွယ်ပေးပို့ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၃။ Expression of Interest ပေးပို့လာသည့် စိတ်ပါဝင်စားသူ ပြည်တွင်း/ပြည်ပ လုပ်ငန်းရှင်များအား ၂၃-၁-၂၀၁၄ ရက် ၁၀း၀၀ နာရီတွင် စက်မှုဝန်ကြီးဌာန အစည်း အဝေးခန်းမ၌ ဖိတ်ခေါ်တွေ့ဆုံ၍ ဆောင်ရွက်မည့်အခြေအနေများအား ရှင်းလင်း ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ပစ္စည်းစီမံရေးဌာန
အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း
စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၅၁၅၁၊ ၀၆၇-၄၀၅၀၅၈

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၃၅) အကြီးစားစက်ရုံ(ချောက်)အတွက် အောက်ဖော်ပြပါ စက်အရန် ပစ္စည်းအား ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
က။	70 KN Disc Insulator Cap & R-Clip	20000 Sets

၂။ တင်ဒါအား ၈-၁-၂၀၁၄ရက်မှစတင်ခေါ်ယူပြီး တင်ဒါပိတ်ရက်မှာ ၂၁-၁-၂၀၁၄ရက် ဖြစ်ပါသည်။ တင်ဒါပုံစံများအား အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ ရောင်းချဖြန့်ဖြူးရေးဌာန၊ ရုံးအမှတ်(၄၁) နေပြည်တော်တွင် ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းပြီး တင်ဒါများ လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံ တရားဝင် ဝယ်ယူ ထားသူများထံမှ တင်ဒါကိုသာ လက်ခံပါမည်။ (အသေးစိတ်သိလိုပါက စုံစမ်းရန် ဖုန်း-၀၆၇-၄၀၈၂၉၈)

အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း

စက်မှုဝန်ကြီးဌာန
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၏ အမှတ်(၁) ပလတ်စတစ်စက်ရုံ(ရန်ကုန်)၊ နေရှင်နယ် အချိုရည်စက်ရုံခွဲ၊ ဒိုက်ဦးကော်မှုန့်စက်ရုံနှင့် သစ်ဆိမ့်ဆီစက်ရုံ(ဆိပ်ဖြူ)တို့မှ အသုံးမလိုပိုလျှံ စက်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ** - ၉-၁-၂၀၁၄ ရက်
စတင်ရောင်းချမည့်ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၃၁-၁-၂၀၁၄ ရက် (၁၆း၀၀)နာရီ

၃။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက် စုံစမ်းနိုင်ပါသည်။

ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်)
ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန
ဖုန်း-၀၆၇-၄၀၈၁၉၅၊ ၀၆၇-၄၀၈၂၇၆

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၈/၆၂၃၃၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

လားရှိုးမြို့မဈေးကြီးတွင် မီးငြိမ်းသတ်ခြင်းဆိုင်ရာ သရုပ်ပြ

လားရှိုး ဇန်နဝါရီ ၇

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့မဈေးကြီးတွင် ဇန်နဝါရီ ၆ ရက်နံနက်၁၀ နာရီကမီးငြိမ်းသတ်ခြင်းနှင့် လူနာများ ကယ်ဆယ်ခြင်းသရုပ်ပြလေ့ကျင့်ခြင်း အခမ်းအနားကို ကျင်းပသည်။

လေ့ကျင့်ခြင်း အခမ်းအနားသို့ လားရှိုးမြို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးမောင်ကြည်၊ တွဲဖက်ပြည်နယ်မီးသတ်ဦးစီးမှူး မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်ခွဲစည်ပင်သာယာရေးမှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်မီးသတ် တပ်ဖွဲ့ဝင်များ၊ လားရှိုးမြို့ ရပ်ကွက် ၁၂ ရပ်ကွက်မှ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ တက်ရောက်ခဲ့ကြပြီး လားရှိုးမြို့မဈေးမှ ဈေးသူဈေးသားများ၊ ပြည်သူများက စိတ်ဝင်တစား တက်ရောက်ကြည့်ရှုလေ့လာကြသည်။

(ခရိုင် ပြန်/ဆက်)

ကျေးရွာချင်းဆက် လမ်းဖွင့်

ဂန့်ဂေါ ဇန်နဝါရီ ၇

ဂန့်ဂေါမြို့နယ် အိမ်သစ်ကျေးရွာနှင့် စမိတ်ကျေးရွာသွား လမ်းဖွင့်ပွဲကို ဇန်နဝါရီ ၂ ရက်က အိမ်သစ်ကျေးရွာ အဆိုပါလမ်းထိပ်၌ကျင်းပရာ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးနိုင်ဦးနှင့်အိမ်သစ်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးသာယာတို့က ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးသည်။

အဆိုပါလမ်းသည် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် ခွင့်ပြုငွေကျပ်သိန်း ၃၀ ကို မတည်လျက် ဖောက်လုပ်ခြင်းဖြစ်ကာ လမ်းအရှည် ၃ ဒသမ ၆ မိုင်ရှိ၍ လမ်းအကျယ် ၁၂ ပေရှိသည်။ မော်တော်ယာဉ်များ ဖြတ်သန်းမောင်းနှင် နိုင်ကြောင်းနှင့် အိမ်သစ်-စမိတ်လမ်းမှတစ်ဆင့် မြိုင်-တောမ-ဂန့်ဂေါလမ်း၊ပုလဲ-ဂန့်ဂေါကားလမ်းတို့သို့လွယ်ကူစွာဆက်သွယ်သွားလာနိုင်ပြီဖြစ်ရာ ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့သွားကြောင်းသိရသည်။ **(၁၀၁)**

ကင်းထောက်သင်တန်းဆင်းပွဲကျင်းပ

တောင်ကြီး ဇန်နဝါရီ ၇

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ အခြေခံပညာအထက်တန်းကျောင်း အမှတ်(၁)တွင် ဖွင့်လှစ်သင်ကြားခဲ့သည့် ကင်းထောက်အဖွဲ့ဖွဲ့စည်းလေ့ကျင့်ခြင်းသင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၃၁ ရက် ညနေ ၃ နာရီက ကျင်းပရာ ကင်းထောက် မောင်/မယ်ကျောင်းသား ကျောင်းသူ ၁၀၀ က သင်တန်းတွင်သင်ကြားပို့ချခဲ့သည့် ကြိုးချည်နည်း၊ တဲထိုးနည်း၊ စခန်းချခြင်း၊ အလံဖြင့်သရုပ်ပြခြင်းစသည်များကို လက်တွေ့သရုပ်ပြသခဲ့သည်။

ကင်းထောက်အဖွဲ့များအား ပြည်သူ့အတွက် အဆင်သင့်ကင်းထောက်မောင်မယ်များဖြစ်စေရန် တစ်ပတ်တာကာလအတွင်း ကိုယ်ကျင့်တရား၊ ရိုင်းပင်းကူညီမှု၊ အားကစား၊ ကြက်ခြေနီ၊ သဘာဝဝန်းကျင်လေ့လာနည်းစသည်များကို တစ်နေ့သင်ကြားချိန် ခုနစ်ချိန်ဖြင့် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်မှ ၃၁ ရက်အထိ သင်ကြားလေ့ကျင့်ပေးခဲ့သည်။ အလားတူသင်တန်းများကို အထက(၁)တောင်ကြီးနှင့်အတူ အထက အေးသာယာ၊ အထက ကလောနှင့် အထက ပင်လုံစသည့် ကျောင်းများတွင် ကျောင်းသား ၂၀၀၊ ကျောင်းသူ ၂၀၀ စုစုပေါင်း ၄၀၀ အား စာတွေ့လက်တွေ့သင်ကြားပေးခဲ့ပြီး သင်တန်းဆင်းပွဲသို့ ရှမ်းပြည်နယ် ပညာရေးညွှန်ကြားရေးမှူး ဦးချစ်ဆွေ၊ တောင်ကြီးမြို့နယ် ပညာရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မြငွေ၊ ကျောင်းအုပ်ကြီးများနှင့်ဖိတ်ကြားထားသည့် ကျောင်းသားမိဘများ တက်ရောက်ခဲ့ကြောင်း သိရသည်။

နိုင်ထွန်း(TGI)

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ဆရာစံရပ်ကွက်တွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဆရာမဒေါ်သင်းသင်းလှိုင်က ပုံမှန်ကာကွယ်ဆေးတိုက်၊ ကာကွယ်ဆေးထိုးပေးခြင်းလုပ်ငန်းကို ဇန်နဝါရီ ၅ရက်က ဆရာစံရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့်မွေးစမှ အသက် (၁)နှစ်ခွဲအထိ ကလေးငယ်များအား ကာကွယ်ဆေးတိုက်၊ ဆေးထိုးဆောင်ရွက်ပေးစဉ်။ တင်စိုးလှိုင်

တနင်္သာရီမြို့၌ ပညာရေးစုံညီပွဲတော်ကျင်းပ

တနင်္သာရီ ဇန်နဝါရီ ၇

တနင်္သာရီတိုင်း ဒေသကြီး တနင်္သာရီမြို့ အခြေခံပညာ အထက်တန်းကျောင်းအရှေ့ မြက်ခင်းပြင်၌ ဇန်နဝါရီ ၂ ရက် ည ၈ နာရီက ပညာရေးစုံညီပွဲတော်ဖွင့်ပွဲ ကျင်းပရာ မြို့နယ်ပညာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူက အနာဂတ်ပွဲ့ကိုင်ရှင်များအား ဆရာ ဆရာမများက မိမိတို့၏တပည့်ရင်သွေးငယ်များကို စိတ်ဓာတ်၊ ဉာဏ၊ စာရိတ္တစွမ်းရည်များမြှင့်တင်ပေးကြရန် အမှာစကားပြောကြားသည်။

ဆက်လက်၍ တနင်္သာရီမြို့ အထကကျောင်းအုပ်ဆရာမကြီးဒေါ်ခင်ယုမေက တက္ကသိုလ်ဝင်စာမေးပွဲကို ထူးချွန်စွာအောင်မြင်နိုင်ရေးအတွက် ကြိုးပမ်းမှုများ၊ ထူးချွန်စွာ ဘာသာရပ်အလိုက် သင်ကြားပြသပေးသည့် ဆရာ ဆရာမများကိုလည်း ထိုက်တန်စွာ ဂုဏ်ပြုမည်ဖြစ်ကြောင်း၊ အထက-တနင်္သာရီမြို့ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးစိုးရီက အထက-တနင်္သာရီမြို့၏ လက်ရှိ ဆောင်ရွက်နေမှု ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီးနောက် ကျောင်းသား ကျောင်းသူများက အကပဒေသာများဖြင့် တင်ဆက် ကပြဖျော်ဖြေကြသည်။ **(အပေါ်ပုံ)**

အထက-တနင်္သာရီမှ လွတ်လပ်ရေးနေ့အထိမ်းအမှတ်၊ လူကုန်ကူးမှုပပျောက်ရေးနေ့ အထိမ်းအမှတ်၊ ကျောင်းတွင်းသန့်ရှင်းသာယာလှပရေး အထိမ်းအမှတ်၊ ပန်းချီ၊ ကာတွန်း၊ စာစီစာကုံးပြိုင်ပွဲဆုရ ကျောင်းသား ကျောင်းသူများအား ကျောင်းအုပ် ဆရာမကြီးနှင့် ဌာနဆိုင်ရာများက ဆုများချီးမြှင့်ကြသည်။

ထို့နောက် ဇန်နဝါရီ ၃ ရက် ညတွင်လည်း စုံညီပွဲတော်ကို ဆက်လက်ကျင်းပရာ မြို့နယ်အဆင့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တနင်္သာရီမြို့နယ်အတွင်းမှ ထူးချွန်စွာ ဂုဏ်ထူးဖြင့် အောင်မြင်သူ ၄၇ ဦးတို့ကို မြို့နယ်ပညာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်ပညာရေးမှူး ဒေါ်မိုးမိုးအေးတို့က ဂုဏ်ပြုအမှတ်တံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းနှင့်ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးကြသည်။ ၎င်းဆုငွေများကို မြို့နယ်ပညာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက အကုန်အကျခံကာ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

နန်းသာရီ-ထိန်ဝင်း

မြို့နှင့် ကျေးရွာချင်းဆက် လမ်းဖွင့်ပွဲကျင်းပ

ဒိုက်ဦး ဇန်နဝါရီ ၇

ဒိုက်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်ခဲ့သော မင်းတဲရပ်ကွက် (၄)လမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂ ရက် နံနက် ၈ နာရီက အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်မြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်တို့က အမှာစကားပြောကြားခဲ့ပြီး အငယ်တန်းအင်ဂျင်နီယာ(၂) ဦးသန့်ဇင်ဦးက လုပ်ငန်းဆောင်ရွက်မှုများ ရှင်းလင်းတင်ပြသည်။ ထို့နောက် အမှုဆောင်အရာရှိက လမ်းဖွင့်ပွဲအထိမ်းအမှတ်အလံများကို ပေးအပ်သည်။ အဆိုပါကျောက်ချောလမ်းကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးတင်မြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်နှင့် အမှုဆောင်အရာရှိ ဦးထွန်းဇော်မိုးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အဆိုပါ မင်းတဲရပ်ကွက် (၄)လမ်း ကျောက်ချောလမ်းသည် ယခင်က ဂဝံလမ်းဖြစ်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်သည်။

(ညောင်လေးပင်)

လူကုန်ကူးမှု အန္တရာယ် တစ်မျိုးသားလုံး ဝိုင်းဝန်းကာကွယ်

သူရ(၁၂) တွေ့ဆုံပွဲ

ပြည်သူ့ရဲအရာရှိလောင်း သင်တန်းအမှတ်စဉ်(၁၂)မှ သူငယ်ချင်းများ၏ နှစ်ပတ်လည် တွေ့ဆုံပွဲကို ၁၈-၁-၂၀၁၄ရက်တွင် အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါ၍ မပျက်မကွက် တက်ရောက်နိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

(က) **ကွယ်လွန်သူများအတွက်ရည်စူး၍ အရှာဆွမ်းကပ်ခြင်း** — နံနက် ၆း၀၀ နာရီ၊ အောင်ဆန်းကွင်း တောင်ဘက်ခြမ်း၊ ရွှေလားရှိုးကားဂိတ် (ဦးညွန့်အောင်ရုံးခန်း)

(ခ) **မိတ်ဆုံစားပွဲ** — ၁၈း၀၀ နာရီ၊ M_3 စားသောက်ဆိုင်

အထက(၂)၊ ကမာရွတ် (ယခင်စိန့်ဩဂတ်စတင်း) ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

အထက(၂)၊ ကမာရွတ် (ယခင်စိန့်ဩဂတ်စတင်း)ကျောင်း၏ (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့်၁၉၅၈ခုနှစ်မှ ၂၀၁၃ခုနှစ်အထိကျောင်း၌ ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများအား အာစရိယပူဇော်ပွဲသို့ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁၂-၁-၂၀၁၄ ရက် (တနင်္ဂနွေနေ့)
အချိန် - နံနက် ၉း၃၀ နာရီမှ ၁၁း၃၀ နာရီ
နေရာ - အထက(၂)၊ ကမာရွတ်၊ သရဖီခန်းမ

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ

အင်္ဂလိကန်ဓမ္မပြဇာတ်သို့ ဖိတ်ကြားခြင်း

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်၊ အင်္ဂလိကန်လူငယ်များအသင်းမှ တင်ဆက်မည့် **ကိုယ်စားသခင်**ဓမ္မပြဇာတ်ကို အောက်ပါအစီအစဉ်အတိုင်း တင်ဆက်ကပြမည်ဖြစ်ပါသောကြောင့် ကြွရောက်အားပေးချီးမြှင့်ပါရန် ခရစ်တော်၌ အသင်းတော်များ၊ ညီအစ်ကိုမောင်နှမများ၊ မိသားစုများအားလုံးကို ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၈ ရက်မှ ၁၂ ရက်အထိ
အချိန် - ညစဉ် ညနေ ၆း၀၀ နာရီမှ ည ၉း၀၀ နာရီ
နေရာ - အောက်မေ့ဖွယ်ခန်းမ၊ မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန် အသင်းချုပ်ဝင်း၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်

Gold Backed
ခရီးသွားလုပ်ငန်းကုမ္ပဏီလီမိတက် ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌ ကျပ်ငွေဖြင့် ခန့်ထားရန်)

စာပေးစာယူဝန်ထမ်း ကျား ၅ ဦး၊ ၁၀ တန်း၊ ရုံးပြင်ပ စာယူ/စာပို့ ရမည်။

ဤကြော်ငြာပါပြီး နှစ်ပတ်အတွင်း ရပ်ကွက်ထောက်ခံချက်၊ အလုပ်သမားမှတ်ပုံတင် မိတ္တူနှင့်အတူ အခန်း ၁၀၂၊ တိုက်ဘီ၊ ပထမထပ်၊ အမှတ် ၂၁၂၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်း (ကမ္ဘောဇဘဏ် အနောက်)၊ ရန်ကုန်၊ ဖုန်း-၀၉-၇၃၀၈၇၄၁၁၊ ၅၅၂၈၄၉

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများတွင် အသုံးပြုရန် အောက်ဖော်ပြပါ မော်တော်ယာဉ်များအား DDP (ပေါင်းလောင်း) မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No.24/HPGE/2013-2014

(က) Fire Fighting Vehicle(1600 Gallon) (၅)စီး

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည့်ပစ္စည်းများ၏ (Technical Specification)များ၊ အသေးစိတ်အချက်အလက်များအား ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ တင်ဒါများအား ၂၀-၁-၂၀၁၄ရက် ၁၆း၀၀နာရီအရောက် နောက်ဆုံးထား၍ တင်သွင်းရပါမည်။

ပစ္စည်းဖြည့်တင်းရေးဌာနခွဲ၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရုံးအမှတ်(၃၈)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၁၆၈၊ ၀၆၇-၄၁၁၀၇၆

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မောင်တေဇာအောင် ၇/ပမန(နိုင်)၁၈၁၈၃၁သည် မိဘများ၏ဆိုဆုံးမမှုကို မခံယူဘဲ မိဘများ၏ ပိုင်ဆိုင်မှုပစ္စည်းများအား ပျက်စီးရာပျက်စီးကြောင်း ကြံစည်ပြုမူလုပ်ကိုင်နေခြင်းကြောင့် သားအဖြစ်မှ အပြီးအပိုင်အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စမှန်သမျှအား မိဘများနှင့် သက်ဆိုင်ခြင်းမရှိပါကြောင်း၊ တာဝန်မယူတော့ပါကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း ကြေညာခြင်းအား အမှတ် ၇၅၊ ရွှေတစ်ချောင်းလမ်း၊ ဒေါနခြံရပ်ကွက်၊ ရွာဘဲနယ်မြေ၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး(အနောက်)နေ မိခင် ဖခင် နှစ်ဦးစလုံး၏သဘောတူခွင့်ပြုချက်ဖြင့် ကြေညာခြင်းဖြစ်ကြောင်း လက်မှတ်ရေးထိုး၍ အသိပေးအပ်ပါသည်။

ဖခင်-ဦးအောင်တင်ဦး ၇/ပမန(နိုင်)၀၃၀၈၅၁
မိခင်-ဒေါ်စန်းစန်းအေး ၇/ပမန(နိုင်)၀၀၁၉၂၉
အမှတ် ၇၅၊ ရွှေတစ်ချောင်းလမ်း၊ ဒေါနခြံရပ်ကွက်၊ ပြည်မြို့

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

လူသတ်မှုကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်လာသူအား အချိန်တိုအတွင်း ဖော်ထုတ်ဖမ်းဆီး

ရွှေပြည်သာ ဇန်နဝါရီ ၇

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ဘုရင့်နောင် ပတ်လမ်းနှင့် ရွှေပြည်သာလမ်းဆုံတွင် ဇန်နဝါရီ ၁ ရက် နံနက် ၂ နာရီက ဖြစ်ပွားခဲ့သော လူသတ်မှုမှ ထွက်ပြေးတိမ်းရှောင်လာသော ပြစ်မှုကျူးလွန်သူအား ကရင်ပြည်နယ် ရဲတပ်ဖွဲ့က အချိန်တိုအတွင်း ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ဘုရင့်နောင်လမ်းနှင့် ပြည်တော်သာပတ်လမ်းဆုံတွင် ရဲတော်ပါရှစ်ဦးမှာ ဂီတာတီးသီချင်းဆိုနေစဉ် အောင်မြတ်ကျော်(ခ)အောင်ကောင်းမြတ်(၂၃နှစ်) ဝပ်ရှော့ခ်လုပ် မ/၂၄၃(ခ) စွယ်တော်လမ်း ၅/၂ ရပ်ကွက် ရွှေပြည်သာမြို့နယ်နေသူ သုံးဦးတို့နှင့် ရန်ဖြစ်ပြီး ထိုးနှက်ကြရာမှ အောင်မြတ်ကျော်(ခ) အောင်ကောင်းမြတ် ယာဘက်ဝမ်းဗိုက်တွင် ထိုးသွင်းဒဏ်ရာ သုံးချက်ရရှိပြီး အင်းစိန်မြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူစဉ် နံနက် ၃ နာရီတွင် သေဆုံးသွားသဖြင့် ရွှေပြည်သာမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားသောအမှုမှ ပြစ်မှုကျူးလွန်သူတစ်ဦး ကရင်ပြည်နယ်ဘက်သို့ ထွက်ပြေးတိမ်းရှောင်လာကြောင်း ရွှေပြည်သာရဲစခန်းမှ ချိတ်ဆက်အကြောင်းကြားလာသဖြင့် ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူး၏ စီစဉ် ညွှန်ကြားချက်အရ ပြည်နယ်မှုခင်းအကူဌာနမှ ဒုရဲမှူးအောင်ထူး စီစဉ်ကြပ်မတ်၍ ပြည်နယ်မှုခင်းအကူဌာန တပ်ဖွဲ့ဝင်များ၊ ဘားအံမြို့မရဲစခန်းရှိ နယ်ထိန်းတပ်ဖွဲ့ဝင်များက ထွက်ပြေးတိမ်းရှောင်လာသော ပြစ်မှုကျူးလွန်သူကိုအမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ပြစ်မှုကျူးလွန်သူ ခိုအောင်းနိုင်သောနေရာများနှင့် လူစည်ကားရာနေရာများတွင် လှည့်ကင်း၊ ရပ်ကင်း၊ ဝပ်ကင်းများဖြင့် ပြစ်မှုကျူးလွန်သူထွက်ပြေးလွတ်မြောက်ခြင်းမရှိဘဲ အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် သတင်းကွင်းဆက်များရယူ ဆောင်ရွက်နေစဉ် အမှုမှထွက်ပြေးတိမ်းရှောင်နေသော ပြစ်မှုကျူးလွန်သူ ကျော်မိုးသူ(ခ) ကျော်ကွေး (ခ)မင်းခစိုးသည် ဘားအံမြို့ အမှတ် ၅ ရပ်ကွက် ယန္တရားဝင်းရှိ ငါးဒိုင်တွင်ရောက်ရှိနေကြောင်း သတင်းရရှိသဖြင့် ကရင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး မှုခင်းအကူတပ်ဖွဲ့ခွဲမှ တပ်ခွဲမှူး ဒုရဲမှူးအောင်ထူးနှင့်အဖွဲ့သည် ဇန်နဝါရီ ၂ ရက်တွင် သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များနှင့်အတူ သွားရောက်ဖမ်းဆီးခဲ့ရာ ပြစ်မှုကျူးလွန်သူ ကျော်မိုးသူ (ခ)ကျော်ကွေး (ခ)မင်းခစိုး(၂၀နှစ်)ကို လက်ရ ဖမ်းဆီးနိုင်ခဲ့ပြီး ကရင်ပြည်နယ် မှုခင်းအကူဌာနတွင် စစ်ဆေးဆောင်ရွက်လျက်ရှိကာ သက်ဆိုင်ရာ တိုင်းဒေသကြီးရဲတပ်ဖွဲ့ ရွှေပြည်သာရဲစခန်းမှူး ဒုရဲမှူးဌေးအောင်နှင့် ဆက်သွယ်၍ ဖမ်းဆီးရမိထားသော ပြစ်မှုကျူးလွန်သူအား လာရောက်ခေါ်ဆောင်ရန် ဆောင်ရွက်ထားကြောင်း သိရသည်။ **ထွန်းထွန်းထွေး(ဘားအံ)**

မလှိုင်မြို့၌ ကိုယ့်အားကိုယ်ကိုးလမ်းဖွင့်

မလှိုင် ဇန်နဝါရီ ၇

မလှိုင်မြို့နယ် ဒေသခံပြည်သူများနှင့် ခရီးသွားများအဆင်ပြေစွာသွားလာနိုင်စေရန် ဇန်နဝါရီ ၁ ရက် နံနက် ၉ နာရီက အမှတ်(၄)ရပ်ကွက် သနက်ပင်လမ်းကြားကို အရှည် ပေ ၁၅၀၊ ကွန်ကရစ်လမ်း လေးပေထုရှိ လမ်းပိုင်းကိုဖွင့်လှစ်သည်။ ရှေးဦးစွာ မလှိုင်မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောက်က အမှာစကားပြောကြားပြီး ကိုယ့်အားကိုယ်ကိုးလမ်းခင်းခြင်းနှင့် ပတ်သက်ပြီး အမှတ်(၄)ရပ်ကွက် ရပ်ကျေးအုပ်ချုပ်ရေးမှူး ဦးမျိုးဝင်းက ရှင်းလင်းပြောကြားခဲ့သလို မလှိုင်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရွှေနန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းလှိုင်နှင့် မြို့နယ်အထောက်အကူပြုအဖွဲ့များ၊ မြို့မိမြို့ဖများ တက်ရောက်အားပေးခဲ့ကြပြီး ယခင်ပျက်စီးနေသည့် လမ်းပိုင်းကို ယခုအခါတာဝန်ရှိသူများက ပြုပြင်ပေးခဲ့ခြင်းကြောင့် ဒေသခံပြည်သူများဝမ်းသာနေကြောင်း သိရသည်။

ကျော်ကျော်(မလှိုင်)

မော်လမြိုင်မြို့ မီးပွိုင့်နှစ်ခု၌ စီစီတီဗွီ ကင်မရာများ တပ်ဆင်

မော်လမြိုင် ဇန်နဝါရီ ၇

မွန်ပြည်နယ် မော်လမြိုင်မြို့အတွင်း အချက်အချာကျသည့် ဒိုင်းဝန်ကွင်းမီးပွိုင့်နှင့် မုပွန်နယ်မြေ ဈေးကြိုမီးပွိုင့်တို့တွင် ယခင်ဒီဂျစ်တယ် မီးပွိုင့်များ တပ်ဆင်အသုံးပြုနေရာမှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆောင်ရွက်ရာ၌ စည်းကမ်းမလိုက်နာသည့်ယာဉ်များနှင့် ယာဉ်တိုက်တိမ်းရှောင်သွားသော ယာဉ်များ ဖော်ထုတ်နိုင်ရန် အဆင့်မြင့် CCTV ကင်မရာများကို စတင်တပ်ဆင်အသုံးပြုလျက်ရှိသည်။

ယခုတပ်ဆင်သည့် မီးပွိုင့်နှစ်ခုသည် မွန်ပြည်နယ် မော်လမြိုင်မြို့မှ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးများသို့ မော်တော်ယာဉ်၊ ဆိုင်ကယ်များ အများဆုံးဖြတ်သန်းသွားလာနေသည့်အဓိကကျသည့် မီးပွိုင့်နှစ်ခုဖြစ်ပြီး ပြည်သူများအား ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ရည်ရွယ်၍ အထူးစီမံချက်ဖြင့် တပ်ဆင်ပေးထားခြင်းဖြစ်သည်။

အဆိုပါ CCTV ကင်မရာများ တပ်ဆင်ထားသောနေရာများသို့ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးဆွေဝင်းနှင့်အဖွဲ့မှ သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

ကျော်သန်း(မော်လမြိုင်)

လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲ ဆုချီးမြှင့်ပွဲ ဇမ္ဗူသီရိမြို့နယ် ဓနသိဒ္ဓိရပ်ကွက်၌ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၇

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဓနသိဒ္ဓိရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးခန်း၌ ဇန်နဝါရီ ၅ ရက် ည ၇ နာရီက ရပ်ကွက်အတွင်းရှိ ဝန်ထမ်းမိသားစုများ၏ လွတ်လပ်ရေးနေ့ပျော်ပွဲရွှင်ပွဲဆုချီးမြှင့်ပွဲနှင့် ရပ်မိရပ်ဖများ၊ ရပ်ကွက်အတွင်းရှိ လူငယ်လေးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်အတူ ရပ်ကွက်အတွင်း ဒုစရိုက်မှု ကင်းစင်ရေးအတွက် လှည့်ကင်း၊ ဝပ်ကင်းများ ကူညီဆောင်ရွက်ပေးခဲ့ကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်ပွဲပြုလုပ်သည့် အခမ်းအနားကို ကျင်းပခဲ့ပြီး အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး၊ အမှတ်(၃)ရဲစခန်းမှူး၊ အမှတ်(၆)ရဲကင်းမှတပ်ဖွဲ့ဝင်များ၊ ဖိတ်ကြားထားသောရပ်မိရပ်ဖများ တက်ရောက်ခဲ့သည်။

မီမီလွင်-သတင်းစဉ်

ကသာခရိုင် ထီးချိုင့်မြို့နယ်စပ်တစ်လျှောက် တရားမဝင်သစ်များ ဖမ်းဆီးရမိ

ထီးချိုင့် ဇန်နဝါရီ ၇

ပိတောက်၊ တမလန်း အစရှိသည့် အဖိုးတန်သစ်များကို တရားမဝင်ခုတ်လှဲ သယ်ဆောင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းအရ စစ်ကိုင်း တိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးဝင်း(၃)၏ ဦးဆောင်မှုအရ ကသာခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းထွဋ် ဦးဆောင်၍စစ်ကိုင်းတိုင်းဒေသကြီးသစ်တောဦးစီးဌာနဦးစီးအရာရှိ၊ ကသာမြို့နယ်၊ ထီးချိုင့်မြို့နယ်တို့မှ ဦးစီးအရာရှိများ၊ ထီးချိုင့်မြို့နယ်နှင့် ကသာခရိုင်အတွင်းရှိ မြို့နယ်များမှ သစ်တောဝန်ထမ်းများ ပူးပေါင်းပါဝင်သောအဖွဲ့သည် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်မှ ၂၆ ရက်အထိ ရှမ်းပြည်နယ် မဘိမ်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်များနှင့်နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည့် ထီးချိုင့်မြို့နယ် ဟသ်ာကြိုးဝိုင်းနယ်စပ်တစ်လျှောက်နှင့် သစ်ခိုးထုတ်စုဆောင်းရာ အခြေခံနယ်မြေများဖြစ်သော ဟသ်ာကြိုးဝိုင်းအတွင်းရှိ ဆင်လူးအိုင်၊ ကျောက်ပိတ်ချောင်း၊ ဒိုးချောင်း၊ ဝါးဘိုးချောင်း၊ ထွန်းဦးစခန်း၊ မြေနီတောင်နေရာများကို ကွင်းဆင်းရှင်းလင်းရှာဖွေဖော်ထုတ်ဖမ်းဆီးခဲ့ရာ တရားမဝင် ပိတောက်၊ တမလန်းသစ်၊ ခါးရွှေ တိုင် စုစုပေါင်း ၄၁ ဒသမ ၁၆၁၁ တန်ကို ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့ပြီး အဆိုပါသစ်များကို သက်ဆိုင်ရာ မြန်မာ့သစ်လုပ်ငန်းသို့ လွှဲပြောင်းပေးအပ်လျက်ရှိကြောင်းနှင့် ကသာခရိုင် သစ်တောဦးစီးဌာနအနေဖြင့် တရားမဝင်သစ်ခိုးထုတ်ခြင်းများကို နည်းလမ်းမျိုးစုံဖြင့် တားဆီးကာကွယ်ခြင်း၊ ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်းကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **လူအောင်(ကသာ)**

ရှမ်းပြည်နယ် လားရှိုးမြို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၇

အမှတ်(၂၄) မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု (လားရှိုး)မှ တပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါး သတင်းအရ လားရှိုးမြို့ ရပ်ကွက်(၅)နေ လီဝေဆုံး (၃၇နှစ်)၏ နေအိမ်ကို ဇန်နဝါရီ ၃ ရက် မွန်းလွဲ ၁ နာရီက သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေခဲ့သည်။

ထိုသို့ရှာဖွေရာ နေအိမ်ရှိ ခုတင်ခေါင်းရင်းမှ ဘိန်းဖြူ ၀ ဒသမ ၁ ဂရမ် 88 နှင့် 1 စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။ မူးယစ်ဆေးဝါးများကို တစ်ရပ်ကွက်တည်းနေ မဂျာဘရီ (၄၁နှစ်)ထံမှ ဝယ်ယူခဲ့ကြောင်း သိရှိရသဖြင့် လီဝေဆုံးနှင့် မဂျာဘရီတို့ကို လားရှိုးမြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မများဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

အင်းတော်မြို့နယ်၌ ဘိန်းဖြူ၊ ဘိန်းမည်းဖမ်းဆီးရမှု ၆၇မှုဖြစ်ပွားခဲ့

အင်းတော် ဇန်နဝါရီ ၇

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်၌ ၂၀၁၃ ခုနှစ်အတွင်း ဘိန်းဖြူ ဘိန်းမည်း ဖမ်းဆီးရမိမှု ၆၇ မှု၊ ပြစ်မှုကျူးလွန်သူအမျိုးသား ၉၅ ဦး၊ အမျိုးသမီး ၁၅ ဦး ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထိုသို့ဖမ်းဆီးရမိမှုတွင် အင်းတော်ရဲစခန်းနှင့် လက်အောက်ခံရဲစခန်း ရဲကင်းများမှ ဘိန်းဖြူ ၂၂ မှု၊ ပြစ်မှုကျူးလွန်သူအမျိုးသား ၆၅ ဦး၊ အမျိုးသမီး ငါးဦးမှ ဘိန်းဖြူ ၃၈ ဒသမ ၇၄၀ ဂရမ်ခန့်၊ ဘိန်းမည်း ၁၂ မှု၊ ပြစ်မှုကျူးလွန်သူ အမျိုးသား ၂၇ ဦး၊ အမျိုးသမီး နှစ်ဦးမှ ဘိန်းမည်း၁၂၆ ဒသမ ၂၆ ဂရမ်ခန့်၊ မော်လူးရဲစခန်းနှင့်လက်အောက်ခံရဲစခန်း ရဲကင်းများမှ ဘိန်းဖြူ ၁၀ မှု၊ ပြစ်မှုကျူးလွန်သူ အမျိုးသား ၁၉ ဦး၊ အမျိုးသမီးလေးဦးမှ ဘိန်းဖြူ ၂၁ဒသမ ၆၉၀ဂရမ်ခန့်၊ ဘိန်းမည်း ၂၃ မှု၊ ပြစ်မှုကျူးလွန်သူအမျိုးသား ၁၄ ဦး၊ အမျိုးသမီး လေးဦးမှ ဘိန်းမည်း ၇၉ ဒသမ ၄၂၈ ဂရမ်ခန့်ကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့၍ တရားဥပဒေနှင့်အညီ အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **(၁၅၆)**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၅ယ/၈၉၄၄၅ Yamaha ယာဉ်လက်ဝယ်ရှိသူ ဦးအိုက်နိုင် ၁၃/တခလ (နိုင်)၀၇၇၃၇၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (တာချီလိတ်)**

KBZ Bank Account No.070 12 100 73 733

မြန်မာ့သစ်လုပ်ငန်း
ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန
ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန
သစ်အခြေခံစက်မှုလုပ်ငန်းဌာနတို့မှ
အငြိမ်းစားသက်ကြီးဆရာများကန်တော့ပွဲ

နဝမအကြိမ်ကို

၂၀၁၄ခုနှစ် ဇန်နဝါရီ ၁၂ရက် (တနင်္ဂနွေနေ့)နံနက် ၉း၀၀နာရီအချိန် နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး သီရိရတနာခန်းမတွင် ကျင်းပမည်ဖြစ်ရာ တပည့်များအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အခမ်းအနားတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကန်တော့ပွဲကျင်းပရေးကော်မတီ

စိန့်မေရီကျောင်းသူဟောင်းများ (၄၂)ကြိမ်မြောက် အာစရိယနှင့် သက်ကြီးပူဇော်ပွဲ
ဖိတ်ကြားလွှာ

၁၉၄၇-၁၉၆၅ခုနှစ်အထိ စိန့်မေရီဒိုင်အိုစီစင် မိန်းကလေးအထက်တန်းကျောင်းတွင် ပညာသင်ယူခဲ့သော ကျောင်းသူဟောင်းများနှင့် စတုတ္ထတန်းအထိ ပညာသင်ကြားခဲ့သော ကျောင်းသားဟောင်းများမှ ဆရာမကြီးများအား ပူဇော်ကန်တော့ပြီး အသက်(၇၅)နှစ်အထက်များကို လက်ဆောင်ပစ္စည်းများ ပေးပါမည်။

ကျင်းပမည့်နေ့ရက် - ၁၂-၁-၂၀၁၄ ရက် (စနေနေ့)
ကျင်းပမည့်အချိန် - မွန်းတည့် ၁၂ နာရီ
ကျင်းပမည့်နေရာ - Holy-Trinity Parish Hall ရွှေတိဂုံဘုရားလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်

ဆရာမကြီးများအတွက် လှူဒါန်းလိုသူများသည် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

Teacher Barbara ဖုန်း-၀၉-၇၃၂၅၇၈၉၇၊ ဒေါ်အယ်လစ်အုန်း ဖုန်း-၀၁-၃၈၃၈၉၁၊ ဒေါ်ရီစီတင်တင်လွမ်း ဖုန်း-၀၁-၃၈၂၀၁၁၊ ဒေါက်တာသိန်းမြင့်အောင် ဖုန်း-၀၁- ၆၆၀၂၇၃၊ ဒေါ်ဟင်လင်အောင် ဖုန်း-၀၁-၆၆၄၅၆၆၊ ဒေါ်မာလာတင် ဖုန်း-၀၁- ၃၇၉၇၃၅၊ ဒေါ်နွယ်နွယ်ဖိုး ဖုန်း-၀၉-၉၀၀၀၇၇၅၊ ဒေါ်နန်းအိအိဇာ ဖုန်း-၀၁- ၃၈၃၀၂၅၊ ဒေါ်ချယ်ရတီမြစိန် ဖုန်း-၀၁-၅၀၃၂၂၈၊ ဒေါ်ဘက်တီတင် ဖုန်း-၀၁-၂၀၀၉၉၇

အများသိစေရန်နှင့် ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်း

ဦးတင်ဝင်းအမည်ပေါက်ပိုင်ဆိုင်သောရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၉)ရပ်ကွက်၊ ရွှေပဒေသာလမ်း၊ မြေကွက်အမှတ် ၈၆၃၊ ပေ၄၀×ပေ၆၀ ဂရန်မြေအမျိုးအစား မြေကွက်ကို ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ဆွေဆွေအုန်းချိန်က စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများကို တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးအောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဇော်ကျော်အောင်	**ဒေါ်ကြည်သာဝင်း**	**ဒေါ်နန်းဆိုင်အုံ**
(စဉ်-၃၄၄၉၀)	(စဉ်-၂၉၅၅၃)	(စဉ်-၃၄၅၃၀)
LL.B, C.B.L	LL.B, LL.M	LL.B

ဒေါ်ဇင်လင်းထွေး(စဉ်-၃၈၂၃၈) LL.B
ဦးမိုးမင်းဟိန်း(စဉ်-၃၈၂၉၂) LL.B

အထက်တန်းရှေ့နေများ (ရွှေဟသ်ာအိမ်ခြံမြေဥပဒေအတိုင်ပင်ခံအကျိုးဆောင်)
အမှတ် ၈၆၄၊ ပင်လုံလမ်း၊ (၃၆)အဆင့်မြင့်ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၇၃၀၈၉၂၁၃၊ ၀၉-၄၃၁၃၃၇၅၁၊ ၀၉-၃၁၂၁၀၇၇၂၊ ၀၉-၃၁၃၀၂၆၂၉၊ ၀၉-၄၂၀၂၅၇၄၀၃

ကန့်ကွက်နိုင်ပါကြောင်း
Hein Htet San Law Firm

မှုခင်းသတင်းနှင့်ကြော်ငြာ

လွတ်လပ်ရေးနေ့အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၇

(၆၆) နှစ်မြောက် လွတ်လပ်ရေး နေ့အခမ်းအနားကို ဇန်နဝါရီ ၄ရက်က ဗဟန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတထံမှ ပေးပို့သောလွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်း ဖတ်ကြားကြောင်း သိရသည်။ **မြန်မာ့အလင်း**

တပ်ကုန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းတင်၊ မြို့နယ်စခန်းမှူး ဒုရဲမှူး သန်းဝင်း၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးလွင်မောင်မောင်၊ နေပြည်တော်ယာဉ်ထိန်းတပ်ဖွဲ့မှ ရဲအုပ်စိုးလွင်နှင့်အဖွဲ့ဝင်များသည် ဇန်နဝါရီ ၅ ရက်က ဗိုလ်ချုပ်လမ်း ဈေးမြောက်ဘက်လူစည်ကားရာ နေရာတွင် ယာဉ်စည်းကမ်းလမ်းစည်းကမ်း ပညာပေးဟောပြော၍ စည်းကမ်းပျက်ယာဉ်များကို စစ်ဆေးဆောင်ရွက်စဉ်။ (၁၆၂)

စီပီတွဲသဘော်ပျက် ဦးခေါင်းပြုတ်ကျပိမိ၍ အမျိုးသားတစ်ဦး သေဆုံးမှု ဒလ၌ဖြစ်ပွား

ဒလ ဇန်နဝါရီ ၇

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်တွင် ဇန်နဝါရီ ၁ ရက် နံနက် ၉ နာရီက ကမာကဆစ်ရပ်ကွက် ရာဇသင်္ကြန်လမ်း တံတားအနီးကမ်းနားရေစပ်၌ ဒေါက်တင်ထားသော စီပီတွဲသဘော်ပျက်ကို ကာတာဖြင့်ဖြတ်သည့် လုပ်ငန်းလုပ်ကိုင်စဉ် သဘော်ဦးခေါင်းပိုင်းပြုတ်ကျပြီး အမျိုးသားတစ်ဦး ခါးကိုပိမိသဖြင့် ရန်ကုန်ဆေးရုံပို့စဉ် သေဆုံးမှုဖြစ်ပွားခဲ့သည်။

အမှုဖြစ်စဉ်မှာ ဒလမြို့မရဲစခန်းတွင် တာဝန်မှူး ဒုရဲအုပ်ကျော်စိုးဟန် ထမ်းဆောင်နေစဉ် ထိုနေ့နံနက် ၁၁ နာရီကသတင်းအရ စခန်းမှူး ဒုတိယရဲမှူး ခင်မောင်လွင် သက်သေများနှင့်အတူ ရန်ကုန်ဆေးရုံကြီးသို့ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ထွန်းလင်း (၂၆ နှစ်) ကျန်စစ်သားရပ်ကွက် ယောမင်းကြီးလမ်းနေသူဖြစ်ပြီး အလောင်း၏အပြင်ပိုင်းတွင် ဒဏ်ရာများကို တွေ့ရှိခဲ့ သည်။ ထို့နောက် ကမာကဆစ်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးသိန်းဟန်၊ ဆယ်အိမ် မှူး ဦးလှရီ သက်သေများနှင့်အတူ ပတ်ဝန်းကျင်မှသက်သေများကို စစ်ဆေးရာ သေဆုံးသူ ထွန်းလင်း (၂၆ နှစ်)မှာ စီပီတွဲသဘော် ဦးခေါင်းပိုင်းအောက်ရှိ ခုထားသောတုံးကို ဖယ်ရှားစဉ် ၎င်းအပေါ်ပြုတ်ကျပိမိသွားသဖြင့် ရန်ကုန် ဆေးရုံသို့ပို့ဆောင်ရာ လမ်း၌သေဆုံးခဲ့ခြင်းဖြစ်သည်။

အလောင်းကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး မှုခင်းဆရာဝန် ဒေါက်တာရန်မင်းထွန်းနှင့်အဖွဲ့က ဇန်နဝါရီ ၂ ရက် မွန်းတည့် ၁၂ နာရီက သေဆုံးသူအား ရင်ခွဲစစ်ဆေးချက်အရ ပဏာမ စစ်ဆေးသိရသည်။

အမှုကို ဒလမြို့မ ရဲစခန်းက တရားစွဲတင်နိုင်ရန် ရန်ကုန်ဆေးရုံကြီးမှ (PR-048)နှင့် သေမှုသေခင်းရေးဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သန်းငွေး(ဒလ)**

ကန်ကြီးထောင့်မြို့နယ် ဒါးကာ၌ မီးလောင်မှုဖြစ်ပွား

ကန်ကြီးထောင့် ဇန်နဝါရီ ၇

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ဒါးကဈေးရပ်ကွက်တွင် ဇန်နဝါရီ ၅ ရက် ည ၇ နာရီ ၁၅ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့သည်။ ဒါးက မီးရထား သက်သာဆိုင်ခန်း တစ်ထပ် အုတ်ညှပ်၊ သွပ်မိုး (၈× ၂၀)ပေ၊ အခန်း ခုနစ်ခန်းမှ ဒေါ်ဝင်းနွဲ့ (ခ)ဒေါ်မိပုံ့(၄၆နှစ်) ငှားရမ်း ရောင်းချသည့် အခန်းသုံးခန်း အနက် အစွန်ဆုံးအခန်းမှ မီးစတင်လောင်သဖြင့် ၎င်းဆိုင်ခန်းသုံးခန်း အပါအဝင်ဆိုင်ခန်းငါးခန်း မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည်။ **(အပေါ်ပုံ)**

မီးလောင်မှုဖြစ်ပွားသည်ကို သိလျှင်သိချင်း ပုသိမ်မြို့မှ မီးသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ်တစ်စီး၊ ကွပ်ကဲမှုတစ်စီး၊ အိမ်မဲမှနှစ်စီး၊ ကျောင်းကုန်းမှ တစ်စီး၊ ကန်ကြီးထောင့်မှတစ်စီး စုစုပေါင်း ခြောက်စီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ ည ၈နာရီတွင် မီး ညွန့်ကျိုးသွားပြီး ၈ နာရီ မိနစ် ၂၀နာရီတွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်ရာသို့ ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ဦးဇော်ဝင်းကျော်၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးတို့က လာရောက် ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

မီးလောင်မှုကြောင့် ဒေါ်မိပုံ့ဆိုင်ခန်းသုံးခန်းအပါအဝင် ဦးဝင်းလှိုင်၏ ဆိုင်ခန်း တစ်ခန်း၊ ဦးစန်းဝင်း၏ ဆိုင်ခန်းတစ်ခန်း စုစုပေါင်း ဆိုင်ခန်းငါးခန်း ပျက်စီးဆုံးရှုံးခဲ့သည်။

မီးစတင်လောင်ပုံနှင့် ပတ်သက်ပြီး ဒေါ်မိပုံ့ဆိုင်ခန်းရှေ့ရှိ ဦးထွန်းရွှေ၏ ပြောပြချက်အရ ဆိုင်ခန်းရှေ့ထိုင်နေစဉ် ဖောင်းခနဲအသံကြားရပြီးနောက် မီးခိုထွက်ပြီး မီးလောင်နေသည်ကို တွေ့မြင်ရကြောင်း သိရသည်။ မီးလောင်ကျွမ်းမှု ဖြစ်ပွားရခြင်းမှာ ၎င်းဆိုင်ခန်းတွင် လျှပ်စစ်မီးနှင့်တွဲပြီး ဖုန်းအားသွင်းရန် နှစ်နှစ်ခန့် အသုံးပြုထားသည့် ၁၂ ဗို့ ဘက်ထရီအိုးဟောင်းကို အင်ဗာတာနှင့်တွဲ၍ဆိုင်ခန်းမပိတ်မီအားသွင်းထားခဲ့ကြောင်းအဆိုပါ ဘက်ထရီအိုးကိုလျှပ်စစ်မီးမလာသည့် အချိန်၌အင်ဗာတာနှင့်ဖုန်းအားသွင်းရန်အတွက် အားသွင်းထားခဲ့ခြင်းမှ မီးလောင်ကျွမ်းမှု စတင်ဖြစ်ပွားရခြင်းဖြစ်နိုင်ကြောင်းယူဆရသည်။ ထို့ကြောင့် ဒေါ်ဝင်းနွဲ့(ခ)ဒေါ်မိပုံ့အား ဒါးကစခန်းမှူးအောင်မြတ်သူက တရားလိုပြုလုပ်ကာ အမှုဖွင့်ထားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မုဒုံမြို့နယ်၌ မီးလောင်မှုဖြစ်ပွား

မုဒုံ ဇန်နဝါရီ ၇

မွန်ပြည်နယ် မုဒုံမြို့နယ်တောင်ပိုင်း နှီးပဒေါ်ကျေးရွာ ရွာလယ်ပိုင်းတွင် ဖယောင်းတိုင်ဖြင့်ဘုရားမီးပူဇော်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မုဒုံမြို့နယ်တောင်ပိုင်း နှီးပဒေါ်ကျေးရွာ ရွာလယ်ပိုင်းနေ ဦးအောင်ဘင် (၆၇နှစ်)၏နေအိမ်၌ ဇန်နဝါရီ ၄ ရက် ည ၈ နာရီခွဲက နေအိမ်အပေါ်ထပ်ဘုရားစင်၌ ဖယောင်းတိုင်မီး မီးပူဇော်ထားရာမှ စတင်လောင်ခဲ့ပြီး ည ၈ နာရီ ၄၅ မိနစ်တွင် မီးထိန်းနိုင်ခဲ့သည်။

မီးလောင်မှုဖြစ်ရာသို့ မုဒုံမြို့မှ မီးသတ်ယာဉ်နှစ်စီး၊ သံဖြူဇရပ်မြို့မှ မီးသတ်ယာဉ်နှစ်စီး၊ နှီးပဒေါ်ကျေးရွာ၊ ကွမ်လှ္ယား၊ ကလော့သော့၊ ကမာဝက်ကျေးရွာမှ မီးသတ်ယာဉ်တစ်စီးစီ စုစုပေါင်း မီးသတ်ယာဉ်ရှစ်စီး၊ စည်ပင်သာယာနှင့်ကျေးရွာရေသယ်ယာဉ်ခုနစ်စီး၊ သန္ဓေမီးသတ်၊ အရန်မီးသတ်နှင့် ကျေးရွာအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရွာသူရွာသားများစုပေါင်းပြီးမီးငြိမ်းသတ်ခဲ့ရာ ည ၉ နာရီ ၃၅ မိနစ်တွင် မီးလုံးဝငြိမ်းနိုင်ခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာသို့ မုဒုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးဦးငွေသိန်း၊ ကမာဝက်ရဲစခန်းမှတာဝန်ရှိသူများနှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူးဦးခင်မောင်သန်းနှင့်အဖွဲ့ဝင်များ ကြီးကြပ်ဆောင်ရွက်ပေးသည်။

မီးလောင်မှုကြောင့် အုတ်ညှပ်၊သွပ်မိုးနှစ်ထပ်အိမ်၊ ဈေးဆိုင်ခန်းတွဲနေအိမ်တစ်လုံးမီးလောင်ကျွမ်းခဲ့ကြောင်း၊ အိမ်ရှင်ဦးအောင်ဘင်ကို မီးပေါ့ဆမှုဖြင့် မုဒုံမြို့ရဲတပ်ဖွဲ့က အရေးယူထားကြောင်း သိရသည်။ **(၁၀၈)**

မိုင်းပန်မြို့နယ်တွင် ဘိန်းစိမ်းများ ဖမ်းဆီးရမိ

မိုင်းပန် ဇန်နဝါရီ ၇

ရှမ်းပြည်နယ် လင်းခေးခရိုင် မိုင်းပန်မြို့နယ် ပုန်းချယ်ကျေးရွာ၌ ဇန်နဝါရီ ၅ ရက် နံနက် ၁၁ နာရီက မူးယစ်ဆေးဝါးများ ဖမ်းဆီးရရှိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ မိုင်းပန်မြို့နယ် မြို့မရဲစခန်းမှ စခန်းမှူးဒုတိယရဲမှူးသန့်ဇော်ဦးစီးသော တပ်ဖွဲ့ဝင်များသည် သတင်းအရ သက်သေများနှင့်အတူ မိုင်းပန်မြို့နယ် ပုန်းချယ်ကျေးရွာနေ ဦးစိုင်းတေဇ၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်တွင်တစ်ဦးတစ်ယောက်မျှမတွေ့ဘဲ နေအိမ်အိပ်ခန်းအတွင်းမှ အဝါရောင်ပီနံအိတ်သုံးအိတ်အတွင်း ဂျပ်စက္ကူပုံးဖြင့်ထည့်လျက် ပလတ်စတစ်အိတ်အနက်ရောင်ဖြင့်ထုပ်ထားသော ဘိန်းစိမ်းဟုယူဆရသည့် ဘိန်းအစေး ၁၉ ထုပ် စုစုပေါင်းအလေးချိန် ၂၄ ဒသမ ၃ ကီလိုဂရမ်၊ ပလတ်စတစ်ဘူးဖြင့်ထည့်ထားသော ဘိန်းစိမ်းဟုယူဆရသည့် ဘိန်းအစေးရှစ်ဘူး စုစုပေါင်းအလေးချိန် ၁၀ ဒသမ ၁ ကီလိုဂရမ်၊ ဘိန်းအစေး စုစုပေါင်းအလေးချိန် ၃၄ ဒသမ ၄ ကီလိုဂရမ်ခန့် စုစုပေါင်းတန်ဖိုးငွေ ကျပ်၂၂၃၆၀၀၀၀ ရှာဖွေတွေ့ရှိသဖြင့် ရှာဖွေပုံစံဖြင့်သိမ်းဆည်းပြီး အိမ်ရှင်ဖြစ်သူ စိုင်းတေဇ(၄၉ နှစ်) ပုန်းချယ်ရွာ မိုင်းပန်မြို့နယ်နေသူအား ဖမ်းဆီးရမိရေးအတွက် အဖွဲ့များခွဲ၍ ပိတ်ဆို့ရှာဖွေဖမ်းဆီးလျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ကျွန်မ ဒေါ်ဝင်းဝင်းသိန်း ၁၂/ပဘတ(နိုင်)၀၀၂၁၉၀ သည် တာချီလိတ်မြို့၊ တာလော့ရပ်ကွက်၊ အမှတ် ၁၂၅နေ ဒေါ်ရန်အေးစွေ ၁၃/တခလ(နိုင်)၀၀၀၆၄၇ ပိုင်ဆိုင်သော တာချီလိတ်မြို့၊ မယ်ခေါင်ရပ်ကွက်၊ မြို့ကွက်သစ်အပိုင်း(ခ)၊ အကွက်ကြီးအမှတ် ၁၊ မြို့ကွက်သစ်အပိုင်း(က)၊ ဦးပိုင်အမှတ် ၃၃၊ မြေဧရိယာ ၀ဒသမ၀၅၅ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်ရန်အေးစွေထံမှ ဝယ်ယူခဲ့ပါသည်။ ယင်းမြေကွက်အား မိမိ၏အမည်ပေါက်ရရှိရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ကန့်ကွက်လိုသူများ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်မထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အမည်ပေါက်ရရှိရေးအတွက် တရားဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ဝင်းဝင်းသိန်း ၁၂/ပဘတ(နိုင်)၀၀၂၁၉၀
အမှတ် ၂၁၊ ရွှေနှင်းဆီလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၂၈၂၂၆၃၉၃

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်းထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်း-၂၂)

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၆၅ နှင့်ဆက်သွယ်သည့်

၂၀၁၃ခုနှစ် တရားမဇာရီမှုအမှတ်-၁၀၂

၁။ ဒေါ်ခင်ကြူ **နှင့်** ၁။ ဒေါ်မြမြသွယ်
၂။ ဒေါ်ရင်ရင်သိန်း ၂။ ဦးဇော်ရှိန်ဝင်း
၃။ ဦးမင်းအောင်(၎င်း၏ကိုယ်စား လှယ်စာရသူ ဦးမိုးဇော်သွင်)

တရားနိုင်များ **တရားရှုံးများ**

အမှတ် (၁၁)၊ ကျားကွက်သစ်လမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်နေ (ယခုနေရပ်လိပ်စာမသိသူ) တရားရှုံး(၃)ဦးမင်းအောင် (၎င်း၏ကိုယ်စားလှယ်စာရသူ ဦးမိုးဇော်သွင်) သိစေရမည်။

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၆၅တွင် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်များက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့် အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၃ရက် (၁၃၇၅ခုနှစ် တပို့တွဲလဆန်း ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ခုနှစ် ဇန်နဝါရီ ၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။ **(ငွေးမြင့်အေး)**

တွဲဖက်ခရိုင်တရားသူကြီး(၁)၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃/ဇေယျာသီရိ၊ မြေကွက်အမှတ် ၁၅၂၊ မြေကွက်တည်နေရာအမှတ် ၁၃၈၊ (၇)လမ်း၊ ဇေယျာသီရိရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးကျော်မြင့် အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးကျော်မြင့်(ဖခင်)နှင့်ဒေါ်အုံးရှင်(မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဦးလှကြည် ၁၂/ဒပန(နိုင်)၀၀၃၂၇၆၊ ဦးစိန်လင်း ၁၂/ဒပန(နိုင်)၀၀၃၃၈၆၊ ဒေါ်မြင့်မြင့်အေး ၁၂/ဒပန(နိုင်)၀၀၃၂၁၈၊ ဒေါ်ခင်ခင်နှစ် ၁၂/ဒပန(နိုင်)၀၀၃၂၁၉တို့ကကျမ်းကျိန်လွှာနှင့်သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီတိုးချဲ့၊ မြေကွက်အမှတ် (၂၀၃၆) အမည်ပေါက် ဦးမြင့်သန်း၏ မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဒေါ်မိုမိုငွေးသစ်၁၂/ဒဂန(နိုင်)၀၃၁၃၄၀ကမြေကွက်စလစ်(မူရင်း)၊ ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန်လျှောက်ထားလာသဖြင့် ကြော်ငြာသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာ တင်သွင်းနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးပါရန် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂) မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁က/၅၆၈၄ Toyota Sprinter, AE 91, S/L (4x2) Rယာဉ်လက်ဝယ်ရှိသူ ဦးစိုးအောင် ၈/တတက(နိုင်)၀၀၀၈၀၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊
အင်းစိန်

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၃၀)၊ လူနေရပ်ကွက်အမှတ် ၃၀၊ ဆောင်းဟေမာန်အိမ်ရာ၊ တိုက်အမှတ် (၂)၊ အခန်းအမှတ်(၁)အမည်ပေါက် ဒေါ်မပုသ/မအန(နိုင်) ၀၀၂၆၄၂၊ ဦးကိုလေး ၁၁/မအန (နိုင်)၀၀၀၅၆၀ထံမှ တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဦးကိုလေး ၁၁/မအန (နိုင်)၀၀၀၅၆၀က အဆောက်အအုံနေထိုင်ခွင့်စာချုပ်တင်ပြ၍ တိုက်ခန်းအမည် ပေါက် ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ ချောင်းဖျားလေးရပ်ကွက်၊ ဦးမောင်မောင်- ဒေါ်လှယဉ်ကျေးတို့၏သမီး မသန္တာမောင် ၁၄/ဟသတ(နိုင်)၂၃၇၉၅၀သည် မိဘတို့၏ ဆိုဆုံးမခြင်းကို နာခံခြင်းမရှိသည့်အတွက် ယနေ့မှစ၍ သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။

(စုံစမ်း မေးမြန်းခြင်းသည်းခံပါ။)

ဦးမောင်မောင်-ဒေါ်လှယဉ်ကျေး

နယ်သတင်းနှင့်ကြော်ငြာ

ဂန့်ဂေါတွင် မြစ်ရေတင်တိုးချဲ့ပိုက်သွယ်တန်းခြင်းလုပ်ငန်းဖွင့်

ဂန့်ဂေါ ဇန်နဝါရီ ၇

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဂန့်ဂေါမြို့နယ် ရှုံးရှီကျေးရွာ ရေစုကန်ရှေ့၌ ဇန်နဝါရီ၂ရက် နံနက်က မြစ်ရေတင်နှစ်လက်မပိုက်တိုးချဲ့သွယ်တန်းခြင်း ဖွင့်ပွဲပြုလုပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီအတွင်းရေးမှူး ဦးဇော်ဝင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးရာခန့်၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဦးဖိုးရှိန်တို့က ဖဲကြိုးဖြတ်၍ဖွင့်လှစ်ကြသည်။ **(အောက်ပုံ)**

အဆိုပါလုပ်ငန်းကိုမကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း၃၀ကို မတည်လျက် ကျေးရွာနေပြည်သူများကထည့်ဝင်ငွေကျပ်သိန်း၁၀၀တို့ဖြင့်ဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့်နှစ်လက်မပိုက်ဖြင့်တိုးချဲ့သွယ်တန်းနိုင်သည့်အတွက် ကျေးရွာနေ အိမ်ခြေ ၇၀၀ကျော်ရှိ ပြည်သူများ သောက်သုံးရေအတွက် အဆင်ပြေ လွယ်ကူသွားကြောင်း သိရသည်။

(၁၀၁)

မိဘ၊ ဆရာ ကျောင်းသားစုံညီပွဲတော် ဗန်းမော်၌ကျင်းပ

ဗန်းမော် ဇန်နဝါရီ ၇

ကချင်ပြည်နယ် ဗန်းမော်မြို့ မိဘ၊ ဆရာ ကျောင်းသားစုံညီပွဲတော်ကို ဇန်နဝါရီ ၃ရက် နံနက် ၁၀ နာရီကအထက(၂) မြည်လာ ခန်းမ၌ ကျင်းပရာ **(အပေါ်ပုံ)** အဌမတန်း ကျောင်းသား ကျောင်းသူလေးများက စုံညီပွဲတော်သီချင်း သီဆို၍ အခမ်းအနားကို ဖွင့်လှစ်ကာ မူလတန်းကျောင်းသား ကျောင်းသူများက tea-pot အင်္ဂလိပ် ကဗျာရွတ်ဆိုယှဉ်ပြိုင်ကြပြီး တောဂေါ်လီ သီချင်းဖြင့် တေးသရုပ်ဖော် ဖျော်ဖြေတင်ဆက်ကြသည်။

စုံညီပွဲတော်သီချင်း ကပြသီဆိုကြသော ကျောင်းသား ကျောင်းသူများကိုခရိုင်အုပ်ချုပ်ရေးမှူးဦးတေဇာအောင်က ငွေကျပ် တစ်သိန်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းမြင့်အောင်က ငွေကျပ်ငါးသောင်း ချီးမြှင့်ပေးအပ်ကြရာကျောင်းသား ကျောင်းသူများကိုယ်စားကျောင်းအုပ်ဆရာမကြီး ဒေါ်ရွှယ်အောင်ကလက်ခံရယူသည်။

ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီးမှ ၂၀၁၂-၂၀၁၃ ခြောက်ဘာသာဂုဏ်ထူးရှင် မအင်ခွမ်ဆွတ်ရိန်အား ဆုငွေများချီးမြှင့်ပေးအပ်ပြီး ပဉ္စမတန်း၊ ဆဋ္ဌမတန်း ကျောင်းသားကျောင်းသူများက အသီးတစ်ရာ အညာတစ်ခုသီချင်း သီဆို၍ တေးသရုပ်ဖော် တင်ဆက်ကြပြီး မူလတန်းကျောင်းသား ကျောင်းသူများက ပုံပြောပြိုင်ပွဲ ယှဉ်ပြိုင်ကြပြီး သတ္တမ၊ အဌမ၊ နဝမ၊ တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများက ကျပန်းစကား ယှဉ်ပြိုင်ကြသည်။

ထို့နောက် အဌမတန်း ကျောင်းသူလေးများက ကချင်ရိုးရာအကဖြင့်ဖျော်ဖြေပြီး English Speaking Skill ယှဉ်ပြိုင်ကြကြောင်း သိရသည်။

ဆီမီးခုံနန်းရီ

ပညာရေးစုံညီပွဲတော် ဆီဆိုင်၌ကျင်းပ

ဆီဆိုင် ဇန်နဝါရီ ၇

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်၏ ၂၀၁၄ခုနှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၄ရက် နံနက် ၉နာရီက အောင်သပြေရပ်ကွက် အမှတ်(၁)အခြေခံပညာမူလတန်းလွန်ကျောင်းခန်းမ၌ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးသန်းကျော်နှင့် ဌာနဆိုင်ရာများ၊ သက်ဆိုင်ရာ ကျောင်းအုပ် ဆရာ ဆရာမကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများ စုံညီစွာ တက်ရောက်ကြသည်။ **(ယာပုံ)**

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် အမက(၄) ကျောင်းသား ကျောင်းသူများက အကပဒေသာဖြင့် ဖွင့်လှစ်ပြီး ထူးချွန်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား မြို့နယ်ပညာရေးမှူး ဦးသန်းကျော်နှင့် တာဝန်ရှိသူတို့က ဆုများအသီးသီး ပေးအပ်ချီးမြှင့်ပြီး ကျောင်းသား ကျောင်းသူလေးများက တေးသရုပ်ဖော် ဖျော်ဖြေတင်ဆက်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

စာအုပ်စာပေ လူ့မိတ်ဆွေ

ရာသီမရွေး အရောင်းအဝယ်ဖြစ်နေသော နွားပွဲဈေးကနွားအသုံးအဆောင်ပစ္စည်းများ

မလှိုင် ဇန်နဝါရီ ၇

မလှိုင်မြို့ နွားပွဲဈေးတွင် လာရောက်ရောင်းချသော နွားနှင့်ပတ်သက်သည့် အသုံးအဆောင် ပစ္စည်းများအရောင်းအဝယ်ဖြစ်နေပြီး နွားပွဲဈေးလာ ဒေသခံပြည်သူများ အဆင်ပြေလျက်ရှိသည်။

နွားပွဲဈေးတွင် လာရောက်ရောင်းချသော နွားနှင့် ပတ်သက်သည့် အသုံးအဆောင်ပစ္စည်းများမှာ နွားကြီးသုံး နဖားကြိုး၊ နွားလေးသုံး နဖားကြိုး၊ဖောက်ထိုးကြိုး(နဖားစတင်ဖောက်သည့်ကြိုး)၊ သာရေလည်ပတ်ကြိုးအမျိုးမျိုး၊ နွားလက်ကိုင်ချည်ကြိုးအမျိုးမျိုး၊ ခြုလုံးအကြီး၊ အသေး၊အေးကွင်း(နွားလက်ကိုင်ကြိုးတွင် တပ်ဆင်အသုံးပြုသည့်အရာ)၊ ကျွဲ၊ နွား၊ မြင်းများအတွက် ဆေးဝါးများအပြင် တောင်သူသုံးဓား၊ အာမခံတံစဉ်၊ တူရွင်းပြား၊ ထမ်းပိုးကြီးမှအစ နွားနှင်တံအဆုံး မျိုးစုံပါဝင်သည်။ နဖားကြိုးတစ်ချောင်း ကျပ် ၄၀၀၊ ကျပ် ၃၀၀၊ ကျပ်၂၀၀ အစားစားရှိပြီးသားရေလည်ပတ်ကြိုးတစ်ချောင်းလျှင် ကြေးတစ်ပွင့်တန်း၊ နှစ်ပွင့်တန်း၊ သုံးပွင့်တန်း ဟူ၍ ခွဲထားပြီး ကျပ်၁၅၀၀မှ ကျပ်၂၅၀၀၊ ၃၀၀၀အထိရှိသည်။ ခြုလုံးအကြီးအသေးလိုက်၍ ကျပ်၅၀၀မှ ကျပ် ၁၅၀၀၊ လက်ကိုင်ချည်ကြိုးတစ်ချောင်းလျှင် ကျပ် ၅၀၀မှ ကျပ် ၁၅၀၀ အထိ ရောင်းချရသည်။

"ကျွန်မတို့က မြစ်သားမြို့ကနေလာရောင်းတာပါ၊ သဲတောဈေးနေ့ကလွဲရင် မလှိုင်နွားပွဲဈေးကို ဈေးနေ့တိုင်းလာပါတယ်။ မလှိုင်နွားပွဲဈေးအပြင် ကူမဲဈေး၊ ရေဝန်းဈေး၊ ဝမ်းတွင်းနယ်က အရှေ့ကန်မလည်ဈေးနှင့်သဲတောဈေးတို့လည်း ထွက်ပါတယ်။ အမြဲတမ်းရောင်းနေကျဆိုတော့ ရောင်းရပါတယ်။ ရောင်းတဲ့ပစ္စည်းလည်း အာမခံနဲ့၊ သူ့ဈေးနဲ့သူရောင်းတယ်။ နွားပွဲဈေးမှာက မရှိမဖြစ် ပစ္စည်းလိုလည်း ဖြစ်နေတော့ ရာသီမရွေးရောင်းနေရပါတယ်"ဟု မြစ်သားမြို့က လာရောင်းသူ မမြတ်သင်းလှိုင်က ပြောပြသည်။

အောင်ငွေး(မလှိုင်)

"မြန်မာနိုင်ငံစီးပွားရေးပညာရှင်များအသင်း (M.P.A) ... "

(၁၃)ကြိမ်မြောက် လုပ်သားများကောလိပ်(ရူပဗေဒ)
အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

၁၉၇၂-၁၉၇၇ ပညာသင်နှစ် လုပ်သားများကောလိပ် (ရူပဗေဒအဓိက) ကျောင်းသားဟောင်းများ၏ (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂၆ ရက်(တနင်္ဂနွေနေ့)တွင် ကျောက်တံတားမြို့နယ်၊ ဗိုလ်အောင်ကျော်လမ်း၊ အိုလံပစ်တာဝါ၊ (၁၂)ထပ်၊ အခန်းအမှတ်(၁)၊ Kyaw Thu & Associates ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကျောင်းသားဟောင်းများ မည်သူမဆို မပျက်မကွက်တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ ပစ္စည်းနှင့် အလှူငွေထည့်ဝင်လိုသူများသည် အောက်ပါအတိုင်းဆက်သွယ်နိုင်ပါသည်။

ဦးကျော်သူ ဖုန်း-၀၉-၅၁၂၆၇၇၆၊ ဦးစိန်သန်း ဖုန်း-၀၉-၅၀၉၀၃၀၁၊ ဦးကြည်ညွန့် ဖုန်း-၀၉-၅၁၁၆၇၅၂၊ ဒေါ်ခင်ရွှဲ ဖုန်း-၀၉-၅၀၀၈၈၈၃၊ ဒေါ်သန်းထွေး ဖုန်း-၀၁-၀၃၄၅၀၂၄၈

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့

"ပိုင်စံ" (မြန်မာ)
နေ့ရှာသီ မြန်မာစာ စာစီစာကုံး သင်တန်း
မက်တီး (5) ရက်နေ့ စမည်။
သင်တန်းနေရာ (၁) ...
သင်တန်းနေရာ (၂) ...
4:00 PM to 7:00 PM

ကန့်ကွက်ရန်ကြော်ငြာစာ
ရန်ကုန်တိုင်းဒေသကြီး၊ ...
မြေယာရုံးခွဲ(၂) မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်ဆိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်ရန်ကြော်ငြာစာ
ရန်ကုန်တိုင်းဒေသကြီး၊ ...
မြေယာရုံးခွဲ(၂) မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်ဆိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

မော်တော်ယာဉ်/ဆလင်ဒါ
Full Auto
PH:09 731 99 410
09420035882, 73199257

အထက(၁)သင်္ဃန်းကျွန်း(၁၉၅၆ မှ ၁၉၇၅/၇၆)
အဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

အထက(၁)သင်္ဃန်းကျွန်းတွင် ၁၉၅၆ခုနှစ်မှ ၁၉၇၅/၇၆ ခုနှစ်အထိ ပညာသင်ကြားပေးခဲ့သော အငြိမ်းစားဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်(စနေနေ့) နံနက် ၈ နာရီတွင် အဆိုပါကျောင်းခန်းမ၌ကျင်းပပြုလုပ်မည်ဖြစ်ရာ ... ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နိုးဆော်အပ်ပါသည်။

ညှိနှိုင်းအစည်းအဝေးကို ၁၁-၁-၂၀၁၄ ရက်(စနေနေ့)နှင့် ၈-၂-၂၀၁၄ ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် အထက(၁) သင်္ဃန်းကျွန်း ကျောင်းခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်၍ ပူးပေါင်းပါဝင်ဆောင်ရွက်လိုသူများ တက်ရောက်ကြပါရန်ဖိတ်ကြားအပ်ပါသည်။

လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ ဒုတိယဗိုလ်မှူးကြီးခင်မောင်တင့်(ငြိမ်း) (ညွှန်ကြားရေးမှူး၊ စက်မှုဝန်ကြီးဌာန)-
ဒေါ်ခင်မိုးကြူတို့၏ သားကြီး

ဒေါက်တာရဲကျော်သူ M.B.,B.S (Ygn)

နှင့်

ရန်ကုန်မြို့နေ ဦးအောင်ငွေ-ဒေါ်သန်းသန်းဝေတို့၏ သမီး

ဒေါက်တာယုမြတ်မွန် M.B.,B.S (Ygn)

လက်ထောက်ဆရာဝန်၊ ပြည်သူ့ဆေးရုံ(ပြည်မြို့)

တို့အား နှစ်ဖက်မိဘများနှင့် ဂုဏ်သရေရှိလူကြီးမင်းများတို့၏ရှေ့မှောက်၌ ၇-၁-၂၀၁၄ရက် (အင်္ဂါနေ့) တွင် Sedona Hotel, Mindon ခန်းမ၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာရဲကျော်သူ-ဒေါက်တာယုမြတ်မွန်

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်နေ
ဦးသန်းမောင်-ဒေါ်ကြည်ကြည်၊ ဦးတင်ဦး-ဒေါ်ခင်အေးတို့၏မြေး
ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အမှတ် ၁၅၅၊ ၄၀လမ်းနေ
ဦးသိုဟန်စော-ဒေါ်ခင်ဌေးဦးတို့၏ တစ်ဦးတည်းသောသား

မောင်ကောင်းလတ်ဟန်စော

(B.E, Engineering Auto Mobile)
University of Bolton, UK

နှင့်

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ အမှတ်(၈၉၉/၉၀၄)၊ ဧရာဝဏ်လမ်းနေ
ဦးစောလှိုင်-ဒေါ်ခင်ခင်လေးတို့၏ သမီး၊
ကိုမျိုးဟန်ကြွယ်-မဖြူပြာဖြိုးတို့၏ ညီမငယ်

မဇင်မာနွယ်

(M.A, Fine Art) University of Central Lancashire, UK

တို့သည် ၄-၁-၂၀၁၄ရက်တွင် ရန်ကုန်မြို့ Summit Park View Hotel၌ ဂုဏ်သရေရှိလူကြီးများရှေ့မှောက်တွင် နှစ်ဖက်မိဘများသဘောတူညီမှုဖြင့် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

မောင်ကောင်းလတ်ဟန်စော-မဇင်မာနွယ်

မိတ္ထီလာတက္ကသိုလ်
ဘူမိဗေဒကျောင်းသား ကျောင်းသူဟောင်းများ၏
ဒုတိယအကြိမ် အာစရိယပူဇော်ပွဲ

မိတ္ထီလာတက္ကသိုလ် ဘူမိဗေဒကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၈ရက် (စနေနေ့) နံနက် ၇နာရီတွင် မိတ္ထီလာတက္ကသိုလ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ပါသည်။ ဆရာကြီး ဆရာမကြီးများကို ပူဇော်ကန်တော့ရန်နှင့် မိတ်ဆုံစားပွဲပြုလုပ်ရန်အတွက် ကျောင်းသားကျောင်းသူဟောင်းများကို (မပျက်မကွက်)တက်ရောက်ကြပါရန်နှင့် ပါဝင်လှူဒါန်းနိုင်ကြပါရန် လေးစားစွာ အသိပေးနှိုးဆော်အပ်ပါသည်-

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ
မိတ္ထီလာမြို့

ဆက်သွယ်လှူဒါန်းရန်

၁။ မမို့မို့ခိုင်(သရုပ်ပြ) မိတ္ထီလာတက္ကသိုလ် ဖုန်း-၀၉-၄၄၄၀၃၅၈၉၃
၂။ မကြည်သာမို့မို့(ဒေါ်နွဲ့ရီအထည်ဆိုင်) မိတ္ထီလာမြို့ ဖုန်း-၀၉-၄၀၂၇၁၆၅၁၅
၃။ ကိုအောင်ဇော်မြင့်(မိတ္ထီလာမြို့) ဖုန်း-၀၉-၄၀၂၇၃၃၇၇၄
၄။ ကိုအောင်ကျော်ဦး(ရန်ကုန်မြို့) ဖုန်း-၀၉-၄၂၁၀၇၆၁၃၆
၅။ ကိုသူရချိုထွန်း(ရန်ကုန်မြို့) ဖုန်း-၀၉-၅၀၅၂၇၄၆
၆။ ကိုရှိုင်းရာဇာ(နေပြည်တော်မြို့) ဖုန်း-၀၉-၄၂၀၇၂၅၇၀၂
၇။ တက်နေဝန်းမျက်မှန်ဆိုင် မြို့မဈေး၊ နေပြည်တော်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၁/က၊ လေဆိပ်ဝန်းကျင်ဖွံ့ဖြိုးရေးစီမံကိန်း၊ မြေကွက်အမှတ်(၁၇၅/က)၊ ဧရိယာ ၀ဒသမ ၀၂၃၈ဧက၊ နှစ် ၆၀ မြေငှားစာချုပ်အမည်ပေါက်မှာ ဒေါ်ခင်ဌေးမြင့်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အပြီးအပိုင် အရောင်းအဝယ်စာချုပ်(၄၆၃၆/၂၀၁၃) တင်ပြ၍ ဦးခင်မောင်အေး ၁၂/တမန(နိုင်)၀၅၇၂၁၆ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထားမူရင်းအပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီး



မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာခြင်းအတွက် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်

စဉ်	မြို့နယ်	မြေတိုင်း ရပ်ကွက်	မြေကွက် အမှတ်	အမည်ပေါက်	လျှောက်ထားသူ အမည်	မှတ်ပုံတင်အမှတ်	အကြောင်း အရာ
၁	သဃ်န်းကျွန်း	၁၄ ဘ၀မြင့်	၄၇/၄	မဟာရွှေတောင်ကုမ္ပဏီ	ဒေါ်မီမီအောင်+၂	၁၂/မဂတ(နိုင်)၀၁၂၇၀၇	ဂရန်သစ်
၂	။	။	၄၇/၅	မဟာရွှေတောင်ကုမ္ပဏီ	ဒေါ်မီမီအောင်+၂	။	။
၃	။	။	၄၇/၆	မဟာရွှေတောင်ကုမ္ပဏီ	ဒေါ်မီမီအောင်+၂	။	။

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/လမုတန်း၊ မြေကွက်အမှတ် ၂၂၀၊ မြေကွက်တည်နေရာအမှတ် ၂၂၀၊ နဝဒေးလမ်း၊ လမုတန်းရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးစိန်မောင်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးစိန်မောင်ကွယ်လွန်သဖြင့် ဒေါ်ခင်ခင်စီ N/OKA-၀၂၄၂၃၀က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်းကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ကျွန်မ ဒေါ်အိအိဆွေ ၇/ဒဥန(နိုင်)၀၂၀၂၇၄၏ ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၈)၊ မြေတိုင်းအမှတ် ၂၈ အတွင်း ကျွန်မ ဒေါ်အိအိဆွေအမည်ဖြင့်ရရှိထားသော မြေကွက်အမှတ် (သီးသန့်-၁၇) မြေပေးမိန့်(စလစ်)မှာ ပျောက်ဆုံးသွားပါသည်။ ယခုအခါ ထိုခြံကွက်အတွက် မြေငှားဂရန်ထုတ်ယူမည်ဖြစ်ပါသဖြင့် ကန့်ကွက်မှုတစ်စုံတစ်ရာရှိပါက ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ယခုကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဒေါ်အိအိဆွေ ၇/ဒဥန(နိုင်)၀၂၀၂၇၄

ကန့်ကွက်နိုင်ပါကြောင်း

ကျွန်တော် ဦးမင်းမင်း ၇/ဒဥန(နိုင်)၀၉၈၅၁၆၏ ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၈)၊ မြေတိုင်းအမှတ် (သီးသန့်-၂၄)အတွင်း ကျွန်တော် ဦးမင်းမင်းအမည်ဖြင့် ရရှိထားသောမြေကွက်အမှတ်(D) မြေပေးမိန့်(စလစ်)မှာ ပျောက်ဆုံးသွားပါသည်။ ယခုအခါထိုခြံကွက်အတွက် မြေပေးမိန့်မိတ္တူမှန် ပြန်လည်ထုတ်ယူလိုပါသဖြင့် ကန့်ကွက်မှုတစ်စုံတစ်ရာရှိပါက ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ယခုကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဦးမင်းမင်း ၇/ဒဥန(နိုင်)၀၉၈၅၁၆

လူမှုရေးနှင့် စီးပွားရေးကြော်ငြာ

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ဘားအံခရိုင်တရားရုံး

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၂၂

၁။ ဦးမောင်နု ၂။ မိဇေယျာမျိုး **နှင့်** ၁။ မောင်ရဲနိုင်
၃။ မင်းထိုက်စံ (အတူနေဖခင်နှင့်သားသမီးများ) ကမ်းနားလမ်း၊ အမှတ် (၈)ရပ်ကွက်၊ ထုံးအိုင်စံပြကျေးရွာ၊ ဘားအံမြို့နယ်
ကမ်းနားလမ်း၊ အရှေ့ပိုင်း၊ အမှတ်(၉)ရပ်ကွက်၊ ၂။ ဒေါ်တင်မြင့်
ထုံးအိုင်စံပြကျေးရွာ၊ ဘားအံမြို့ ကမ်းနားလမ်း၊ အမှတ်(၈)ရပ်ကွက်၊ ထုံးအိုင်စံပြကျေးရွာ၊ ဘားအံမြို့နယ်
တရားလိုများ **တရားပြိုင်များ**

ကမ်းနားလမ်း၊ အမှတ် (၈)ရပ်ကွက်၊ ထုံးအိုင်စံပြကျေးရွာ၊ ဘားအံမြို့နယ်နေ မောင်ရဲနိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက ၁၁-၆-၂၀၀၈ ရက် အိမ်နှင့်မြေအရောင်းအဝယ်ကတိစာချုပ်အရ ဝယ်သူမှ ဝယ်သူအခွင့်အရေးအရ ပေးအပ်ခဲ့သော အိမ်နှင့်မြေဖြစ်ကြောင်း ဝယ်ယူသူအဖြစ် လက်ရှိထားပိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၃ရက် (၁၃၇၅ ခုနှစ် ပြာသိုလဆန်း ၁၃ ရက်) နံနက် ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အုန်းသွင်)
ခရိုင်တရားသူကြီး၊ ဘားအံခရိုင်တရားရုံး

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

သာစည်မြို့နယ်တရားရုံး

၂၀၁၃ ခုနှစ် ဇာရီမှုအမှတ်-၆၀

မန်နေဂျာ **နှင့်** ၁။ ဦးမောင်မောင်
မြန်မာ့စီးပွားရေးဘဏ် ၂။ ဒေါ်စန်းစန်းဝင်း
သာစည်မြို့။
တရားနိုင် **တရားရှုံးများ**

၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ်-၁၄၄ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းများကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၇ ရက် (၁၃၇၅ခုနှစ် တပို့တွဲလဆန်း ၈ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းများစာရင်း

သာစည်မြို့၊ ဟံဇားကျေးရွာ၊ ကွင်းအမှတ် (၁၆၈၃/ဟံဇားတောင်)၊ မြေကွက်အမှတ် ၆၊ ဧရိယာ ၀ ဒသမ ၂၃ ဧကရှိမြေနှင့် ယင်းမြေပေါ်ရှိ (၃၂×၂၅)ပေ သွပ်မိုး၊ အုတ်ကာ၊ လျှာထိုး၊ ကွန်ကရစ်ခင်း၊ လူနေနှစ်ထပ်တိုက်တွဲလျက် (၁၂×၃၂)ပေ သွပ်မိုး၊ ကွန်ကရစ်ခင်း၊ အဖီတွဲလျက်၊ (၁၉×၃၄)ပေ သွပ်မိုး၊ အုတ်ကာ၊ အုတ်ခင်း၊ တစ်ထပ်တိုက်၊ မီးဖိုချောင်၊ (၃၅×၄၃)ပေ သွပ်မိုး၊ ထရံကာ၊ အုတ်ခင်း၊ ရက်ကန်းစက်ရုံ၊ (၈×၆×၆)ပေ ရေချိုးခန်း၊ ရေစက်ခန်း၊ နှစ်လက်မအဝီစိတွင်း ပေ ၂၀၀ ကွန်ပရက်ဆာ၊ မော်တာ၊ စက်ပစ္စည်းများအားလုံး။

လေလံကြမ်းခင်းဈေး ကျပ် ၂၈၅ သိန်း။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။

(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

တင့်လွင်
တွဲဖက်မြို့နယ်တရားသူကြီး၊ သာစည်မြို့နယ်တရားရုံး

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ ဧရာဝတီတိုင်းဒေသကြီးအတွင်း သောက်သုံးရေစက်ရေတွင်းနှင့်စိုက်ပျိုးရေစက်ရေတွင်းများတူးဖော်ဆောင်ရွက်ရန် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူရေးအတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

(က) Ø4"x 20' PVC(13.5) ပိုက် ၉၀၀ လုံး

(ခ) Ø3"x 20' PVC(13.5) ပိုက် ၂၀၀၀ လုံး

၂။ တင်ဒါပိတ်ရက်နှင့်အချိန် - ၁၅-၁-၂၀၁၄ ရက် - မွန်းလွဲ (၄) နာရီ

၃။ တင်ဒါပုံစံများကို ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီးရုံး(ပုသိမ်မြို့)တွင် သတင်းစာပါ ကြေညာသည့်ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို - တိုင်းဒေသကြီးဦးစီးမှူး ဖုန်း - ၀၄၂ - ၂၄၃၀၃၊ ၀၉ - ၈၅၅၃၃၈၉၊ လက်ထောက်ညွှန်ကြားရေးမှူး ဖုန်း - ၀၉ - ၄၅၁၂၃၅၈၈၉ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ကျန်းမာရေးဝန်ကြီးဌာန

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

လျှောက်လွှာပိတ်ရက်ပြင်ဆင်သတ်မှတ်ခြင်း

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ၂၃-၁၂-၂၀၁၃ ရက်နေ့ သတင်းစာများတွင် ထည့်သွင်းကြော်ငြာခေါ်ယူခဲ့သော ဒု-ကြီးကြပ်ရေးမှူး(လစာနှုန်း-၇၉၀၀၀-၁၀၀၀-၈၄၀၀၀) ရာထူးနေရာများအတွက် လျှောက်လွှာပိတ်ရက်ကို ၁၀-၁-၂၀၁၄ရက် ၁၆:၀၀ နာရီအထိ တိုးမြှင့်သတ်မှတ်လိုက်ပြီး ရေးဖြေစာမေးပွဲကို ၁၈-၁-၂၀၁၄ ရက်တွင် ပြောင်းလဲကျင်းပမည်ဖြစ်ကြောင်းနှင့် ပညာအရည်အချင်း သတ်မှတ်ချက်တွင် B.Sc (Food Technology) အစား B.Sc (Engg.) (Food Technology) ဟု ဖြည့်စွက်ပြင်ဆင်ပါကြောင်း ကြေညာအပ်ပါသည်။

ရေးဖြေစာမေးပွဲ ဖြေဆိုခွင့်ကတ်ပြားများကို အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ရုံးအမှတ် ၄၇၊ နေပြည်တော်တွင် ၁၆-၁-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်ထုတ်ယူနိုင်ပါသည်။

ပြင်ဆင်ဖတ်ရှုပါရန်

၁-၁၂-၂၀၁၃ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ ကြော်ငြာ ၃ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအမှတ်စဉ်(၁၃) ဒေါ်မိုးမိုးစံ၏ အမည်ပြောင်းတွင် လျှောက်ထားသူအမည် ဒေါ်မိုးမိုးစံ အစား ဒေါ်မိုးမိုးစံ+၁ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

အမည်ပြောင်း

အထက(၂) ပန်းဘဲတန်းမြို့နယ်၊ နဝမတန်း (A)တွင် ပညာသင်ယူနေသော ကျွန်တော် မောင်ဂျီယာဘူရာမာန် (ဘ)ဦးအာဘုလ်ဟူဆိန်း MDW-၂၅၁၆၀၈အားယနေ့မှစ၍မောင်ကျော်စိုးအောင်ဟုခေါ်ပါရန်။ **မောင်ကျော်စိုးအောင်**

ကန့်ကွက်နိုင်ပါသည်

ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ၄ လမ်း၊ အမှတ် ၄၊ မြေညီထပ်(၁၂½ပေ× ပေ ၅၀)တိုက်ခန်းလွတ်ကို လက်ရှိပိုင်ရှင်ဖြစ်သူ ဒေါ်မြမြစန်း ၁၄/ပသန(နိုင်)၁၅၁၃၂၂ ထံမှ အပြီးအပိုင်ဝယ်ယူရန် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက အရောင်းအဝယ်ကို အပြီးသတ်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမြကြည် B.A, R.L
တရားလွှတ်တော်ရှေ့နေ (၃၉၃၇)
အမှတ် ၁၂၇/၁၄ လမ်း၊ (၆)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၀၁၅၂၅၈၃၀

ဖခင်အမည်မှန်

ရမည်းသင်းမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) သစ္စေးတွင် ပညာသင်ကြားနေသော မောင်ဆန်းထွန်းဦး၊ မခင်သူဇာမိုး၊ မောင်ချမ်းအေးတို့၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်လွင် ၉/ရမသ(နိုင်) ၀၇၅၁၈၇ ဖြစ်ပါသည်။

ခြံနှင့်အိမ်ငှားမည်

သုဝဏ္ဏမြို့နယ်၊ ကားလမ်းမကြီးပေါ် RC နှစ်ထပ်၊ ၇၀'×၁၁၀'၊ မြေအပိုပါ။

ဖုန်း-၀၉-၅၀၁၅၃၉၉၊ ၅၀၁၃၁၆



ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီတိုးချဲ့၊ မြေကွက်အမှတ် (၂၀၃၁) အမည်ပေါက် ဦးမြင့်ဦး၏ မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဒေါ်မိုမိုဌေးသစ် ၁၂/ဒဂန(နိုင်) ၀၃၁၃၄၀ မှ မြေကွက်စလစ်(မူရင်း)၊ ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။**မြေယာရုံးခွဲ(၂) မြေနှင့်အခွန်ဌာနခွဲ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀၆ ၊ မြေကွက်အမှတ် ၁၆၃/ခ၊ မြေကွက်တည်နေရာအမှတ် ၁၆၃/ခ၊ မြိုင်ကန်းသာလမ်း၊ (၁၀၆)ရပ်ကွက်၊ ဒဂုံတောင် ဦးနေဝင်း ၁၂/ဒပန(နိုင်) ၁၃၃၃၃၀ အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဦးနေဝင်းထံမှ အရပ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဦးသန့်ရှင်း P/RGN-၀၀၄၄၆၉ မှ ပါမစ်ပျောက်ဆုံးကြောင်း ရဲစခန်း၊ ရပ်ကွက်ထောက်ခံချက်များ၊ ဌာနဝန်ခံချက်နှင့် ကျမ်းကျိန်လွှာတို့တင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်ဂရန်သစ်လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သန္တေပင်ရပ်ကွက်၊ ဦးအောင်သင်းလမ်း၊ အမှတ် ၂၁ ဟုခေါ်တွင်သော နေအိမ်နှင့်တကွ ယင်းနေအိမ်တည်ရှိရာ (၄၀×၇၀)စတုရန်းပေ အကျယ်အဝန်းရှိ ဥယျာဉ်ခြံမြေအမျိုးအစားမြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သူဖြစ်သော ဒေါ်သီတာအေး ၁၄/မအပ(နိုင်)၁၇၂၂၅၇ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ထိုကဲ့သို့ အရောင်းအဝယ်ပြုခြင်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးသူရအောင် (စဥ်-၄၂၂၁၀) ဦးဝေယံဦး (စဥ်-၄၂၂၂၇)
အထက်တန်းရှေ့နေများ
အမှတ် ၄၆/ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၃၇၃၄၉၉၊ ၀၉-၈၆၃၀၇၀၄

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၄၊ ဖွဲကပင်လမ်း၊ မြေကွက်အမှတ် (၅၆၄/ခ)ရှိ မြေအကျယ်ပေ (၂၂½×၆၀)ရှိ ဒေါ်လုလု (ဘ)ဦးစိုးသိန်း ISN-၄၂၀၀၇၉အမည်ပေါက် နှစ် ၆၀ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဆက်စပ်အရောင်းအဝယ်စာချုပ်များအရ ဝယ်ယူပိုင်ဆိုင်လက်ရှိထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဝင်းထွဋ်လှိုင် ၁၂/ဒဂတ(နိုင်)၀၀၆၈၀၈ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးဝင်း ၁၄/ပသန(နိုင်)၀၂၈၆၅၅က ဝယ်ယူရန် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုပါက ခိုင်လုံသောတရားဝင်ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-

ဦးတင်အေး (တရားလွှတ်တော်ရှေ့နေ)
၁၄၉၊ လမ်း ၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၅၇၈၂၁

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ဗိုလ်ထွန်းဇံ၊ မြေကွက်အမှတ် ၁၃/ခ၊ မြေကွက်တည်နေရာအမှတ် ၇၄၊ ဗိုလ်တေဇလမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးတင်ထွဋ်-ဒေါ်လုလုမြင့်အမည်ပေါက် နှစ်၆၀ဂရန်မြေအား ဦးရှုရှပ်မှ ဒေါပုံမြို့နယ်တရားရုံး ၂၀၁၃ ခုနှစ် တရားမကြီးမှု (၄၂/၂၀၁၁) ဖြင့် ဦးတင်ထွဋ်၊ ဒေါ်လုလုမြင့်အား မြေနှင့်အိမ် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် တရားစွဲဆိုခဲ့ပြီး (၁-၁-၂၀၀၆)ရက်စွဲပါ စီရင်ချက်အမိန့်အရ အနိုင်ဒီကရီရရှိခဲ့ပြီး ယင်းရုံး၏ဇာရီမှုအမှတ် (၁/၂၀၁၃)အရ တရားရုံးကိုယ်စား ဘီးလစ် ဦးဆောင်းလွင်ဦး ၁၂/တမန(နိုင်)၀၂၉၅၃၁က တရားရုံးဒီကရီများနှင့် ဂရန်မူရင်းများတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၅၊ မြေကွက်အမှတ် ၃၂၂၊ မြေကွက်တည်နေရာအမှတ် ၃၂၂၊ ပုသိမ်လမ်း၊ ရွှေပြည်သာမြို့နယ် ဦးနော်ဘီဟူစိန် (ခ) ဦးမောင်စိန်အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးနော်ဘီဟူစိန်(ခ) ဦးမောင်စိန် AKB-၂၁၇၉၉၃ ကိုယ်တိုင်က ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံစာ၊ ကတိသစ္စာပြုလွှာတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စီးပွားရေးနှင့်လူမှုရေးကြော်ငြာ

ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၂၊ မြေကွက်အမှတ် ၂၄ ဒီ/၂၊ မြေကွက်တည်နေရာအမှတ်၄၇၇၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ဒေါ်ခင်ခင် အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ဒေါ်ခင်ခင်ကွယ်လွန်သဖြင့် ဦးကျော်မင်း ၁၂/ကမရ(နိုင်)၀၃၃၆၃၂ က ဒေါ်ခင်ခင်ဝယ်ယူထားသည့် အရောင်းအဝယ်စာချုပ်အမှတ် ၆၂၃/၃၁-၅-၆၀ စာချုပ်မိတ္တူမှန်က တရားဝင်ခွင့်ပြုမိန့်တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/အနော်မာ၊ မြေကွက်အမှတ် ၂၆၄၊ မြေကွက်တည်နေရာအမှတ် ၂၆၄၊ အနော်မာ ၆လမ်း၊ အနော်မာရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်ကြင်မြ အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ကြင်မြ (မိခင်)နှင့် ဦးဝင်း(ဖခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော (၁) ဦးခင်မောင်မြင့် စီအိုင်-၀၄၇၁၇၈၊ (၂) ဦးသိန်းဇံ၁၂/သကတ(နိုင်)၀၄၈၀၃၃၊ (၃) ဒေါ်မြင့်မြင့်ထွေး ၁၂/သကတ(နိုင်)၀၄၉၀၄၂၊ (၄)ဒေါ်မြင့်မြင့်အေး ၁၂/သကတ(နိုင်)၀၄၈၄၀၈ တို့မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဘဝနတ်ထံပျံလွန်တော်မူပြီးသော
ပညာဝတီဆရာတော်ကြီး၏ (၁၀)နှစ်မြောက်
ကျေးဇူးဆပ်ကုသိုလ်ပြု ပူဇော်ပွဲ ဖိတ်ကြားလွှာ

[illegible]

(၅)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

ဦးအေးလွင်

(မြန်မာ့ရေနံ မန်နေဂျာ-ကသာ၊ ကောလင်း၊ ဝန်းသို၊ ချောင်းဦး၊ ရွှေဘို)

မိသားစုဆွေမျိုးများအပေါ်တွင် အစစတာဝန်ကျေခဲ့သော ဦးအေးလွင် ကွယ်လွန်သွားခဲ့သည်မှာ ၈-၁-၂၀၁၄ရက်တွင် (၅)နှစ်ပြည့်ခဲ့သော်လည်း ကျန်ရစ်သူမိသားစုမှာ တစ်နေ့မျှ မေ့မရပါ။

ဒေါ်ထူးထူးနှင့် တူ၊ တူမများ (မန္တလေးမြို့)
ညီ၊ ညီမများ (မုံရွာမြို့)

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တကုဏ္ဍလ

သာသနဓဇသိရီပဝရဓမ္မာစရိယ, သာသနဓဇဓမ္မာစရိယ
အဘိဓမ္မပါဠိပါရဂူ, အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ
ပြည်တွင်း-ပြည်ပ မဟာစည်သာသနာ့ရိပ်သာများ၏
လမ်းညွှန်ဥဩချုပ်ဆရာတော်ကြီး
ဟသ္သာတမြို့ မဟာစည်သာသနာ့ရိပ်သာ၏ ပဓာနနာယကဆရာတော်ကြီး
သက်တော်(၈၇)၊ သိက္ခာတော် (၆၇)။

ဘဒ္ဒန္တကုဏ္ဍလ မဟာထေရ်မြတ်ကြီးသည် (၁၃၇၅-ခုနှစ်၊ ပြာသို လဆန်း ၄-ရက်) ၄-၁-၂၀၁၄ (စနေနေ့)မွန်းလွဲ (၁၄း၅)နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၅-ခုနှစ်၊ ပြာသိုလဆန်း ၁၀-ရက်) ၁၀-၁-၂၀၁၄ (သောကြာနေ့) မွန်းလွဲ(၂)နာရီတွင် အရှိန်အငြိမ့် ရှာပနကျင်းပမည်ဖြစ်ပါကြောင်း တပည့်ဆရာတော် သံဃာတော်များ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ရှာပနပြုစီမံမြောက်ရေးကော်မတီ
ဟသ္သာတမဟာစည်သာသနာ့ရိပ်သာ။

ဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခဒေါက်တာဝင်းနိုင် (ပါမောက္ခ၊ ဌာနမှူး၊ အသည်းရောဂါပညာဌာန၊ ခုတင် ၅၀၀ဆံ့ အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့)-ဒေါ်နီလာခင်တို့၏ဖခင်ကြီး ဦးသိန်းဟန်(ပဲခူး) ရာသက်ပန်ဥက္ကဋ္ဌကြီး၊ အောင်မင်းခေါင်ကုန်းမြေ၊ ကသစ်ပိုင်ဓမ္မရိပ်သာ အသက်(၉၁)နှစ်သည် ၄-၁-၂၀၁၄ရက် (စနေနေ့)မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

အထူးကုဆရာဝန်ကြီး၊ အထူးကုဆရာဝန်များ၊
လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာမကြီးနှင့်
ဆရာမများ၊ ဝန်ထမ်းများ၊
အသည်းရောဂါပညာဌာန၊ ခုတင် ၅၀၀ဆံ့ အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့

ဝမ်းနည်းကြေကွဲခြင်း

ရုပ်ရှင်နောက်ခံတေးဂီတပညာရှင် အကယ်ဒမီများရှင် ဦးဇော်မျိုးထွဋ်သည် ၅-၁-၂၀၁၄ရက် ည ၉နာရီတွင် ကွယ်လွန်ကြောင်းကြားသိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

ရေနံဂျိုး

လက်လီ/လက္ကား
ရောင်းရန်ရှိသည်-
ဖုန်း-၀၉-၄၃၁၇၃၄၉၉

ဒေါ်ရွှေတု

အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ဟံသာဝတီ ၂၁လမ်း၊ အမှတ် ၁၀၃နေ(ဦးဘိုးသင်-ဒေါ်ရွှေဖော့)တို့၏သမီး၊ ဒေါက်တာဦးအောင်လွင်ဦး-ဒေါက်တာဒေါ်ခင်လင်းမော် (Nelly၊ လင်းဆေးခန်း၊ ဖားကန့်)တို့၏မိခင်၊ ကိုချမ်းအေးအောင်-မချိုဇင်မွန်၊ ကိုသော်ဇင်အောင်-မချိုဇင်သင်း၊ ကိုမိုးဝေအောင်-မအိခိုင်နေဝင်း၊ ကိုကျော်သူအောင်- မအေးမွန်ဖြူ တို့၏အဘွား၊ မယွန်းနဒီအောင်၊ မမြတ်မှူးနွယ်၊ မောင်သုထက်အောင်တို့၏ ဘွားဘွားကြီးသည် ၄-၁-၂၀၁၄ရက် (စနေနေ့)ညနေ ၆း၄၇ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

(၁)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်မြညွန့် (တောင်တွင်းကြီးမြို့နယ်)

(၈-၁-၂၀၁၃) - (၈-၁-၂၀၁၄)

ချစ်လှစွာသော ချစ်ဇနီးအားရည်စူး၍ ပြုလုပ်သမျှ ကောင်းမှုအစုစုတို့ကို ချစ်ဇနီး ဒေါ်မြညွန့်နှင့်တကွ အားလုံးကြားကြသမျှ သာဓုခေါ်ဆိုနိုင်ရန် အမျှကုသိုလ်ပေးဝေအပ်ပါသည်။

ကုသိုလ်-အမျှ-အမျှ-အမျှ

ချစ်ခင်ပွန်း- ဦးချန်ထွန်းအောင်နှင့်သားသမီး၊ မြေးတစ်စု

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်သန်းရင်

အသက်(၈၁)နှစ်

အမှတ် ၂၀၃၊ မြေညီထပ်၊ ၂၈လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့နေ ဦးမြင့်ဆွေ၏ဇနီး၊ ဦးတင်ဦး-ဒေါ်ခင်ခင်ရီ၊ ဦးထိန်လင်း-ဒေါ်သင်းသင်းမြတ်တို့၏မိခင် ကြီးသည် ၄-၁-၂၀၁၄ရက် (စနေနေ့) မွန်းလွဲ ၁၂း၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးအောင်မိုး-ဒေါ်အေးမြအောင်
Steel Dragon (စတိန်းလက်စတီးဆိုင်)မိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးသိန်းဟန်

အသက်(၉၂)နှစ်

ပဲခူးမြို့၊ လိပ်ပြာကန်ရပ်၊ ကိုယ်မင်းကိုယ်ချင်းလမ်းနေ ဒေါက်တာနွဲ့နွဲ့အေး (စိတ်ကျန်းမာအထူးကုဆရာဝန်ကြီး)၏ချစ်လှစွာသောဖခင်ကြီးသည် ၄-၁-၂၀၁၄ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ချိုချိုသန်း၊ တင်မာအေး၊ စိုးစိုးလတ်

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
သာစည်မြို့နယ်တရားရုံး
၂၀၁၃ ခုနှစ် ဇာရီမှုအမှတ်-၆၅

မန်နေဂျာ	နှင့်	၁။ ဒေါ်လှလှ
မြန်မာ့စီးပွားရေးဘဏ်		၂။ ဦးညီညီ
သာစည်မြို့။		
တရားနိုင်		**တရားရှုံးများ**

၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ်-၁၄၂ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းများကို ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၇ရက် (၁၃၇၅ခုနှစ် တပို့တွဲလဆန်း ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းများစာရင်း

သာစည်မြို့၊ ရွာကြီးကျေးရွာ၊ ကွင်းအမှတ် ၁၈၁၀/ရွာကြီးတောင်၊ ဦးပိုင်အမှတ် ၃/ခ၊ မြေကွက်အမှတ် ၃/ခ၊ ဧရိယာ ၀ဒသမ၁၂၆ဧကရှိမြေနှင့် ယင်းမြေပေါ်ရှိ ပေ(၂၇×၃၆) သွပ်မိုး၊ အုတ်ကာ၊ လူနေနှစ်ထပ်တိုက်တွဲလျက် နောက်ဘက် ပေ(၁၀×၁၀) သွပ်မိုး၊ အုတ်နံကပ်မီးဖိုချောင်၊ ပေ(၃၆×၁၈) သွပ်မိုး၊ အုတ်ကာ၊ စတိုဂိုဒေါင်၊ ရေချိုးခန်း၊ ရေအိမ်။

လေလံကြမ်းခင်းဈေး ကျပ် ၂၈၅သိန်း။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။

(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၃ခုနှစ် ဒီဇင်ဘာ ၂၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

တင့်လွင်
တွဲဖက်မြို့နယ်တရားသူကြီး
သာစည်မြို့နယ်တရားရုံး

အမှားပြင်ဆင်ချက်

၃-၁-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၂၊ ကော်လံ ၂တွင် ဖော်ပြပါရှိသော အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြေညာစာတွင် ဖော်ပြထားသော အကျယ်အဝန်း ပေ(၄၀×၆၀)အစား ပေ(၂၀×၆၀)ဟု ပြောင်းလဲပြင်ဆင်ဖတ်ရှုပါရန်။

ပြင်ဆင်ဖတ်ရှုနိုင်ပါရန်

၂၅-၁၁-၂၀၁၃ရက်ထုတ်မြန်မာ့အလင်းသတင်းစာ ကြော်ငြာကဏ္ဍအချပ်ပို စာမျက်နှာ(ဂ) ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၄) ဒေါ်ခင်ခင်မြင့် ၁၂/ဥကတ(နိုင်)၀၆၀၇၁၅၊တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၃၊ မြေကွက်အမှတ် ၈၅၁/က အစား(၈၅၁/ခ)ဟုပြင်ဆင်ဖတ်ရှုနိုင်ပါရန်။ ဒေါ်ခင်ခင်မြင့်၁၂/ဥကတ(နိုင်)၀၆၀၇၁၅

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄၅၊ မြေကွက်အမှတ် ၂၀၆၊ မြေကွက်တည်နေရာအမှတ် ၂၀၆၊ (၁၄၅) ရပ်ကွက်၊ ဒဂုံတောင်မြို့နယ်၊ ဒေါ်ကျင်ကျင်သန်း ၁၂/တမန(နိုင်)၀၉၉၃၀၁ အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဒေါ်ကျင်ကျင်သန်းမှ ပါမစ်ပျောက်ဆုံးကြောင်း ရဲစခန်း၊ ရပ်ကွက်ထောက်ခံချက်များ၊ ဌာနဝန်ခံချက်နှင့် ကျမ်းကျိန်လွှာတို့တင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ကြီးပွားရေး(မြောက်)၊ မြေကွက်အမှတ်၂၄၆/က၊ မြေကွက်တည်နေရာအမှတ်(၂၄၆/က)၊ မင်းရဲကျော်စွာလမ်း၊ ကြီးပွားရေး(မြောက်)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဦးထွန်းကြိုင် ၁၂/သဃက(နိုင်)၁၀၀၈၁၄ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးထွန်းကြိုင်(ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်ကျင်သီ ၁၂/သဃက(နိုင်)၁၀၀၈၂၂က တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အထူးဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်မှူးကြီးဇော်ဝင်း (ငြိမ်း)

တပ်မတော်အင်ဂျင်နီယာကျောင်းအုပ်ကြီး(ငြိမ်း)

အသက်(၈၅)နှစ်

ပါမောက္ခဒေါက်တာသန္တာ (ရက္ခဗေဒဌာန၊ တောင်ငူတက္ကသိုလ်)၏ဖခင် ဒုတိယဗိုလ်မှူးကြီးဇော်ဝင်း(ငြိမ်း)သည် ၄-၁-၂၀၁၄ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်းကြားသိရပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ရက္ခဗေဒဌာနမိသားစု၊ တောင်ငူတက္ကသိုလ်

ဝမ်းနည်းကြေကွဲခြင်း

ဦးလှမင်း

ဒုတိယပါမောက္ခချုပ်(စီမံ) ငြိမ်း၊
ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)
အသက်(၇၅)နှစ်

ဦးလှမင်းသည် ၄-၁-၂၀၁၄ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခချုပ်နှင့် အရာထမ်း၊ အမှုထမ်း မိသားစုဝင်များ
ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)

သင့်သွေးဖြင့် အသက်ကယ်ပါ

ဒေါ်ရွှေတု (ညောင်တုန်း)
အသက်(၉၅)နှစ်

(ဦးဘိုးသင်-ဒေါ်ရွှေဖော့)တို့၏သမီး၊ (ဦးဘရင်-ဒေါ်စိန်မြိုင်)တို့၏သမီးချွေးမ၊ (ဦးအောင်ထွန်း)၏ဇနီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ဟံသာဝတီ ၂လမ်း၊ အမှတ် ၁၀၃နေ ဒေါက်တာအောင်လွင်ဦး-ဒေါက်တာခင်လင်းမော်(Nelly) (လင်း-ဆေးခန်း၊ ဖားကန့်)တို့၏မိခင်၊ ကိုချမ်းအေးအောင်(Everwinner-Jade. Co)-မချိုဇင်မွန်၊ ကိုသော်ဇင်အောင်-မချိုဇင်သင်း (Honey-Online Shopping)၊ ကိုမိုးဝေအောင်-မအိခိုင်နေဝင်း (Max Myanmar Group of Companies)၊ ကိုကျော်သူအောင်(Zifam)-မအေးမွန်ဖြူ (Win Thin & Associates) တို့၏အဘွား၊ မယွန်းနဒီအောင်၊ မမြတ်မှူးနွယ်၊ မောင်သုထက်အောင်တို့၏ဘွားဘွားကြီးသည် ၄-၁-၂၀၁၄ရက် (စနေနေ့)ညနေ ၆း၄၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၀-၁-၂၀၁၄ရက်(သောကြာနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး
ဦးဂုရှုကွေး(ခ)ဦးအီးကေ
အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာတောင်ညွန့်ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ် ၁၀၉/၁၁၁၊ အီးကေလက်ဖက်ရည်ဆိုင်နေ (ဦးဂုမီနူး-ဒေါ်အီမား)တို့၏သား၊ [ဒေါ်ရှော့မွေး(ခ)ဒေါ်အေး]၏ခင်ပွန်း၊ ဦးဇော်မင်းအောင်-ဒေါ်ချိုချို၊ ဦးမြင့်လွင်-ဒေါ်လှလှ၊ ဦးအောင်မြင့်-ဒေါ်မြမြ၊ ဦးလှဝေ-ဒေါ်မီးမီး၊ ဦးထွန်းထွန်း-ဒေါ်ဖြူဖြူဇင်တို့၏ဖခင်၊ မြေး ၁၂ယောက်တို့၏အဘိုးသည် ၆-၁-၂၀၁၄ရက်(တနင်္လာနေ့)ညနေ ၅း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၈-၁-၂၀၁၄ ရက်(ဗုဒ္ဓဟူးနေ့)တွင် ရေဝေးသုသာန်၌ မြေမြှုပ်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဇရပ်၊ရေတွင်း၊မုခ်ဦး ဒါယကာကြီး
ဦးသိန်းကျော် (နတ်တလင်း)
Y.O.C-16 (BC/7846)
အသက်(၈၄)နှစ်

နတ်တလင်းမြို့နေ (ဦးမောင်ကလေး-ဒေါ်ဒေါ်ကျန်)တို့၏သား၊ ပေါင်းတည်မြို့နေ (ဦးဘိုးတက်-ဒေါ်သိန်းနွယ်)တို့၏သားသမက်၊ (ဦးအုန်းမြင့်-ဒေါ်ခင်မေသန်း)၊ ဦးသန်းကျော်-(ဒေါ်ရီ)တို့၏ညီ၊ ဒေါက်တာဦးကြည်-ဒေါ်ခင်သန်းတို့၏မောင်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဇ/တောင်ရပ်ကွက်၊ တိုက် (9) D၊ အခန်း(3)A၊ ဝေဇယန္တာလမ်းနေ ဒေါ်မာမာနွယ်၏ခင်ပွန်း၊ ဒေါ်နီမာကျော်၊ ဦးအောင်ကျော်စိုး-ဒေါ်ဖြူမာကျော်တို့၏ဖခင်၊ မပန်းချီးချီးလွင်၊ မသင်းနန္ဒာနွယ်၊ မောင်ဟိန်းသန့်အောင်တို့၏အဘိုးသည် ၇-၁-၂၀၁၄ရက်(အင်္ဂါနေ့)နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁-၂၀၁၄ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးသိန်းဆွေမြင့်
ကျောင်းအုပ်ကြီး(ငြိမ်း)
အထက(အုန်းနဲ)(ကဝ)
အသက်(၇၈)နှစ်

ဗိုလ်မှူးကျော်ကျော်ဦး(လေ)-ဒေါ်အေးအေးသန်းတို့၏ဖခင်သည် ၅-၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၅)မှ
ကျောင်းဆင်းဖက်သူငယ်ချင်းများ

ဒေါ်ခင်သန်း (မိတ္ထီလာ)
အသက်(၇၀)

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ ရန်မျိုးအောင်ရပ်ကွက်၊ အောင်ချမ်းသာ(၃)လမ်းနေ (ဦးစက်တင်-ဒေါ်မြရီ)တို့၏သမီး၊ ဦးကျော်ခင်၏ဇနီး၊ ဦးအေးလွင်-ဒေါ်ကြည်ကြည်မြင့်၊ (ဗိုလ်မှူးမောင်ကို-ဒေါ်ကြည်ကြည်ဝင်း)၊ (ဦးကျော်မြင့်-ဒေါ်သန်းသန်းဦး)၊ (ဦးသက်တင်)-ဒေါ်ဝင်းဝင်းမော်၊ ဦးမြင့်ငွေး-ဒေါ်ချိုချိုမာ၊ ဒေါ်မိုးသီတာ၊ (မခင်ချိုသက်)တို့၏မိခင်၊ မြေး ၁၉ယောက်၊ မြစ်ကိုးယောက်တို့၏အဘွားသည် ၆-၁-၂၀၁၄ရက် (တနင်္လာနေ့) ည ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (သုဝဏ္ဏနေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး
ဦးအောင်ခင် (ယခင် ခေတ်လိုက်ပရိဘောဂ၊ ပုဇွန်တောင်)
(အထက-၃၊ ဗိုလ်တထောင်၊ ကျောင်းသားဟောင်း)
အသက်(၆၀)

ရန်ကုန်မြို့၊ အမှတ် ၂၊ အထက်ပုဇွန်တောင်လမ်းနေ ဦးကြည်ဆင့်-ဒေါ်ထွေးစိန်တို့၏သားကြီး၊ ဦးမြင့်တင်-(ဒေါ်ထွေးရှင်)တို့၏သားသမက်၊ ၄ဝါလမ်း၊ တိုက် ၁၇၊ အခန်း ၃၀၂၊ ယုဇနဥယျာဉ် မြို့တော်၊ ဒဂုံဆိပ်ကမ်းနေ ဒေါ်သောင်းတင်၏ခင်ပွန်း၊ ဦးလှငွေး-ဒေါ်ကြည်ငွေး(Gemtlemen အမျိုးသားဆံသ ပုဇွန်တောင်)၊ (ဦးကျော်လှ)-ဒေါ်ခင်စန်းအေး(Mother Son Mobile ပုဇွန်တောင်)၊ (ဦးသန်းလှဦး)၊ ဦးမင်းစိုးအောင်-ဒေါ်မြင့်မြင့်မော်(Top Choice ရွှေဆိုင်၊ ဗိုလ်ချုပ်ဈေး)၊ ဦးကိုကိုမျိုး-ဒေါ်အေးအေးခိုင်တို့၏အစ်ကိုကြီး၊ ဦးသန်းအေး-ဒေါ်အေးအေးခိုင်၊ ဦးမောင်မောင်သိန်း-ဒေါ်စန်းရီ၊ (ဦးဝင်းထွန်းနိုင်)-ဒေါ်သောင်းငွေးတို့၏ခဲအို၊ မမေသူအောင်၊မနှင်းနုအောင်၊ မောင်ရန်ပိုင်ဦးတို့၏ဖခင်သည် ၆-၁-၂၀၁၄ရက်(တနင်္လာနေ့) ညနေ ၃း၁၀နာရီတွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(ပုဇွန်တောင်နေအိမ်နှင့်ယုဇနဥယျာဉ်မြို့တော်အိမ်ရာမှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးသီရိဦး(တောင်ကြီး) B.E Mechanical
လ/ထအထွေထွေမန်နေဂျာ၊ စက်မှုဝန်ကြီးဌာန၊ ကစစ(၁၁)ရန်ကုန်တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်
အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီး(ရိုးရာလှေ)
အသက်(၅၆)နှစ်

တောင်ကြီးမြို့နေ (ဦးကျော်ဇံ-ဒေါ်ပင်စီမြတ်ထွေး)တို့၏သားကြီး၊ ဦးစောထူးထူးလှ-ဒေါ်မီမီလတ်တို့၏အစ်ကို၊ Maran Dorcas ဒက်ဖနီဆိုင်းဆာ၏ခင်ပွန်း၊ Joseph ယဉ်မင်းသော်-ဒေါ်အေးအေးခိုင်၊ ဦးအောင်ကျော်လင်း-Esther ဥမ္မာသော်၊ James ဇင်မင်းသော်-ဒေါ်ခင်မီမီလှိုင်၊ Daniel စိုးမင်းသော်တို့၏ဖခင်သည် ၆-၁-၂၀၁၄ရက် ညနေ ၅း၁၀နာရီတွင် ရန်ကုန်မြို့ ဦးနှောက်နှင့် အာရုံကြောဆေးရုံကြီးတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၈-၁-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်မြတင် (သန်လျင်)
အသက်(၉၉)နှစ်

သန်လျင်မြို့၊ မြို့မတောင်ရပ်ကွက်၊ ဗိုလ်ချုပ်နေဝင်းလမ်း၊ အမှတ် ၁၃၂နေ [ဦးလူသစ်(ခ)စောပျဉ်းဟုန်]၏ဇနီး၊ (ဦးကင်ဟုတ်-ဒေါ်ခင်သန်းအေး)၊ ဒေါ်မြင့်မြင့်အေး(ခ)ဒေါ်ရှုတီ(ကေကေ)၏မိခင်၊ ဦးသိန်းဝင်း-ဒေါ်ယုယုခိုင်၊ ဦးမင်းဇော်-ဒေါ်သီသီလွင်၊ ဒေါ်စုစုခိုင်(မြန်မာ့ရှေ့ဆောင်ဘဏ်)၊ ဒေါ်ဆွေဆွေခိုင်၊ ဦးမျိုးဇော်၊ ဦးသူရဇော်-ဒေါ်မြတ်ကေခိုင်၊ မောင်ဖြိုးဟိန်းထိုက်တို့၏အဘွား၊ မောင်ပြည့်ဖြိုးသော်၊ မနှင်းဦးရည်ရွှယ်တို့၏ဘွားဘွားကြီးသည် ၆-၁-၂၀၁၄ရက် (တနင်္လာနေ့) ညနေ ၅း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ သန်လျင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဒေါ်လှငွေး
အသက်(၇၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သုဝဏ္ဏမြို့၊ (၂၉)ရပ်ကွက်၊ မီးဒုံးလမ်းသွယ် ၅၊ တိုက် ၉၃၊ အခန်း ၇နေ (ဦးဆိတ်-ဒေါ်မြခိုင်)တို့၏သမီး၊ (ဦးအောင်ထွန်းရီ)၏ဇနီး၊ (ဦးသိန်းစိုးအောင်)၊ ဦးညီညီအောင်-ဒေါ်မေဝင်းကြိုင်၊ ဒေါ်သန္တာအောင် (ဒု-ရုံးအဖွဲ့မှူး၊ မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း)တို့၏မိခင်၊ မဖြိုးသဒ္ဒါအောင်(YIE)၊ မပိုးသဒ္ဒါအောင်(UCSY)၊ မောင်ဘုန်းပြည့် (TTC) တို့၏အဘွားသည် ၇-၁-၂၀၁၄ရက် နံနက် ၈နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၉-၁-၂၀၁၄ရက် ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
ဟာဂျီမမိုင်မွန်နာဘီ(ခ)ဟာဂျီမဒေါ်ခင်မြမူ
(မြင့်မြတ်သူ ရတနာဆိုင်၊ ဗိုလ်ချုပ်ဈေး)
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ ဖိုးစိန်လမ်း၊ အမှတ် ၅၀နေ (ဟာဂျီ ဦးမောင်စိန်-ဟာဂျီမ ဒေါ်မြစိန်)တို့၏သမီး၊ (ဟာဂျီ ဦးမောင်မောင်စိုး)၏ဇနီး၊ ဟာဂျီမ ဒေါက်တာဒေါ်ခင်မြကြူ၏ညီမ၊ (ဟာဂျီ ဦးကျော်မင်း)၊ (ဦးအောင်မင်း)-ဟာဂျီမ ဒေါ်ခင်မမတို့၏အစ်မ၊ (ဦးအောင်ကျော်ဦး)၊ ဒေါ်ယမင်းစိုး၊ ဟာဂျီဦးအောင်ကျော်ထူး-ဟာဂျီမဒေါက်တာဒေါ်မျိုးဥမ္မာနွယ်တို့၏မိခင်၊ ကိုဇာနည်သဲမောင်-မစိုးပပထွန်း(B.A Eng)၊ မစိုးသဥ္ဇာထွန်း(B.A Eng)၊ မစိုးအိနှင်းဖြူထွန်း၊ မောင်အာကာထူး(နောက်ဆုံးနှစ်၊ အပိုင်း-ခ၊ ဆေး-၁)၊ မမိုးပွင့်ဖြူထူး(ဒုတိယနှစ်၊ M.B.,B.S ဆေး-၁)တို့၏အဘွားသည် ၆-၁- ၂၀၁၄ရက်(တနင်္လာနေ့) နံနက် ၆း၁၅နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ယင်းနေ့နံနက် ၁၁း၄၅နာရီတွင် ရေဝေးကဘာရ်စတန်ဥယျာဉ်၌ ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ်၊ ဒါယိကာမကြီး
ဒေါ်ခင်ကြည်
(ကျိုက်လတ်-ရွှေဘိုစုရှာ)
အသက်(၈၀)

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ လမ်း ၈၀၊ အနောက်ကျုံးလမ်း၊ ၁၃×၁၄ လမ်းကြား၊ မိုးနံ့ဆေးတိုက်နေ(ဆရာကြီး ဦးဟန်ထွန်း)၏ဇနီး၊ ဦးဥက္ကာ-ဒေါ်ရင်ရင်သီ(တိုင်းရင်းဆေးတက္ကသိုလ်)၊ ဦးလှခိုင်-ဒေါ်နွယ်နွယ်အေး(မြို့နယ်တိုင်းရင်းဆေးကုဌာန၊ ခရမ်းမြို့နယ်)၊ ဦးဆွေဝင်း-ဒေါ်မြင့်မြင့်သန်း၊ ဦးသာဝင်းထွန်း၊ ဒေါ်အေးအေးသင်း၊ (ဦးအောင်စည်သူ)၊ ဦးအောင်မြတ်သူ - ဒေါ်မော်လီအောင် (ခရိုင်တိုင်းရင်းဆေးကုဌာန၊ စစ်ကိုင်းခရိုင်)တို့၏မိခင်၊မြေး ၁၀ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွားသည် ၆-၁-၂၀၁၄ရက်(တနင်္လာနေ့)နံနက်၁၁နာရီတွင် ကွယ်လွန်သွားပါ၍ ၈-၁-၂၀၁၄ ရက် နံနက် ၁၀နာရီတွင် အထက်ပါနေအိမ်မှ မန္တလေး အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမ
ဒေါ်ခင်သီ(ခ)တေကင်တီ
အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၅) ရပ်ကွက်၊အမှတ်၃၇၄(ပ)ထပ်၊ ကမ်းနားလမ်းနေ [ဦးချစ်တင်(ခ)ချန်ဘိန်ဝှက်]၏ဇနီး၊ ဒေါ်ခင်အေး၊ ဦးကျော်စိုး-ဒေါ်ရှုလေ၊ ဒေါ်ခင်ဝင်းတို့၏မိခင်၊ မောင်ဟန်ဝင်းထွန်း၊ မသဥ္ဇာဦးတို့၏အဘွားသည် ၇-၁-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၉း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၃-၁-၂၀၁၄ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဇရာဝတီတိုင်းဒေသကြီး
ဆိုကရေးတီးအကဲဖြတ်ဒိုင်
ဦးမိုးကျော်ထွန်း(ခ)တိတ်ဝမ်
လက်ထောက် ကထိက(ငြိမ်း)
မြောင်းမြ ပညာရေးကောလိပ်
ကန်တော့ခံဆရာ
၅-အထက(ငြိမ်း)၊ မြောင်းမြ
အသက်(၇၅)နှစ်

မြောင်းမြမြို့၊ (၈)ရပ်ကွက်၊ မန်းစောပုလမ်း၊ အမှတ် ၁နေ (ဦးမောင်ဟိန်-ဒေါ်ကျင်မြ)တို့၏သားထွေး၊ (ဦးတင်မောင်-ဒေါ်ပု)တို့၏သားသမက်၊ ဒေါ်တင်တင်ငွေး၏ခင်ပွန်း၊ (ဦးဟုတ်လှိုင်-ဒေါ်ခင်သိန်းမြင့်)၊ ဦးအောင်မျိုး(ခ) ဦးဟုတ်ပို့-ဒေါ်မေသန်း၊(ဦးဟုတ်ကြိုင်)၊ ဒေါ်ခင်ဝင်းတို့၏ညီ/မောင်၊ ဦးထွန်းလင်းထက်၊ဦးနေမျိုးထက်-ဒေါ်ခင်သွယ်ဝင်း၊ ဦးနေမိုးထက်-ဒေါ်ကြူယဉ်၊ ဒေါ်စုမြတ်ထက်တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၆-၁-၂၀၁၄ ရက်(တနင်္လာနေ့) မွန်းလွဲ ၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရွှေဒါးကုန်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကန်၊ ဇရပ် ဒါယကာကြီး
ဦးခင်မြ
(ပန်းတနော်၊ ကတောက်ဆပ်)
အသက်(၇၂)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့၊ ကတောက်ဆပ်ကျေးရွာနေ (ဦးကျင်-ဒေါ်လှရင်)တို့၏သား၊ (ဦးမြသောင်း - ဒေါ်မမ)တို့၏ သားသမက်၊ (ဒေါ်တင်စော)၏ခင်ပွန်း၊ ဦးသန့်စင်-ဒေါ်ငွေပွင့်၊ ဦးဝင်းနိုင်-ဒေါ်ခင်မြတ်မွန်၊ ဦးကျော်ဇင်တိုး - ဒေါ်ခင်နှင်းမွန်တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ရတနာလမ်း၊ အမှတ် ၂၃နေ ဦးခင်မြသည် ၇-၁-၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၈း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁-၂၀၁၄ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

စိုက်ပျိုးရေးဝန်ထမ်းဟောင်းများအသင်း
ဦးဝင်းနိုင် အသက်(၇၂)နှစ်
လ/ထမန်နေဂျာ(ငြိမ်း)
မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း
အသင်းဝင်(၀၁၁၂)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နေ ဦးဝင်းနိုင်သည် ၂၈-၁၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၂-၂၀၁၃ရက်တွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

စိုက်ပျိုးရေးဝန်ထမ်းဟောင်းများအသင်း
ဦးသိန်းလှိုင်
စာရင်းစစ်(၁)ငြိမ်း
လယ်-စိုက်-ရှင်း
အသင်းဝင်(၀၅၇၃)
အသက်(၇၁)နှစ်

ဒလမြို့နယ်၊ညောင်ကုန်းရပ်၊ အမှတ် ၅/၁၀၃၁နေ ဦးသိန်းလှိုင်သည်၂၃-၁၁-၂၀၁၃ရက်တွင်ကွယ်လွန်သွားပါ၍ ၂၅-၁၁-၂၀၁၃ရက်တွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်ခင်ဝင်း
အသက်(၉၄)နှစ်

မန္တလေးမြို့၊ ၈၁လမ်း၊ ၃၀×၃၁လမ်းကြား၊ ရီရီဓာတ်ပုံတိုက်နေ ဦးမျိုးခင်-ဒေါ်ခင်ဝင်းတင့်(ဖော်အဲဗားစတီး၊ ကြေးဆိုင်းဘုတ်လုပ်ငန်း)၊ ဦးအောင်အောင်-ဒေါ်နန်းရွှေပွင့်(ရီရီဓာတ်ပုံနှင့် ရီရီစတိုး)၊ ဦးခင်မောင်ဝင်း-ဒေါ်ရီရီ၊ ဦးကျော်စံ-ဒေါ်ဝါဝါစိုး (Diamond Neon နှင့် ဆိုင်းဘုတ်လုပ်ငန်း)၊ ဦးထွန်း-ဒေါ်မြင့်မြင့်အေး (ချယ်ရီထွန်း စတိုးဈေးချိုနှင့် မန်းမြန်မာပလာဇာ၊ ပထမထပ်)၊ ဦးကံသောင်း-ဒေါ်စီစီ(Seven Day Store)၊ (ဦးမောင်မောင်)-ဒေါ်သန်းနု၊ ဦးခင်မောင်အေး-ဒေါ်သီသီ (ရွှေလီဦး ယာဉ်ငယ်နှင့် AB Fashion)၊ ဦးမောင်သန်း-ဒေါ်တင်တင်လှ(Virgin Lady Fashion Shop ရန်ကုန်မြို့)၊ ဦးကိုလေး-ဒေါ်ခင်ခင်မော်(JKL Jewel Ko Lay Co., Ltd.)၊ ဦးဝင်းမြင့်-ဒေါ်နီနီထွန်း(Sweet Photo)တို့၏မိခင်၊ မြေး ၃၁ယောက်၊ မြစ်တစ်ယောက်တို့၏အဘွား၊ (ဦးပြေ)၏ဇနီးသည် ၆-၁-၂၀၁၄ရက်(တနင်္လာနေ့) နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ရီရီဓာတ်ပုံတိုက်ခြံနေအိမ်မှ အေးရိပ်ငြိမ်လူမျိုးစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဒေါ်သင်းမေ (မုဒုံ)
အသက်(၈၉)နှစ်

မုဒုံမြို့၊ ကျောင်းသစ်ရပ်၊ ဓမ္မစေတီလမ်း၊ အမှတ် ၈၂နေ (ဦးမောင်-ဒေါ်ငွေစိန်)တို့၏သမီးကြီး၊ (ဦးယုးတိတ်)၏ဇနီး၊ ဦးအေးကျော်-ဒေါ်ခင်လှနွဲ့၊ ဦးမျိုးချစ်-ဒေါ်ခင်အေးမူ၊ ဦးဝင်းဆွေ-ဒေါ်ဆွေဇင်မွန်၊ (ဦးတင်မြလှိုင်)-ဒေါ်နီနီထွေးတို့၏မိခင်၊ ဗိုလ်မှူးတင်ထွန်း(ငြိမ်း)-ဒေါ်ခိုင်သီတာကျော်၊ ဗိုလ်မှူးအောင်မျိုးကျော် (သသန)-ဒေါ်စန်းဦးထင်၊ ဦးသက်စိုးလှိုင် - ဒေါ်ခင်မျိုးမျိုး (S.A.T၊ အထက-၃၊ မုဒုံ)၊ ဗိုလ်ကြီးကိုကိုဇော်(ငြိမ်း) - ဒေါ်ဆွေသင်းကြူ၊ ဦးသူရ-ဒေါ်အေးအေးမော် (ရွှေကမ္ဘာရောင်းဝယ်ရေး)၊ ဦးလှမိုးအောင် (E/E, C.S.T-Hamburg Germany)-ဒေါ်ခိုင်စုစုမွန်၊ မောင်ကျော်ဇောလင်း၊ မဆုမြတ်မွန်(Partner Associates Int'L Co., Ltd.)၊ ဗိုလ်ကြီးအာကာကျော်(တနတ)၊ ဒေါက်တာဇင်လဲ့မွန်၊ မောင်စိုးမြအောင်တို့၏အဘွား၊ မြစ်ရှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၇-၁-၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၀၀း၁၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ၁နာရီတွင် မုဒုံမြို့ကန်ကြီးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်အုန်းမြင့် (အသုတ်မြို့)
အသက်(၈၆)နှစ်

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာယာကုန်းရပ်ကွက်၊ အောင်သပြေလမ်း၊ တိုက် ၂၇၊ အခန်း ၂၀၁နေ (ဦးဖိုးမှန်-ဒေါ်မယ်ကြွေ)တို့၏သမီး၊ [ဦးလှရွှေ(ခ)ဦးအောင်ငွေး]၏ဇနီး၊ ဦးအောင်မြင့်စိုး-(ဒေါ်သိန်းမြင့်ကြွယ်)၊ဦးသောင်းညွန့်-ဒေါ်ငွေးငွေးဝင်းတို့၏မိခင်၊ မသဲနန္ဒာအောင်၊ ဒေါက်တာအောင်အောင်စိုးထိုက်-မသဲမြတ်နွယ်၊ မောင်ဗိုလ်ဗိုလ်ကျော်၊ မောင်အောင်ဖြိုးပိုင်၊ မောင်မြတ်သူရတို့၏အဘွား၊ မောင်ပြည့်ဖြိုးသန့်ကို၊ မောင်အောင်ပြည့်မြတ်တို့၏ ဘွားဘွားကြီးသည် ၆-၁-၂၀၁၄ရက်(တနင်္လာနေ့) ည ၇း၄၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၇-၁-၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၂-၁-၂၀၁၄ရက်(တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးသန်းငွေး
သ/မဦးစီးအရာရှိ(ငြိမ်း)
ဒုတိယအထွေထွေမန်နေဂျာ
စိုက်/စုချုပ်
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ ၆လမ်း၊ အမှတ် ၁၀၅(B)နေ ဒေါ်ထွေးလှ၏ခင်ပွန်း၊ဦးရဲမင်းသန့်-ဒေါ်သီရိစန္ဒာ၊ ဦးမျိုးမင်းခန့်-ဒေါ်အိချိုဟံတို့၏ဖခင်၊ ဒီပါရဲရင့်နှင့်သုခခန့်ထည်တို့၏အဘိုးသည် ၇-၁-၂၀၁၄ရက်(အင်္ဂါနေ့)ညနေ ၄း၄၀နာရီတွင် ကွယ်လွန်သွားပါ၍ ၉-၁-၂၀၁၄ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
မြောင်းမြမြို့ ဝေဠုဝန်ကျောင်းတိုက်
ဆရာတော် ဦးသောဘန
သက်တော်(၉၃)နှစ်၊ သိက္ခာတော်(၇၄)ဝါ

ဘဝနတ်နန်းစံမြန်းတော်မူပြီးသော ဆရာတော်၏ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၅ခုနှစ် ပြာသိုလဆန်း ၁၁၊ ၁၂၊ ၁၃ရက်) ၁၁၊ ၁၂၊ ၁၃-၁-၂၀၁၄ရက်များတွင် သာဓုကီဠနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေးအပ်ပါသည်။

စျာပနကော်မတီ

ဘုရားဒါယကာကြီး
ဦးရာမလေး(ကွမ်းခြံကုန်း) အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၄ ရပ်ကွက်၊ ပြည်သာယာလမ်း၊ အမှတ် ၆၅၄နေ (ဒေါ်လှသင်)၏ခင်ပွန်း၊ ဦးမြင့်ဦးသစ်-ဒေါ်မြကြင်၊ ဦးမြင့်ထူး-ဒေါ်ငွေးငွေးအောင်၊ ဦးမြင့်အေး-ဒေါ်သန်းကြင်၊ ဦးမြင့်သိန်း-ဒေါ်စီစီ၊ ဦးမြင့်ဝင်း-ဒေါ်သန်းသန်းမြင့်၊ ဦးမြင့်ခင်-ဒေါ်ခင်နွယ်အေး၊ ဦးမြင့်လွင်-ဒေါ်ကြည်ကြည်ဦး၊ ဦးစိုးဝင်းအောင်-ဒေါ်မြင့်မြင့်ထွေးတို့၏ဖခင်ကြီး၊ မြေး ၁၇ယောက်၊ မြစ်နှစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၆-၁-၂၀၁၄ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားပါ၍ ၈-၁-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၅း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးဇော်မျိုးထွဋ် (ဂီတမှူး)
ထပ်ဆင့်အကယ်ဒမီ၊ မရွှိမလှိုင်းတေးဂီတ
အသက်(၅၄)နှစ်

ထပ်ဆင့်အကယ်ဒမီ ဦးဇော်မျိုးထွဋ် အသက်(၅၄)နှစ်သည် ၅-၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစုများ
မြန်မာ့ရုပ်ရှင်လုပ်ငန်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးအောင်စိန် (သန်လျင်)
အသက်(၇၇)နှစ်

သန်လျင်မြို့၊ အမှတ် ၁၆၊ ဇာတ်ရုံလမ်း၊ မြို့မမြောက်ရပ်ကွက်နှင့် ရန်ကုန်မြို့၊ အမှတ် ၂၅၊ အခန်း ၆၀၅-၆၀၆၊ ခြောက်လွှာ၊ ယုဇနစီးပွားရေးတာဝါ၊ ဓမ္မစေတီလမ်းနေ (ဦးအဖွယ်-ဒေါ်ကျင်မှုံ)တို့၏သား၊ ဒေါ်ညွန့်ညွန့်စိန်၏ခင်ပွန်း၊ (ဦးသီဟန်)-ဒေါ်ခင်ဝင်းမာ၊ ဦးတိုးဝါ-ဒေါ်လဲ့လဲ့ဝင်း၊ ဦးစိန်လွင်-ဒေါ်ဖြူဖြူခိုင်၊ ဒေါ်ခင်မြင့်မြင့်၊ ဦးသောင်းထိုက်-ဒေါ်လှယဉ်ဝင်းတို့၏ဖခင်၊ မြေးကိုးယောက်တို့၏ဘိုးဘိုးကြီးသည် ၇-၁-၂၀၁၄ရက်(အင်္ဂါနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါ၍ ၉-၁-၂၀၁၄ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဆရာမနော်စေးလာ
(မေရီချက်မင်း နားမကြားသောကလေးများကျောင်း)
အသက်(၆၀)

ရန်ကုန်မြို့၊ အမှတ် ၁၀၃၊ ရွှေဟင်္သာလမ်းသွယ် ၃၊ လှိုင်မြို့နယ်နေ (ဦးအေးမောင်-ဒေါ်ရွှေမြ)တို့၏သမီးငယ်၊ ဒေါ်သီတာ၊ (နော်ဖောဖော)၏ညီမ၊ ဒေါ်နော်အက်စတာ - ဦးစောမျိုးကြည် (Asia Beauty Palace Co.,Ltd.)၊ (စောမောင်မောင်ထူး)-ဒေါ်ဂျက်စမင်တို့၏ အဒေါ်၊ စောဂျွန်မျိုးကြည်၊ စောဒေးဗစ်မျိုးကြည်၊ စောဂျွန်ဒေးမျိုးကြည်၊ နော်ဂျူးလီယက်ဒါရီ၊ နော်ခရစ္စတင်းဒါရီတို့၏ အဘွားသည် ၇-၁-၂၀၁၄ရက် နံနက် ၂း၂၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၉-၁-၂၀၁၄ရက် (ကြာသပတေးနေ့)နံနက် ၉နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်နှင့် ဇေမာန္ဒေလ နှစ်ခြင်းဘုရားကျောင်း ဆူးလေမှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရားဒါယကာ
ဦးထွန်းအိ (ဝါးရုံဆိပ်)
အသက်(၈၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျီးတန်းတောင်အနောက်ရပ်ကွက်၊ ဦးကြွယ်ဟိုးလမ်း၊အမှတ် ၅၄ (က)၊ ရှစ်လွှာနေ (ဦးလှကြွယ်-ဒေါ်စိန်ညို)တို့၏သား၊(ဦးသိန်းမောင်-ဒေါ်နှင်းလှိုင်)တို့၏သားသမက်၊ (ဒေါ်တင်ရှိန်)၏ခင်ပွန်း၊ ဒေါက်တာသိန်းထွန်း(ပါမောက္ခဌာနမှူး ရူပဗေဒဌာန၊ တောင်ငူတက္ကသိုလ်)-ဒေါ်သန်းသန်းငွေး၊ (ဦးအေးထွန်း)-ဒေါ်အေးအေးမြင့်၊ ဒေါ်တင်တင်အေး(အလက-၂၊ဒေါပုံ)၊(ဦးမြင့်ထွန်း)-ဒေါ်စန်းနွဲ့၊ ဦးသန်းလှထွန်း-ဒေါ်သီတာ၊ (ဦးလှအေး)-ဒေါ်ဝါဝါအေး၊ ဒေါ်နွယ်နီအေး၊ဦးစိုးမြင့်သန်း(စာတည်း၊တာဝန်ခံ၊ စာပေဗိမာန်) - ဒေါ်စန္ဒာအေး (ကထိက မြန်မာစာဌာန၊ဒဂုံတက္ကသိုလ်)၊ ဦးမင်းရဲထွန်း(မင်းမင်းစိုးကဖီး) - ဒေါ်ခင်ခင်စိုး (ပန်းရွှေစင်အလှပြုပြင်ရေး)၊ ဦးသိန်းလွင် Deputy General Manager (Medical Group) Amtt Co.,Ltd.-ဒေါ်ယုဇနအေးတို့၏ဖခင်၊ မြေး ၁၇ယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၆-၁-၂၀၁၄ရက်(တနင်္လာနေ့)ည ၇း၄၇နာရီတွင် OSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ခင်ခင်ဦး
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်ရိပ်သာ၊တိုက်အမှတ် ၆၊ အခန်းအမှတ် ၉နေ (ဦးကျော်ဇံ၊ အယ်ဒီတာ၊ ငြိမ်း၊ မြန်မာ့အလင်းသတင်းစာ - ဒေါ်ခင်လှ)တို့၏သမီးကြီး၊ ဦးမောင်မောင်အေး-ဒေါ်သင်းသင်းအေး၊ (ဦးထိပ်တင်ဘုန်း)-ဒေါ်သန်းသန်းအေးတို့၏ အစ်မကြီး၊ တူ၊တူမခုနစ်ယောက်တို့၏ကြီးမေ၊ မြေးကိုးယောက်တို့၏ အဘွားသည် ၆-၁-၂၀၁၄ရက် ည ၉း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၄ ရက် နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R /488

mmalin.npt @ gmail.com, နှင့်
www. facebook.com/MYANMAALINNNEWS

ဂျပန်-မြန်မာ နှစ်နိုင်ငံလွှတ်တော်၊ အစိုးရနှင့် ပြည်သူအချင်းချင်းတို့ ကဏ္ဍစုံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

သတင်းစာမျက်နှာ ➤ ၃

၂၀၁၃ ခုနှစ်တွင် နှစ် ၁၀၀ အတွင်း မုန်တိုင်းကြီးများဝင်ရောက်မှု အများဆုံးဖြစ် ရာသီဥတုပြောင်းလဲမှုများ နောင်နှစ်ပေါင်း ၇၀ နီးပါးအထိ ဆက်လက်ဖြစ်ပေါ်နေမည်

သတင်း-ခင်ရတနာ

မဟာစင်မုန်တိုင်းမဝင်မီ အိန္ဒိယကမ်းခြေတစ်နေရာကို တွေ့ရစဉ်။ (The Hindu)

နေပြည်တော် ဇန်နဝါရီ ၇

ရာသီဥတုနှင့် မိုးလေဝသအခြေအနေများကို ခြုံငုံသုံးသပ်ခြင်းအားဖြင့် ၂၀၁၃ ခုနှစ်အတွင်း ရာသီဥတုပြောင်းလဲမှုများသည် လွန်ခဲ့သည့် နှစ်ပေါင်း ၁၀၀ အတွင်း စံချိန်တင်ပြောင်းလဲခဲ့ကာ ထိုပြောင်းလဲမှုများသည် ယခုအချိန်မှစတင်၍ နောင်ဆယ်စုနှစ် ခုနစ်ခုနီးပါးတိုင် ဆက်လက်ပြောင်းလဲသွားနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ပြီးခဲ့သည့် ၂၀၁၃ ခုနှစ် တစ်နှစ်တာ၏ မိုးလေဝသနှင့်ဇလဗေဒအခြေအနေများကို ခြုံငုံသုံးသပ်ကြည့်ရာတွင် မုန်တိုင်းရှစ်ကြိမ်ဖြစ်ပေါ်ပြီး မဟာစင်၊ ဖိုင်လင်း၊ ဟဲလန်၊ မဒီနှင့်လီဟာကဲ့သို့ အမည်ပေးမုန်တိုင်းငါးခုနှင့် မုန်တိုင်းငယ်သုံးခု၊ ဆိုင်ကလုန်းမုန်တိုင်း ၁၀ ကြိမ်ခန့် ဖြစ်ပေါ်ခဲ့ပြီး ယင်းတို့မှာလည်း နှစ်ပေါင်း ၁၀၀ အတွင်း မုန်တိုင်းကြီးဝင်ရောက်မှု အမြင့်ဆုံးနှစ်အဖြစ် သတ်မှတ်ခဲ့ကြသည်။

“မိုးလေဝသ ဖြစ်စဉ်တွေက လျင်လျင်မြန်မြန် ဖြစ်ပွားခဲ့ပါတယ်။ အဓိကအကြောင်းက ကမ္ဘာကြီးပူနွေးလာခဲ့လို့ ဖြစ်ပါတယ်။ ကျွန်တော်တို့ တစ်ကမ္ဘာလုံးက လူသားတွေ စုပေါင်းပြီး ရာသီဥတုပြန်လည်ကောင်းမွန်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြလျှင် ၁၉၇၇ ခုနှစ်ရဲ့ ရှေ့ပိုင်းက ရာသီဥတုမျိုးကို ပြန်ရဖို့အတွက် နှစ် ၂၀၀ ကျော် စောင့်ဆိုင်းကြရတော့မှာ ဖြစ်ပါတယ်”ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးချစ်ကျော်က ပြောကြားသည်။

၂၀၁၃ ခုနှစ်အတွင်း များပြားသည့် မုန်တိုင်းများကြောင့် မြန်မာနိုင်ငံ၏ ရာသီဥတုဖြစ်စဉ်များတွင် အကျိုးဆက်များ ကြုံတွေ့ကြရပြီး လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်မှု အရေအတွက်မှာလည်း ယမန်နှစ်များထက် ပိုမိုများပြားလာခဲ့ကာ ၂၀၁၃ တစ်နှစ်လုံးတွင် မိုးရေချိန် စံချိန်သစ်တင်မှု ၂၅ ကြိမ် ထွက်ပေါ်ပြီး ရွာသွန်းသည့် မိုးရွာသွန်းမှုစနစ်များသည်လည်း သိသိသာသာ ပြောင်းလဲလာခဲ့သည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ◆

ဓာတ်ငွေ့ယိုစိမ့်ပြီး မီးလောင်ခဲ့သည့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း ပြုပြင်ပြီးစီး

နေပြည်တော် ဇန်နဝါရီ ၇

ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမြို့နယ် ငမိုးရိပ်တံတားအနီးရှိ ဒဂုံမြို့သစ်(မြောက်ပိုင်း)နှင့် တောင်ဥက္ကလာပမော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်များသို့ ဆက်သွယ်ထားသည့် လေးလက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်းသည် ဆွေးမြည့်မှုကြောင့် သဘာဝဓာတ်ငွေ့ယိုစိမ့်ပြီး ဇန်နဝါရီ ၅ ရက် ည ၁၁ နာရီခန့်တွင် မတော်တဆ မီးလောင်မှုဖြစ်ပွားခဲ့သည်။ ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့သဖြင့် ဇန်နဝါရီ ၆ ရက် နံနက် ၁ နာရီခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

စွမ်းအင်ဝန်ကြီးဌာနက မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ဖြန့်ဖြူးရောင်းချမှု မထိခိုက်စေရေးအတွက် ပိုက်လိုင်းပြုပြင်ခြင်း လုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၆ ရက်မွန်းလွဲ ၂ နာရီတွင် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်အမှတ်(၀၀၆) ဒဂုံမြို့သစ်(မြောက်ပိုင်း)မှ သဘာဝဓာတ်ငွေ့ပုံမှန်အတိုင်း ပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ပိုက်လိုင်းပြုပြင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ရာ ည ၇ နာရီခွဲခန့်တွင် ပြီးစီးခဲ့သဖြင့် ည ၁၀ နာရီမှစ၍ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်အမှတ်(၀၁၇) တောင်ဥက္ကလာပမှ သဘာဝဓာတ်ငွေ့များ ပုံမှန်အတိုင်း ပြန်လည်ရောင်းချပေးလျက်ရှိသည်။ **(မြန်မာ့အလင်း)**

ယနေ့ မာတိကာ

ဟိုပုံးမြို့၌ သံကူကွန်ကရစ်တံတား တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက် စာ - ၃

ဟောင်ကောင်ရုပ်ရှင်ဖခင်ကြီးရန်ရန်ရှော အသက် ၁၀၇ နှစ်တွင်ကွယ်လွန် စာ - ၄

ရီးရဲမက်ဒရစ်အတွက် နိုင်ပွဲရဦးမယ့် စပိန်ဘုရင့်ဖလားပွဲစဉ် စာ - ၅

ရွှေဘို - မြစ်ကြီးနားသွား ကားလမ်းဘေး နာနတ်စိုက်ပျိုးသူများ တိုးချဲ့လုပ်ကိုင် စာ - ၁၂

ရာသီအလိုက် စားသုံးသင့်သော အသီးအနှံများ စာ - ၁၅

ဘုရင့်နောင်အမှတ်(၂)တံတားတည်ဆောက်မှု သံပေါင်တပ်ဆင်ရာတွင် ရေလမ်းကြောင်း လွှဲပြောင်းထိန်းသိမ်းမှုများ ပြုလုပ်သွားမည်

သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မျိုးမင်းသိန်း(မရမ်းကုန်း)

ရန်ကုန် ဇန်နဝါရီ ၇

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဘက်ကမ်းနှင့် လှိုင်သာယာဘက်ကမ်းတို့ကို လှိုင်မြစ်ကိုဖြတ်ကျော်၍ ကုန်စည်စီးဆင်းမှုများ အဆင်ပြေစေရန်နှင့် ယာဉ်ကြောကျပ်တည်းမှုများဖြေလျှော့မှု အထောက်အကူပြုစေရန် ဘုရင့်နောင်အမှတ်(၂)တံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူတည်ဆောက်လျက်ရှိရာ ၇၈ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ပြီး မကြာမီ သံပေါင်များ တပ်ဆင်တော့မည်ဖြစ်၍ လှိုင်မြစ်အတွင်း ခုတ်မောင်းသွားလာနေသည့် ရေယာဉ်ကြီး/ငယ်များကို ရေလမ်းကြောင်းလွှဲပြောင်းထိန်းသိမ်းမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဘုရင့်နောင်အမှတ်(၂) တံတားကို တာဝန်ယူတည်ဆောက်လျက်ရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန အထူးစီမံကိန်းကြီးအဖွဲ့ (၅)မှ

စာမျက်နှာ ၉ ကော်လံ ၃ ❐

တည်ဆောက်လျက်ရှိသည့် ဘုရင့်နောင်အမှတ်(၂)တံတား ရေလမ်းကြောင်းနေရာကို တွေ့ရစဉ်။